# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်　　၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၂၁]


## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည်　စိတ်ရှည်တတ်၏။
မေတ္တာသည်　ကျေးဇူးပြုတတ်၏။
မေတ္တာသည်　ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည်　ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည်　မာန်မာနထားခြင်းမရှိ။
မေတ္တာသည်　မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည်　ကိုယ်ကျိုးမရှာတတ်။



အောက်တိုဘာ ၂၀ ရက်က ညောင်ရွှေမြို့သို့ အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီပူဇော်ခံသည့်အထိမ်းအမှတ် အင်းသားရိုးရာလှေပြိုင်ပွဲကျင်းပစဉ်။
မောင်မောင်သန်း(တောင်ကြီး)

### ယနေ့ ပတ်စာရာ

**ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်မှုကိုထိန်းချုပ်ရန် ဆလိုဗေးနီးယားအစိုးရတပ် အသုံးပြုမည်ဆို**

စာမျက်နှာ ၄

**ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌပြောသည့် ပြည်ပနိုင်ငံများမှ ကြိုတင်မဲပေးရာတွင် ကြုံတွေ့သည့် အခက်အခဲများ**

စာမျက်နှာ ၁၀

# ဒေါ်လာသုံးစွဲမှု ကန့်သတ်ခြင်းဖြင့် မြန်မာ့ကျပ်ငွေတန်ဖိုးမြင့်ကာ ငွေကြေးဖောင်းပွမှု ကာကွယ်နိုင်မည့်အလားအလာ

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

**နေပြည်တော်　အောက်တိုဘာ　၂၀**

မြန်မာ့ငွေကြေးဈေးကွက် ခိုင်မာရေးနှင့် နိုင်ငံခြားငွေကြေးသုံးစွဲမှု စိစစ်ရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က နိုင်ငံခြားသုံးငွေများ လက်ခံကိုင်ဆောင်ခွင့်လိုင်စင်ကို ရုပ်သိမ်းလိုက်ခြင်းကြောင့် လုပ်ငန်းရှင်များအတွက် အခက်အခဲ အနည်းငယ်ရှိနိုင်သော်လည်း မြန်မာငွေတန်ဖိုး ပိုမိုခိုင်မာလာနိုင်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်သည်။

ပို့ကုန်နှင့်သွင်းကုန် မမျှတခြင်းကြောင့် ဒေါ်လာတန်ဖိုးသည် မြင့်တက်လျက်ရှိပြီး ပြည်တွင်းကျပ်ငွေတန်ဖိုးများကျဆင်းနေချိန်တွင် ဗဟိုဘဏ်က အောက်တိုဘာ ၁၃ ရက်ကစတင်ကာ နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင်ကို ရုပ်သိမ်းခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်က လိုင်စင်များ ပြန်လည်အပ်နှံခွင့်ပြုနေပြီဖြစ်ကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က အတည်ပြုပြောကြားသည်။

"ဒေါ်လာဝယ်လိုအားကို လျော့နည်းသွားစေပါလိမ့်မယ်။ ဗဟိုဘဏ်ရဲ့ညွှန်ကြားချက်ကို ထောက်ခံသူရှိသလို ဒေါ်လာလက်ခံကိုင်ဆောင်ခွင့်ပြုထားတဲ့လုပ်ငန်းရှင်တွေက ဒေါ်လာနဲ့ကြိုတင်ပေးချေတာ၊ လက်ခံထားတာမျိုးတွေလည်းရှိလို့ လုပ်ငန်းရှင်တချို့က ပြောဆိုတာတွေတော့ ရှိနေပါတယ်။ သို့သော် ဒါက နိုင်ငံတကာရဲ့ လုပ်ဆောင်ချက်တွေထဲက တစ်ခုဖြစ်ပါတယ်။ နိုင်ငံအများစုမှာ နိုင်ငံတော်ငွေကြေးကိုသာ ကိုင်ဆောင်သုံးစွဲကြရပါတယ်။ အဲဒီတော့ ကိုယ့်တိုင်းပြည်မှာလည်း ကိုယ့်ပိုက်ဆံကိုသုံးကြမယ်ဆိုရင် ဒေါ်လာလိုအပ်ချက် လျော့သွားမှာဖြစ်လို့ ကောင်းတဲ့ညွှန်ကြားချက်လို့ မြင်တယ်။ သို့သော် လုပ်ငန်းရှင်တွေအနေနဲ့ ကူးပြောင်းသုံးစွဲတဲ့ကာလမှာ အခက်အခဲတွေတော့

စာမျက်နှာ ၁၄ ကော်လံ ၁ ✻







## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်

၂၀၁၅ ခုနှစ်သည်ကား မြန်မာပြည်သူတစ်ရပ်လုံးအတွက် ထူးခြားပြီး နိုင်ငံရေးအနှစ်သာရကို ဖော်ဆောင်နိုင်မည့် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပမည့်နှစ် ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတသော ရွေးကောက်ပွဲကြီးကျင်းပပေးနိုင်မည့်နှစ် ဖြစ်ပါသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားနှင့်အညီ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမည့်နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသွားရန် သတ်မှတ်ထုတ်ပြန်ထားပါသည်။ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ၎င်းထုတ်ပြန်ချက်အရ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၆၄ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရသည်။

ယခုအခါ နိုင်ငံရေးပါတီအသီးသီးက နိုင်ငံနှင့်အဝန်း မဲဆွယ် စည်းရုံးမှုများကို ပြုလုပ်နေကြပြီ ဖြစ်ပါသည်။ မဲဆွယ်စည်းရုံးမှုများသည် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများ၊ ဥပဒေများနှင့်အညီသာ မဲဆွယ်စည်းရုံးခွင့်ရှိပါသည်။

၎င်းနေရာတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အမည်ဆန္ဒမဲပေးရေးသည် အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးအမြင်ကျယ်ပြီး ရိုးသားဖြောင့်မတ်၍ ရဲဝံ့ပြတ်သားစွာ ပြည်သူ့အကျိုး သယ်ပိုးမည့်သူများ ရွေးကောက်ခံအမတ်လောင်းများ ဖြစ်သင့်သည်ဟု ယူဆမိပါသည်။ နိုင်ငံရေးပါတီများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရာတွင် အချို့က အငြိမ်းစားအရာရှိကြီးများကို ရွေးချယ်ကြသည်။ အချို့က ငွေကြေးချမ်းသာသူများကို ရွေးချယ်စာရင်းပေးကြသည်။ အချို့က ငယ်ရွယ်ပြီး ခေတ်အမြင် ရှိသူများကို ရွေးချယ်ကြသည်။ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်စေကာမူ အဓိကအားဖြင့် နိုင်ငံတော်၏ခက်မသုံးဖြာဖြစ်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့တွင် ကျွမ်းကျင်နှံ့စပ်ပြီး အမှန်တကယ် ပြည်သူ့အကျိုးစီးပွားကို အလေးထား၍ စီးပွားရေး၊ အလုပ် အကိုင်အခွင့်အလမ်းအစရှိသဖြင့် နိုင်ငံတော်ကိုအမြန်ဆုံးတိုးတက်အောင် ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းပြည့်ဝသော အမတ်လောင်း၊ အမတ်ကောင်းများကို စိစစ်ရွေးထုတ်တင်မြှောက်အပ်ပေကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ် ရက်တိုသင်တန်းဖွင့်



**မြိတ် အောက်တိုဘာ ၂၀**

ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ ဘာသာရပ် ရက်တိုသင်တန်းကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက GRAND JADE ဟိုတယ်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားသည်။

"သင်တန်းတက်ရောက်တာက ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းကို စိတ်ဝင်စားပြီး နိုင်ငံခြားသားခရီးသွားများကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် တက်ရောက်တာပါ" ဟု သင်တန်းကို စိတ်ဝင်စား၍ တက်ရောက်လာသူ အောင်မင်္ဂလာရပ်နေ ဒေါ်အေးအေးမြင့်က ပြောကြားသည်။

မြိတ်ဒေသသို့ လာရောက်ကြမည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ကျေနပ်မှုရရှိစေရန် ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝပေးနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားခရီးသွားများ အနေဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မြိတ်) ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

သင်တန်းတွင် ဧည့်ကြိုဘာသာရပ်၊ ဧည့်ခန်းဆောင်ထိန်းသိမ်းရေး ဘာသာရပ်နှင့် အစားအစာနှင့် ဧည့်ခံကျွေးမွေးရေးဘာသာရပ်ကို ဟိုတယ်များမှ သင်တန်းသားဝန်ထမ်း ၅၀ နှင့် စိတ်ဝင်စားသူ ၂၇ ဦးကို အောက်တိုဘာ ၁၉ ရက်မှ ၃၁ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ကွင်းဆင်းကြီးကြပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိ မြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ မှာကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ကျန်းမာရေးဆောင်ရွက်ထားရှိမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပျဉ်းမနားတီဘီတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ထွန်းကျော်စိုးက ဇမ္ဗူသီရိမြို့နယ်၏ တီဘီရောဂါတိုက်ဖျက်ရေး ဆောင်ရွက်မှု လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း ၃၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

## ထင်သာမြင်သာပြုပြင်စရာ

# ဖုန်းတာဝါတိုင်စိုက်ထူအသုံးပြုနိုင်ရန် ဒေသခံတို့မျှော်လင့်

**နတ်မောက် အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတော ကျေးရွာတွင် ဖုန်းတာဝါတိုင်များ စိုက်ထူအသုံးပြုနိုင်ရန် ဒေသခံပြည်သူများနှင့်၎င်းဒေသတွင် တာဝန်ထမ်းဆောင်နေရသော အနယ်နယ်အရပ်ရပ်မှ ဝန်ထမ်းများက ၎င်းတို့၏ မိဘဆွေမျိုးများထံ ဆက်သွယ်ပြောဆိုနိုင်ရန် မျှော်လင့်နေကြောင်း သိရသည်။

ရွှေပန်းတောကျေးရွာသည် တိုက်နယ်အဖြစ်သတ်မှတ်ထားသော ကျေးရွာ ဖြစ်သည်နှင့်လျော်ညီစွာ တိုက်နယ်ဆေးရုံ၊ ရဲတပ်ဖွဲ့စခန်း၊ အခြေခံပညာအထက်တန်းကျောင်း (စာစစ်ဌာနရရှိပြီး) ကျေးလက်ဒေသ ကျန်းမာရေးဌာန ငါးခု၊ ရွာပေါင်း ၄၃ ရွာရှိသည်။ ရွှေပန်းတောမှ နတ်မောက်၊ မကွေး၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ ပျော်ဘွယ်မြို့များသို့ နိုင်ငံတော်မှ ဖောက်လုပ်ပေးထားသော ကတ္တရာ ကားလမ်းများလည်းရှိသည်။ ရွှေပန်းတောမှ တောင်ဘက် ၁၀ မိုင်အကွာတွင် လည်းကောင်း၊ အရှေ့ဘက် ၁၂ မိုင်အကွာတွင် လည်းကောင်း၊ အနောက်ဘက် ၈ မိုင်အကွာတွင် လည်းကောင်း တာဝါတိုင်များရှိရာ ၎င်းနေရာ ဘက်ရောက်လျှင် ဆက်သွယ်ပြောဆို၍ ရပါသည်။

ရွှေပန်းတောဒေသတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းပေါင်းစုံနှင့်ဒေသခံပြည်သူတို့ ဖုန်းပြောဆိုနိုင်အောင် သက်ဆိုင်ရာက ဆောင်ရွက်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

# မုခ်ဦးအား ထိန်းသိမ်းစောင့်ရှောက်စေလို

**တာချီလိတ် အောက်တိုဘာ ၂၀**

တာချီလိတ်မြို့ရှိ အမှတ်(၁) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားသည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အားဆက်သွယ်ထားသည့် ဝင်ပေါက်တစ်ခုဖြစ်သလို နိုင်ငံတကာမှ ဧည့်သည်များလည်း နေ့စဉ်နှင့်အမျှ ဝင်ထွက်သွားလာနေကြသည့် မုခ်ဦးတစ်ခုဖြစ်သည်။

သို့ရာတွင် အမှတ်(၁) ချစ်ကြည်ရေးတံတားထိပ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဝင်မုခ်ဦးမှာ ပုံတွင် သစ်ကိုင်းများဖုံးကွယ်နေပြီး အမြင်မတင့်တယ်သောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သလို ပြုပြင်မှု ပြုလုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**မောင်ယဉ်ကျေး**




# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၀-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၃ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၆.၈၉ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅.၂၉ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ အမျိုးသားနိုင်ငံရေးနှင့် နိုင်ငံ့အရေးကိစ္စများတွင် မှန်မှန်ကန်ကန်တာဝန်ထမ်းဆောင်





**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာများ ပိုကောင်းသည်ထက်ကောင်းအောင်၊ ပြည်သူလူထုမှ တပ်မတော်အပေါ် ပိုမိုယုံကြည်အားကိုးလာအောင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရင်း အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် သမိုင်းနှင့်ယှဉ်၍ နိုင်ငံ၏ဖြစ်ပေါ် ပြောင်းလဲမှုများတွင် တပ်မတော်မှ ဆောင်ရွက်ခဲ့မှုများကို မပျက်မယွင်းရအောင် ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှိ သင်တန်းခန်းမ၌ အရာရှိ၊ စစ်သည်များအား အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံး/ဌာနများနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်များ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားများ စုစုပေါင်း ၇၁၄ ဦး တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သမိုင်းသည် နိုင်ငံတော်သမိုင်းနှင့် ခွဲခြား၍ မရကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် သန္ဓေတည်ခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်မှ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးအတွက် ဂျပန်တွင် စစ်ပညာသင်ကြား၍ ထိုင်းနိုင်ငံအတွင်း တပ်မတော် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ လွတ်လပ်ရေးကိုလည်း တပ်မတော်ဦးဆောင်မှုဖြင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းမှုဖြင့် ရယူခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့် အတူ ပေါက်ဖွားလာသည့် ရလဒ်တစ်ခုမှာ ပြည်တွင်းသောင်းကျန်းမှုပင်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို တာဝန်ယူထိန်းသိမ်းခဲ့ရသည့်ဖြစ်စဉ် သုံးကြိမ်ရှိကြောင်း၊ ၁၉၅၈ ခုနှစ်တွင် တိုင်းပြည်၏ ယိုးယွင်းလာသည့် အခြေအနေကြောင့် အာဏာရအစိုးရ၏ ဝန်ကြီးချုပ်မှ ကာကွယ်ရေးဦးစီးချုပ်ကို အာဏာလွှဲပေးခြင်း ဖြစ်ကြောင်း၊ ၁၉၆၂ ခုနှစ်တွင် တိုင်းပြည်၏ အခြေအနေအရပ်ရပ်ကြောင့် တပ်မတော်မှ အာဏာသိမ်းခဲ့ရကြောင်း၊ ၁၉၈၈ ခုနှစ်တွင် အုပ်ချုပ်မှုယန္တရားပျက်ပြားပြီး နိုင်ငံအဝန်းမငြိမ်မသက်မှုများ ... လုယက်၊ သတ်ဖြတ်၊ ဖျက်ဆီးမှုများကြောင့် တပ်မတော်မှ ဝင်ရောက်ထိန်းသိမ်းခဲ့ရခြင်း ဖြစ်ကြောင်း၊ လွတ်လပ်ရေးထိန်းသိမ်းခဲ့ရမှု ဖြစ်စဉ်ဖြစ်ရပ်များတွင် တပ်မတော်အနေဖြင့် အသက်ခန္ဓာ၊ သွေးချွေးများစွာ ပေးဆပ်ခဲ့ရကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားပြည်သူအကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အမျိုးသားနိုင်ငံရေး အကြောင်းအရာများ ဖြစ်ကြောင်း၊ ယင်းအမျိုးသားနိုင်ငံရေး အကြောင်းအရာများကို လုပ်ဆောင်ခြင်းသည် နိုင်ငံ့အရေး တာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့အရေး တာဝန်ထမ်းဆောင်ရာတွင် ပြည်သူများအနေဖြင့်လည်း ဒီမိုကရေစီစနစ်ကျစွာ မှန်မှန်ကန်ကန်လုပ်ဆောင်ကြရန် တာဝန်ရှိကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များအား လူရွေးမမှားရန်လိုအပ်ကြောင်း၊ တပ်မတော်သားမိသားစုများအနေဖြင့်လည်း မဲဆန္ဒပေးရွေးချယ်ရာတွင် နိုင်ငံနှင့် ဒေသကို အကျိုးပြုမည့်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး အမြင် လေးမြင်ရှိသူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ တပ်မတော်အပေါ် စာနာနားလည်မှုရှိသူ၊ အမျိုးဘာသာသာသနာကို မှန်မှန်ကန်ကန်နှင့် စနစ်တကျ ထိန်းသိမ်းနိုင်သူ၊ ပြည်ပအဖွဲ့အစည်း၊ နိုင်ငံခြားသားများ၏ တစ်နည်းနည်းအားဖြင့် လွှမ်းမိုးမှုမရှိသူများကို စဉ်းစားရွေးချယ်ရန် အကြံပြုလိုကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့အရေးတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင်သုံးရပ်သည်လည်း မှန်ကန်ညီညွတ်ရန်လိုအပ်ကြောင်း၊ ယင်းသို့ မှန်ကန်စွာလုပ်ဆောင်နိုင်ရန် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နိုင်ငံတော်ကာကွယ်ရေးအခန်းကဏ္ဍပါဝင်လာကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် ပြည်သူလူထုအနေဖြင့်လည်း စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုအခါတွင် မိမိသဘောဆန္ဒအလျောက် စစ်မှုထမ်းဆောင်ခြင်းကို ဆောင်ရွက်နေသော်လည်း နောင်တစ်ချိန်တွင် နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရစနစ်အရ အချိန်ကာလ အပိုင်းအခြားတစ်ခုဖြင့် စစ်မှုထမ်းဆောင်ရမည်ဖြစ်ပြီး ဆန္ဒရှိပါက အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်ထမ်းဆောင်နိုင်မည်ဖြစ်၍ ယင်းအတွက်လည်း ကြိုတင်ပြင်ဆင်ရန် လိုအပ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးခဲ့သည်ကို သတိပြုစေလိုကြောင်း။

စစ်မှုထမ်းများ၏ ဘဝနောင်ရေးစိတ်အေးရစေရန် စစ်မှုထမ်းဟောင်းအိမ်ရာများ၊ စစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာများကို ဆောက်လုပ်လျက်ရှိကြောင်း၊ တပ်မတော်တွင် နှစ်ရှည်လများ ပြစ်မှုကင်းရှင်းစွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့သည့် အရာရှိ၊ စစ်သည်များကိုလည်း ရာထူးအဆင့်များ တိုးမြှင့်ပေးခြင်းဖြင့် အကျိုးခံစားခွင့် ပိုမိုရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်နှင့်ပတ်သက်ပါက ပြည်သူသာအမိ ပြည်သူသာအဖဖြစ်သကဲ့သို့ တပ်မတော်သားတစ်ယောက်အနေဖြင့် တပ်မတော်သာအမိ တပ်မတော်သာအဖအဖြစ် အားကိုးမှုရှိအောင် ဆောင်ရွက်ပေးနေသည်ကို သိရှိပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ အမျိုးသားနိုင်ငံရေးနှင့် နိုင်ငံ့အရေးကိစ္စများတွင် မှန်မှန်ကန်ကန်တာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၆ ပါတီ၊ လူမှုအဖွဲ့အစည်း ၅၁ ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းကိုးဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းမှန်ကန်ရေးအတွက် ကော်မရှင်အနေဖြင့် အခြေခံမဲစာရင်းကို ပြုစုဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှန်ကန်မှုသည် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် မူတည်ပါကြောင်း။

နိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံခြားသံရုံးအသီးသီးတွင် ကြိုတင်ဆန္ဒမဲပေးနေပြီဖြစ်ကြောင်း၊ ပြည်ပရောက် မဲဆန္ဒရှင်များ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း၌လည်း အောက်တိုဘာ ၂၉ ရက်မှစ၍ နိုဝင်ဘာ ၇ ရက်အထိ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်နေသော မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးများတွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ကြိုတင်မဲပေးခွင့်ပြုထားကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မီဒီယာများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲစောင့်ကြည့်ရေး ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် တာဝန်ရှိသူမှ ထောက်ခံပေးပါက ၁၀ ရက်ကြိုတင်မဲပေးနိုင်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်များတွင် မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်မဲပေးခွင့်ရှိသူများ ကြိုတင်မဲပေးနိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် တံဆိပ်တုံးနှိပ်ပြီး မဲပေးရမည်ဖြစ်၍ အခက်အခဲမရှိစေရန် မဲရုံဝင်ပေါက်၌ စမ်းသပ်ရိုက်နှိပ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်တစ်ဦးတည်းက နှစ်ကြိမ်မဲပေးခြင်းမဖြစ်စေရန် လက်သန်း သို့မဟုတ် လက်ချောင်းတစ်ချောင်းချောင်းကို နှစ်ရက်ခန့် မပျက်နိုင်သည့် မင်အမှတ်အသားပြုလုပ်သည့်စနစ် ဆောင်ရွက်ထားကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ လူပုဂ္ဂိုလ်များအနေဖြင့် မဲရုံများကို စောင့်ကြည့်လေ့လာသည့်အခါ လျှို့ဝှက်မဲပေးမှုစနစ် မထိခိုက်စေရန်နှင့် မဲပေးခြင်းလုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်သူများ၊ မဲဆန္ဒရှင်ပြည်သူများအတွက် အနှောင့်အယှက်မဖြစ်အောင် သတ်မှတ်ထားသည့် ကျင့်ဝတ်များ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဆန္ဒမဲရေတွက်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် သက်သေများရှေ့မှောက်တွင် ဆန္ဒမဲပေးခြင်းပြီးလျှင်ပြီးချင်း ဆောင်ရွက်မည်ဖြစ်ပြီး ရလဒ်များ ကြေညာခြင်းကိုလည်း မဲရုံများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ရေတွက်ပြီးလျှင်ပြီးချင်း ကပ်ထားကြေညာမည်ဖြစ်ပြီး ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ယင်းနောက် IFES မှ Mr. Paul Guerin က မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ညွှန်ကြားချက်၊ လိုက်နာရန်အချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က ရွေးကောက်ပွဲရလဒ်များကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသော နိုင်ငံရေးပါတီများက ဆက်လက်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး IFES မှ Mr. Paul Guerin က မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် လူမှုအဖွဲ့အစည်းများမှ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ထူးကဲဒီရေတက်မည်

**နေပြည်တော် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၂၆ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၄ ပေခန့်မှ ၂၁ ဒသမ ၁၃ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ကြေညာခြင်း ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

**(သတင်းစဉ်)**

# ပဲခူးမြို့နယ်ရဲတပ်ဖွဲ့ အထူးရဲသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပဲခူး အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ပဲခူးခရိုင် ပဲခူးမြို့နယ်ရဲတပ်ဖွဲ့ အထူးရဲသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီ က ပဲခူးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေး၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ ရဲဦးစီးပထမတန်း ဒုတိယရဲမှူးကြီး အောင်ဆန်းဝင်း၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အထူးရဲသင်တန်းသား စုစုပေါင်း ၄၅၀ တက်ရောက်သည်။ အခမ်းအနားတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး အထူးရဲသင်တန်းကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# ကနေဒါ အတိုက်အခံပါတီ လက်ရှိဝန်ကြီးချုပ်ဟာပါကို အနိုင်ယူ



**အောက်တိုဘာ ၂၀**

ကနေဒါအထွေထွေ ရွေးကောက်ပွဲ၌ ဂျက်စတင် ထရူဒိုးရှ် ဦးဆောင်သော အတိုက်အခံ လစ်ဘရယ်ပါတီသည် အောက်တိုဘာ ၁၉ ရက်က ကွန်ဆာဗေးတစ်ပါတီမှ ဝန်ကြီးချုပ် စတီဖင်ဟာပါကို အနိုင်ရရှိခဲ့ကြောင်း အောက်တိုဘာ ၂၀ ရက်တွင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ကနဦးရလဒ်များအရ သိရသည်။ ဝန်ကြီးချုပ်စတီဖင်ဟာပါသည် ရှုံးနိမ့်ကြောင်း ဝန်ခံခဲ့ပြီး ကွန်ဆာဗေးတင်ပါတီသည် ၎င်း၏ နုတ်ထွက်ခြင်းကို ကြေညာခဲ့သည်။ **(ဆင်ဟွာ)**

# ဟာဝိုင်ယီအိမ်ခြေမဲ့များကို ကူညီပေးရန်အရေးပေါ်အခြေအနေတစ်ခုထုတ်ပြန်

**ဟာဝိုင်ယီ အောက်တိုဘာ ၂၀**

အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပေါ်နေသော အိုးအိမ်မဲ့အကျပ်အတည်း ပဋိပက္ခကြောင့် ဟာဝိုင်ယီမြို့တော်ဝန်သည် အရေးပေါ်အခြေအနေတစ်ခုကို ကြေညာခဲ့သည်။

ဟာဝိုင်ယီတစ်ခုတည်းတွင် အိုးအိမ်မဲ့ပေါင်း ၇၆၀၀ ကျော် နေထိုင်သည်ဟု ခန့်မှန်းထားသည်။ ၎င်းထဲတွင် ကလေးငယ် ၄၄၀အပါအဝင် အခြား ၃၈၀၁ ဦးမှာနားခိုစရာသို့မဟုတ် ခိုကိုးရာမဲ့နေကြောင်း သိရသည်။

အိုးအိမ်မဲ့များအတွက် ခိုလှုံစရာနေရာ စီစဉ်ပေးရန် ဟာဝိုင်ယီမြို့တော်ဝန်က အရေးပေါ်ကြေညာချက်တစ်ရပ်ကို လွန်ခဲ့သောရက်က ထုတ်ပြန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ အခြားပြည်နယ်များအနက် ဟာဝိုင်ယီသည် အိမ်ခြေမဲ့များ အများဆုံးနေထိုင်ရာ နေရာဖြစ်ကြောင်း ဟာဝိုင်ယီမြို့တော်ဝန် ဒေးဗစ်အိုင်ဂျီက ပြောခဲ့သည်။ ဟာဝိုင်ယီသည် အဆိုပါအခြေအနေများအတွက် ဆောင်ရွက်ချက်တစ်ခုခုပြုလုပ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ အဆိုပါ အိမ်ခြေမဲ့များအတွက် နေထိုင်စရာ ပြုလုပ်ရာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း သုံးစွဲမည်ဖြစ်ကြောင်း သိရပြီး ဒုက္ခသည် ထောက်ပံ့ကူညီရေး အရေးပေါ်အခြေအနေများကို ထပ်မံတိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ရွှေ့ပြောင်းနေထိုင်သူများဝင်ရောက်မှုကို ထိန်းချုပ်ရန် ဆလိုဗေးနီးယားအစိုးရတပ်အသုံးပြုမည်ဆို

**ဆလိုဗေးနီးယား အောက်တိုဘာ ၂၀**

ဟန်ဂေရီက ၎င်း၏ နယ်စပ်ကို ပိတ်လိုက်ပြီးနောက် ခရိုအေးရှားနိုင်ငံအတွင်းသို့ ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများ ရောက်ရှိလျက်ရှိရာ ဆလိုဗေးနီးယားပါလီမန်က အင်္ဂါနေ့နှောင်းပိုင်းတွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ကို ကူညီရန် တပ်ကို အသုံးပြုမည့် ဥပဒေတစ်ရပ်အား အတည်ပြုဖွယ်ရှိသည်။

တနင်္လာနေ့က ဆလိုဗေးနီးယားပိုင်နက်နယ်မြေအတွင်း လူပေါင်း ၈၀၀၀ ဝင်ရောက်ခဲ့ပြီးနောက် ယမန်နေ့ညပိုင်းက ကာကွယ်ရေး ဥပဒေတစ်ရပ်ကိုဆလိုဗေးနီးယားအစိုးရက လွှတ်တော်သို့တင်ပြခဲ့သည်။ ယင်းတို့အနက်မှ လူပေါင်း ၂၀၀၀ ခန့်သာ ဩစတြီးယားနိုင်ငံအတွင်း ဝင်ရောက်ခဲ့သည်ဟုဆိုသည်။




"ဒီအခြေအနေမှာ နယ်စပ်ကို ခိုင်မာအောင် ထိန်းချုပ်သွားနိုင်ဖို့ လိုပါပြီ"ဟု ဝန်ကြီးချုပ်မီရိုစီရာက ဆလိုဗေးနီးယား ရေဒီယိုသို့ ပြောသည်။ ဆလိုဗေးနီးယားအစိုးရအနေဖြင့် အဆိုပါဥပဒေနှင့်ပတ်သက်၍ အသေးစိတ် မပြောနိုင်သော်လည်း အလုံးအရင်းဖြင့် စုပြုံဝင်ရောက်လာသော ရွှေ့ပြောင်းနေထိုင်သူများကို ထိန်းချုပ်ရမည်ဖြစ်ကြောင်း၊ အီးယူ နိုင်ငံများအနေဖြင့် ပူးပေါင်းကူညီရန်လိုကြောင်း တိုက်တွန်းဆော်ဩလိုက်သည်။ **(ရိုက်တာ)**

## တရုတ်နိုင်ငံ၏အလုပ်သမား ဈေးနှုန်းမြင့်တက်မှု စီးပွားရေးလုပ်ငန်းထိခိုက်

**ပေကျင်း အောက်တိုဘာ ၂၀**

အလုပ်သမားဈေးနှုန်းမြင့်တက်လာခြင်းက တရုတ်နိုင်ငံ၏ အလယ်အလတ်နှင့်သေးငယ်သော စီးပွားရေးလုပ်ငန်းများတွင် ပြဿနာရပ်များ ကြီးထွားလာနိုင်ကြောင်း အလယ်အလတ်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဗဟိုက အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သော ရလဒ်များအရ သိရသည်။ အလုပ်အကိုင် ၇၉ ရာခိုင်နှုန်းကို ကောက်ခံယူသော စစ်တမ်းများက အလုပ်သမားဈေးနှုန်းမြင့်တက်လာခြင်းကို မကျေနပ်ကြောင်း ဖော်ပြခဲ့သည်။ အစောပိုင်းနှစ်ထက်စာလျှင် ၁၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။ ထုတ်လုပ်မှုစရိတ်များကြီးမြင့်လာခြင်း၊ အခွန်များမြင့်တက်လာခြင်း၊ ဈေးကွက်များရှာဖွေရန်ခက်ခဲခြင်း၊ အလုပ်သမားသစ်များ စုဆောင်းရန် ခက်ခဲခြင်းတို့ကလည်း အလုပ်သမားဈေးနှုန်းမြင့်တက်လာသည့် အကြောင်းရင်းများဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ်လူတစ်သန်းကျော် သေဆုံးနေ

**ကုလသမဂ္ဂ အောက်တိုဘာ ၂၀**

ယာဉ်မတော်တစ်ဆမှုများကြောင့် နှစ်စဉ်လူပေါင်း ၁ ဒသမ ၂၅ သန်း သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

ယာဉ်မတော်တစ်ဆမှုကြောင့် သေဆုံးမှုသည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်နေကြောင်း၊ မမျှော်မှန်းနိုင်လောက်အောင် များပြားနေကြောင်း၊ အထူးသဖြင့် ဆင်းရဲသောနိုင်ငံများတွင် ဖြစ်ပွားနေကြောင်း ၂၀၁၅ ခုနှစ် လမ်းလုံခြုံမှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြသည်။

ဝင်ငွေအမြင့်ဆုံးနှင့် ဝင်ငွေအလယ်အလတ်ရှိ နိုင်ငံများ၏ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုမှာလည်း အလွန်ကွာခြားနေကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအများစုသည် ဆင်းရဲသော နိုင်ငံများတွင်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သော သုံးနှစ်က နိုင်ငံပေါင်း ၇၉ နိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုကျဆင်းခဲ့သော်လည်း နိုင်ငံပေါင်း ၁၆၈ နိုင်ငံတွင် တိုးလာသည်ဟု ဆိုသည်။ အထူးသဖြင့် ဥရောပချမ်းသာသော နိုင်ငံများတွင် ယာဉ်ကြောင့် သေဆုံးမှုနည်းပြီး အာဖရိကတိုက်တွင် အမြင့်ဆုံးဖြစ်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် ဗိုလ်ချုပ်ကြီး ဒန်းဖို့ဒ်အီရတ်သို့ရောက်



**ဝါရှင်တန် အောက်တိုဘာ ၂၀**

အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို ရုရှားက လေကြောင်းတိုက်ခိုက်မှု အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးပေးရန် အမေရိကန်မရိန်းတပ်ဗိုလ်ချုပ်ကြီး ဂျိုးဇက်ဒန်းဖို့ဒ် အီရတ်သို့ ပထမဆုံးသော ခရီးစဉ်အဖြစ် ရောက်ရှိလာသည်။ အောက်တိုဘာ ၁ ရက်မှစပြီး ဗိုလ်ချုပ်ကြီး ဒန်းဖို့ဒ်သည် ပူးတွဲစစ်ဘက်အကြီးအကဲဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းယူထားကြောင်း၊ ၎င်းသည် အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို ရုရှားက လေကြောင်း တိုက်ခိုက်မှုအပေါ် ကြိုဆိုကြောင်း အီရတ် ဝန်ကြီးချုပ်ဟိုင်ဒါအယ်လ်အဘာဒီက ပြောသည်။ သို့သော်လည်း တာဝန်ရှိသူများက အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် မော်စကိုအား မေတ္တာရပ်ခံခြင်းမဟုတ်ကြောင်း ဒန်းဖို့ဒ်က ပြောသည်။

လွန်ခဲ့သော သီတင်းပတ်ကတည်းက အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရုရှား၊ အီရတ်၊ အီရန်နှင့် ဆီးရီးယားတာဝန်ရှိသူများနှင့်ဖွဲ့စည်းထားသော ထောက်လှမ်းရေးဌာနသစ်၏အကူအညီကို ရယူကာ အိုင်အက်စ်ဂျီဟတ်တို့ကို စတင်ဗုံးကြဲ တိုက်ခိုက်နေကြောင်း အီရတ်ထိပ်တန်းအမတ်တစ်ဦးက ပြောသည်။ အိုင်အက်စ်တို့အား ထိထိရောက်ရောက် ချေမှုန်းတိုက်ခိုက်နိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒန်းဖို့ဒ်က ပြောသည်။ **(ရိုက်တာ)**

# ရုရှားလေကြောင်းတိုက်ခိုက်မှုတွင် သူပုန်ခေါင်းဆောင်သေဆုံး

**ဘေရွတ် အောက်တိုဘာ ၂၀**

ဆီးရီးယားနိုင်ငံ လာတာကီယာပြည်နယ်တွင် ရုရှားကလေကြောင်းတိုက်ခိုက်မှုအတွင်း သမ္မတအာဆတ်၏ပြည်ပရန်သူ လက်နက်ကိုင်အုပ်စုမှ သူပုန်ခေါင်းဆောင်တစ်ဦးအပါအဝင် ၄၅ ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဂျာဘယ်အာစရာဒေသ တနင်္လာနေ့ညနေပိုင်း လေကြောင်းတိုက်ခိုက်မှုအတွင်း သူပုန်တိုက်ခိုက်ရေးသမားရော အရပ်သားများပါ သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ အဆိုပါဒေသသည် သူပုန်ထိန်းချုပ်ရာဒေသတစ်ခုဖြစ်သည်။ ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်အဖြစ် လူသိများသော အဆိုပါသူပုန်အဖွဲ့က သူပုန်အဖွဲ့အကြီးအကဲ ဘာဇီးဇာမိုသေဆုံးကြောင်း အတည်ပြုပြောကြားသည်။ ၎င်းသည် ဆီးရီးယားတပ်မတော်ဗိုလ်ကြီးဟောင်းဖြစ်သည်။ အာဆတ်၏ ပြည်ပရန်သူများတွင် ဆော်ဒီအာရေဗျ၊ ကာတာနှင့် တူရကီတို့ အပါအဝင် စီအိုင်အေမှ လေ့ကျင့်ပေးထားသော ဆီးရီးယားသူပုန်များ ပါဝင်သည်။ **(ရိုက်တာ)**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင် နှစ်ဦး ပါဝင်သည့်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၄ ရက်မှ ၁၇ ရက်အထိ အလုပ်သဘော ခရီးသွားရောက်ခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC)နှင့် အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး (SEA –PAC)တို့၏ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအရ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဗီယက်နမ်နိုင်ငံ အစိုးရစစ်ဆေးရေးဌာန(Government Inspectorate of Vietnam-GIV)တို့အကြား တည်ဆဲဥပဒေများ၊ ဓလေ့ထုံးစံများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့နှင့်အညီ၊ ညီတူညီမျှရှိမှု၊ ချစ်ကြည်မှုနှင့် အပြန်အလှန်အကျိုးကျေးဇူးများအပေါ် အခြေခံ၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းကြိုးပမ်းအားထုတ်မှုများ ခိုင်မာတည်တံ့စေရန်အတွက် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ အောက်တိုဘာ ၁၅ ရက်က နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. PHAN BINH MINH နှင့်လည်း သမ္မတနန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# သင်တန်းတက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၀**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ Japan Productivity Center (JPC) အစီအစဉ်ဖြင့် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၆ ရက်အထိကျင်းပမည့် လူမှုစီးပွားရေး ဗဟိုပြုသည့် မဲခေါင်ဒေသတွင်း ကုန်ထုတ်စွမ်းအားမြင့်မားရေး အကြံပေးလေ့ကျင့်သူများအတွက် သင်တန်းသို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်ဝါဝါမင်းနှင့် အသင်းဝင် ဒေါ်သော်တာထွေးတို့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ရောင်းချခဲ့သော ရုပ်ရှင်ရုံများလွှဲပြောင်းစဉ်က မူလစာချုပ်ပါစည်းကမ်းချက်များအရ ရုပ်ရှင်ပြသရေးလုပ်ငန်း ပူးတွဲဆောင်ရွက်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်း သီးခြားလုပ်ကိုင်နေကြသဖြင့် ဝယ်ယူထားသောရုပ်ရှင်ရုံပိုင်ရှင်များအား သိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ရောင်းချခဲ့သော ရုပ်ရှင်ရုံများလွှဲပြောင်းစဉ်က မူလစာချုပ်ပါစည်းကမ်းချက်များအရ ရုပ်ရှင်ပြသရေးလုပ်ငန်း ပူးတွဲဆောင်ရွက်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းသီးခြားလုပ်ကိုင်နေကြသော အောက်ဖော်ပြပါ ရုပ်ရှင်ရုံပိုင်ရှင်များအား သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်-

| စဉ် | ရုပ်ရှင်ရုံအမည် | ဝယ်ယူသူအမည် | မှတ်ပုံတင်အမှတ် | ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် |
|---|---|---|---|---|
| (က) | မြို့မရုပ်ရှင်ရုံ ကောလင်းမြို့ | ဦးသိန်းဝင်း | ၅/ကလတ(နိုင်)၀၆၃၂၈၆ | ၆/၂၀၁၂ (၂၃-၃-၂၀၁၂) |
| (ခ) | ကြယ်တာရာရုပ်ရှင်ရုံ သထုံမြို့ | ဦးမျိုးမြင့် | ၁၀/သထန(နိုင်)၀၈၅၅၈၇ | ၂၈/၂၀၀၁ (၁၁-၉-၂၀၀၁) |
| (ဂ) | စံပြရုပ်ရှင်ရုံ မြောင်းမြမြို့ | ဦးမျိုးဝင်း | MMA-၂၁၈၇၂၃ | ၅/၉၉ (၁၉-၂-၁၉၉၉) |
| (ဃ) | စိန်မေတ္တာရုပ်ရှင်ရုံ သီပေါမြို့ | ဦးအောင်ဝင်းခိုင် | ၁၃/သပန(နိုင်)၀၀၇၆၀၂ | ၃၈/၉၉ (၂၁-၉-၁၉၉၉) |
| (င) | ခေမရဋ္ဌရုပ်ရှင်ရုံ ကျိုင်းတုံမြို့ | ဦးစိုင်းတစ်အောင် | KTG-၀၆၂၆၂၀ | ၅/၉၈ (၁၇-၈-၁၉၉၈) |

၂။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)ပိုင် ရုပ်ရှင်ရုံများမှ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အပြီးရောင်းချခဲ့သည့် ရုပ်ရှင်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်သို့ လွှဲပြောင်းစာချုပ်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာများတွင် ပါရှိသည့် အောက်ပါစည်းကမ်းချက်များနှင့်အညီ ရောင်းချခဲ့ပါသည်-

(က) ရုပ်ရှင်ပြသခြင်း မူလလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်။ မူလလုပ်ငန်းနှင့်ဆက်နွယ်သော အခြားလုပ်ငန်းများကို လည်းကောင်း၊ မူလလုပ်ငန်းတိုးတက်စေရန် အခြားစီးပွားရေးလုပ်ငန်းများကို လည်းကောင်း အများပြည်သူအကျိုးငှာ လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူခြင်းခံရမည်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ခွင့်ပြုချက်ဖြင့် ဝယ်ယူထားသော ရုပ်ရှင်ရုံများမှ ဘဏ်လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်နေသော ရုပ်ရှင်ရုံများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၄-၇-၂၀၁၅)ရက်စွဲပါ၊ ၁၉-(အပြီးရောင်းရုပ်ရှင်ရုံ)/၂၀၁၅(၁၂၃၄)စာအမှတ်ဖြင့် ရှေ့လုပ်ငန်းစဉ် Proposal အား (၂)လအတွင်း တင်ပြရန်၊ (၁-၁-၂၀၁၆)ရက်နေ့တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မူလစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် အထက်ဖော်ပြပါအမည်ပါရှိသူ ရုပ်ရှင်ရုံဝယ်ယူထားသူတို့သည် မြန်မာ့ရှေ့ဆောင်ဘဏ်သို့ တစ်ဆင့်ပြန်လည်ရောင်းချ၍ ဘဏ်လုပ်ငန်းများပြောင်းလဲလုပ်ကိုင်နေပြီး သတ်မှတ်အချိန်ကာလအတွင်း မူလလုပ်ငန်းဖြစ်သည့် ရုပ်ရှင်ပြသရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ် Proposal တင်ပြရန်ပျက်ကွက်ခြင်း၊ စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်းတို့ကြောင့် တရားလွှတ်တော်ရှေ့နေ ဦးလှချို့မှ ဦးစီးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၉-၁၀-၂၀၁၅)ရက်စွဲပါ နို့တစ်စာပေးပို့အကြောင်းကြားခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာတွင်ပါရှိသည့် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာမှုမရှိသည့် ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

## သတင်းမီဒီယာကောင်စီရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းမီဒီယာအဖွဲ့အစည်းများ စုပေါင်းထုတ်ပြန်ချက်

မကြာမီကျင်းပတော့မည့် သတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ပွဲနှင့် စပ်လျဉ်းပြီး မိမိတို့သတင်းမီဒီယာအဖွဲ့အစည်းများက အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် ပြောင်းလဲလာသော မြန်မာသတင်းမီဒီယာလောကအတွက် ၂၀၁၂ ခုနှစ်မှစတင်၍ သတင်းမီဒီယာဥပဒေရေးဆွဲခြင်း၊ သတင်းမီဒီယာကျင့်ဝတ်ရေးဆွဲထုတ်ပြန်ခြင်း၊ သတင်းမီဒီယာအချင်းချင်း၊ သတင်းမီဒီယာနှင့် အခြားအဖွဲ့အစည်း သို့မဟုတ် တစ်သီးပုဂ္ဂလအကြား ဖြစ်ပွားသော ပဋိပက္ခများကို ပြေလည်အောင်ဖြေရှင်းပေးခြင်း၊ သတင်းသမားများအတွက် အရည်အသွေးမြှင့်တင်သော သင်တန်းများပြုလုပ်ပေးခြင်း၊ ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းမီဒီယာကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များပြုစုခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် မကြာသေးမီက အတည်ပြုပြီးသော သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေများအရရွေးချယ်ပွဲမှ ပေါ်ထွက်လာမည့် သတင်းမီဒီယာကောင်စီအား တာဝန်လွှဲပြောင်းပေးရမည်ဖြစ်ပါသည်။

သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးတွင် MJA, MJN, MJU နှင့် BNI တို့က ဝင်ရောက်ပူးပေါင်း ရွေးချယ်ခံရန်အတွက် ထောင်ချီသော မိမိတို့ကိုယ်စားပြုသည့် သတင်းသမားများက ကိုယ်စားလှယ်လောင်းများ ရွေးချယ်စေလွှတ်ထားပြီးဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ပြီးဖြစ်ပေါ်လာမည့် သတင်းမီဒီယာကောင်စီတွင် မိမိတို့ သတင်းမီဒီယာအဖွဲ့အစည်းများသည် အခြားအဖွဲ့အစည်းများ၊ သတင်းသမားများနှင့် ညီညွတ်စွာလက်တွဲပြီး သတင်းမီဒီယာလောကတိုးတက်ဖွံ့ဖြိုးရေးနှင့် သတင်းသမားများအကျိုး ဆောင်ကြဉ်းရေးကို လွတ်လပ်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် သတင်းမီဒီယာကောင်စီကိုယ်စားလှယ်များ ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ခြွင်းချက်မရှိထောက်ခံကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**
**Myanmar Journalists Association(MJA)**

**မြန်မာဂျာနယ်လစ်ကွန်ရက်**
**Myanmar Journalists Network(MJN)**

**မြန်မာစာနယ်ဇင်းသမဂ္ဂ**
**Myanmar Journalists Union(MJU)**

**နိုင်ငံတကာမြန်မာသတင်းဌာန**
**Burma News International (BNI)**

# ၂၀၁၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ထွက်ပြီ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသော ၂၀၁၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ငွေကျပ် ၅၀၀၊ ရိုးရိုးစက္ကူဖြင့် ငွေကျပ် ၃၅၀ နှုန်းဖြင့် အမှတ်(တ-၅၅)သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁ ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈၊ အမှတ် ၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၈၆ ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် အမှတ် (၁၇၃-၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၁၀၂ ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ မန္တလေးမြို့တွင် ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျွန်တော် ပုဂံကို ပြန်သွားပါဦးမည်

သီဟသူ

နေဝင်နေထွက်ချိန်တွေကို မက်မက်မောမော စွဲလမ်းစွာ၊ ယဉ်ကျေးမှု အနုပညာသုကာလက်ရာတွေကို အံ့ချီးမဆုံး လာရောက်လေ့လာရတဲ့ မြန်မာနိုင်ငံရဲ့ မြေမြတ်မဟာဖြစ်တဲ့ ပုဂံမြေကို ခြေချမိခဲ့ချိန်က မြန်မာနိုင်ငံသားတစ်ယောက်အဖို့ ကျွန်တော် အလွန် နောက်ကျခဲ့သည်။

အခြားနိုင်ငံများမှ နိုင်ငံခြားဧည့်သည် သန်းပေါင်း များစွာ အကြိမ်ကြိမ်ရောက်ရှိပြီးမှ ကျွန်တော် ပုဂံကို ရောက်ခဲ့သည်။ သို့သော် ရောက်ရှိလာသူတိုင်းကို လူမျိုး၊ အသားအရောင်မခွဲဘဲ ကြိုဆိုတတ်သည့် မြေမြတ်မဟာကတော့ ညလုံးပေါက်မအိပ်ခဲ့ရသည့် ကျွန်တော့်ကို နေခြည်သစ်တွေနဲ့ နွေးထွေးစွာ နှုတ်ဆက်သည်။

ရောက်ခါစနေ့မှာတော့ လာရင်းအလုပ်ကိစ္စကို တစ်နေကုန်ပြီးပြတ်အောင် လုပ်နေရသည့်အတွက် အတူလာသည့်သူအချို့ ပုဂံအနှံ့လည်ပြီးတာတောင် ကိုယ်က အလုပ်ထဲ ခေါင်းမြှုပ်နေတာ မထွက်နိုင်ဘဲ ဖြစ်နေသည်။ ဒါ့ကြောင့် လာရင်းကိစ္စကို ပြီးပြတ်အောင် လုပ်ရင်း နောက်တစ်ရက်ရတဲ့အချိန်ကို ဘယ်လိုအသုံးချမလဲစဉ်းစားရင်း တစ်ရက်တာအချိန်ကို သည်းခံကျော်ဖြတ်ခဲ့လိုက်သည်။ ထို့ကြောင့် နောက်တစ်နေ့ နံနက် ၄ နာရီလောက်ကတည်းကပင် အစောကြီး နိုးနေခဲ့သည်။

အတူပါလာသည့် အဖော်များနှင့် တစ်ရက် တစ်သောင်းကျော်ပေးရသည့် E-Bike ခေါ် ဘက်ထရီ စက်ဘီးများငှား၍ ပုဂံ၏ နေထွက်ချိန် ရှုခင်းကြည့်ရန် ရွှေဆံတော်ဘုရားဘက်သို့ ထွက်လာခဲ့သည်။ တစ်ခါမှ မရောက်ခဲ့ဖူးသော်လည်း အတူပါလာသည့်အဖော်က ရောက်ဖူးသည့်အတွက် သူဦးဆောင်ရာနောက်သို့ လိုက်ရသည်။ ရွှေဆံတော်ကိုရောက်တော့ ကိုယ့်ထက် ဝီရိယကောင်းသည့် နိုင်ငံခြားသားဧည့်သည် များကို တွေ့ရသည်။

နေရာကောင်းတစ်ခုမှာထိုင်ရင်း သူများတကာလို နှင်းမှုန်တောညို့ညို့နှင့် စေတီများကြားက နေလုံးကြီး ထွက်လာမည်ကို မျှော်လင့်တကြီး စောင့်နေမိသည်။ မကြာပါ. . တာဝန်ကျေသည့် နေလုံးကြီးက အဆီ အသွေးပြည့်ဝစွာနဲ့ထွက်၍ နှုတ်ဆက်တော့ တစ်သက်တွင် ပထမဆုံးသော နေထွက်ခြင်း၏ အလှကျက်သရေကို ခဏတာ တွေ့ခွင့်ရလိုက်သည်။

မိမိလို မြန်မာနိုင်ငံသားတစ်ယောက်မပြောနဲ့၊ ကမ္ဘာအနှံ့ကတောင် တခုတ်တရလာရတဲ့ ပုဂံဆိုတာကို နေထွက်ချိန်အလှတစ်ခုတည်းနဲ့ပင် လက်ခံမိသွားသည်။ ဤနေရာမှာ ကြားဖြတ်တစ်ခု ပြောချင်တာက နေထွက်တာကို လာကြည့်တဲ့ နိုင်ငံခြားဧည့်သည် တွေထဲက အချို့အမျိုးသမီးများရဲ့ ဘုရားပေါ်မှာ နေထိုင်တဲ့အပြုအမူနဲ့ ဝတ်စားဆင်ယင်မှုပါပဲ။ မြန်မာနိုင်ငံက နိုင်ငံခြားခရီးသွားလုပ်ငန်းမှာ ရိုးရာယဉ်ကျေးမှု တစ်ခုတည်းကိုသာ အဓိက ဦးစားပေးလုပ်နေရသည် ဆိုသော်လည်း စေတီပုထိုးတွေပေါ်တွင် တက်ရောက်ခြင်းများကိုတော့ စည်းမျဉ်း စည်းကမ်းဘောင်လေးတွေ သတ်မှတ်ထုတ်ပြန် တင်းကျပ်သင့်သည်ဟု ထင်သည်။

ဘာကြောင့်လဲဆိုရင် ပုဂံစေတီပုထိုးတစ်ခုပေါ်မှာ ဘယ်လိုအမျိုးသမီးကိုမှ မလုံမခြုံအနေအထားနဲ့ အနောက်တိုင်းယဉ်ကျေးမှုနဲ့ နေထိုင်ပြုမူနေတာကို ပုဂံ မြို့သူမြို့သားတွေနဲ့ မြန်မာနိုင်ငံသား မည်သူမဆို နှစ်မြို့မည်မဟုတ်သောကြောင့်ဖြစ်သည်။

ရွှေဆံတော်စေတီပေါ်တွင် နေထွက်ချိန်ကိုကြည့်ပြီး



မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရာ အထင်ကရနယ်မြေဖြစ်သည့် ပုဂံရှုခင်း။

တော့ ကျွန်တော်တို့ ပုဂံတွင် အနုအယဉ်ဆုံးဟု လူသိများသည့် အာနန္ဒာစေတီသို့ ဆက်လက်သွားခဲ့ကြသည်။ ငယ်စဉ်က သမိုင်းစာတွင်သင်ခဲ့ဖူးသော်လည်း ယခုလို ကိုယ်တွေ့ဖူးမြော်လေ့လာခွင့်ရတော့ အာနန္ဒာစေတီ၏ ပန္နက်ပုံမှစ၍ စေတီတည်ဆောက်မှု အနုလက်ရာ၊ အတွင်းမှ ဗုဒ္ဓဝင်ကျောက်ဆစ်ရုပ်တုများ၊ လိုဏ် ပတ်လမ်းနံရံအတွင်း မုခ်ချိုင့်လေးများအတွင်းမှ ကျောက်ဆစ်ရုပ်ပွားတော်များက ရှေးဟောင်းလက်ရာကို စိတ်ဝင်စားသည့် ကျွန်တော့်အတွက် တစ်နေ့ကုန် လေ့လာချင်စိတ်ဖြစ်ခဲ့သော်လည်း ရသည့်တစ်နေ့တာ အချိန်လေးအတွင်းတွင် ပုဂံရှိ အခြားစေတီပုထိုးများကိုလည်း ထပ်မံဖူးမြော်လိုသည့်စိတ်ကြောင့် အလျှော့ပေးခဲ့ရသည်။

သို့သော် နောက်ထပ်ရောက်ဖြစ်သည့် အလောင်းစည်သူမင်းကြီးကို သံဝေဂယူစရာကောင်းသည့် ရွှေဂူကြီးဘုရားအရောက်တွင်တော့ အာနန္ဒာစေတီမှ မပြန်ချင်ဘဲ ပြန်ခဲ့ရသည့် မချင့်မရဲစိတ်တို့ ပျောက်သွားခဲ့သည်။ ပုဂံခေတ်လယ်၏ ဗိသုကာလက်ရာများအနက် အချိုးအစားအကျဆုံး လက်ရာများတွေ့ရသည့်အပြင် နတ်ရုပ်များ အပါအဝင် ပါဠိနှင့်သက္ကတဘာသာများဖြင့်ရေးထိုးထားသည့် ကျောက်စာနှစ်ချပ်ကလည်း ကမ္ဘာ့ရှေးဟောင်းသုတေသီများကို ဖိတ်ခေါ်ဆွဲဆောင်နိုင်သည့် ရှေးလူတို့၏ အနုပညာကို လေးစားမိပြန်သည်။

ရှေးမြန်မာကြီးတို့သည် အနုသုခုမလက်ရာ၊ လက်ရုံးရည် နှလုံးရည်တို့တွင် ထွန်းတောက်ခဲ့သည့်နည်းတူ သစ္စာအဓိဋ္ဌာန်တွင်လည်း တည်ကြည်ခဲ့ပုံကို ထပ်မံဖူးမြော်ခဲ့ရသည့် ကန်တော့ပလ္လင်စေတီရှိ ဘီလူးနှစ်ကောင်နှင့် ပုဂံညှပ်ကြီးတို့ ဒဏ္ဍာရီကြောင့် သိရှိခွင့်ရခဲ့ပြန်သည်။

လေ့လာမှတ်သားစရာများသည့် မြန်မာ့အသည်းနှလုံးနယ်မြေဖြစ်သည့် ပုဂံဒေသသို့ရောက်နေသည့် ကျွန်တော်တို့ မိတ်ဆွေတစ်စုသည် အချိန်ရသည့် တစ်ရက်တာကာလအတွင်း ပုဂံဘုရားစေတီများကို စုံအောင်မဖူးနိုင်မည်ကို စိတ်စောနေသောကြောင့် နံနက်စာစားဖို့ကိုပင် အားလုံးမေ့နေခဲ့ကြသည်။

ထိုမှတစ်ဖန် ကမ္ဘာကျော်ရာဇကုမာရ်ကျောက်စာရှိရာ ဂူပြောက်ကြီးဘုရားသို့ ရောက်ခဲ့သည်။ ပူပူနွေးနွေး ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ထားသည့်အတွက် မြစေတီခေါ် ရာဇကုမာရ်ကျောက်စာကို ကြည့်ဖို့ နိုင်ငံခြားသား ဧည့်သည်တွေနဲ့အပြိုင် တိုးလိုက်ရသည်။

ပါဠိ၊ မွန်၊ မြန်မာ၊ ပျူ စသည့် ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် ကျောက်စာကို ကိုယ်တိုင်ကိုယ်ကျ မြင်ရတော့ ရှေးဟောင်းသုတေသီတွေကို လေးစားမိသည်။ ကိုယ်သာဆို ဘယ်ကဘယ်လို ဘာစာမှန်းမသိ ဖြစ်နေရမည့်အပြင် မြေကြီးထဲက ကျောက်တုံးတစ်ခုမျှသာ သဘောထားခဲ့မည်သာဖြစ်သည်။ သို့တိုင်အောင် ရှေးဟောင်းသုတေသီများကြား မြစေတီကျောက်စာတွင် တွေ့ရသည့် မူလကအမျိုးအမည်မသိသည့် ဘာသာတစ်ခု ဖြစ်သည့် ပျူစာများနှင့်ပတ်သက်၍ မည်သူကစတင်သိရှိခဲ့သည်ကို အငြင်းပွားနေဆဲပင်ဖြစ်သည်။ နက်နဲလှသည့် ရှေးဟောင်းသုတေသနဘာသာရပ်ပင်။

ဆက်လက်ပြီး ရာဇဝင်ထဲက နာမည်ကျော်ဗူးဘုရားကို ရောက်ဖြစ်ကြသည်။ ဧရာဝတီမြစ်ကမ်းပါးတွင် ပျူခေတ်က တည်ထားခဲ့ပြီး ပျူစောထီးမင်း၏ ရာဇဝင်အပြင် ရေကြောင်းသွားလာသူများကို စောင့်ရှောက်သည့် မုန်တိုင်းနတ်ကွန်းကြောင့် ထင်ရှားသည့် ဘုရားတစ်ဆူဖြစ်သည်။

ပုဂံဘုရားများက အဆူရေ လေးထောင်ကျော်ရှိသည်ဟု သိရပြီး လူသွားများသည့် စေတီဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဂူကြီး၊ မဟာဗောဓိ၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ မင်္ဂလာစေတီ၊ မြစေတီ၊ မနူဟာ၊ နန်းဘုရား၊ နဂါးရုံ၊ လောကနန္ဒာ၊ ဂူပြောက်ကြီး၊ အလိုတော်ပြည့်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ပြသာဒ်ကြီး၊ ရွှေဆံတော်၊ တုရင်တောင်၊ တန့်ကြည့်တောင်၊ ငှက်ပစ်တောင် စသည့်ဘုရားများရှိသော်လည်း ကျွန်တော်တို့ ရသည့်အချိန်အတွင်းမှာ ဦးတည့်ရာသာ သွားနိုင်ခဲ့သည်။

ပုဂံရှေးဟောင်းမြို့ တူးဖော်နေမှုကိုလည်း အပြင်မှပင် ကြည့်ခဲ့ရသည်။ အချိန်လုသွားနေရသည့်အတွက် သဲပန်းချီရေးတာကိုလည်း မစပ်စုနိုင်ခဲ့သလို ပုဂံ ယွန်းပညာကောလိပ်ကိုလည်း ခြေဦးမလှည့်နိုင်ခဲ့ပေ။

ညနေစောင်းတော့ ရွှေစည်းခုံဘုရားကို သွားရောက်ဖူးမြော်ရင်း ဧရာဝတီမြစ်ကမ်းနားကို ဆင်းကာ ပုဂံ၏ နေဝင်ချိန်အလှကို ငေးမောမိကြသည်။ နေဝင်နေထွက် ရှုခင်းအလှနှစ်မျိုးလုံးကို ပိုင်ဆိုင်ထားသည့် ချစ်စရာ့ပုဂံပေပဲဟု စိတ်ထဲမှရေရွတ်မိသည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း မချင့်မရဲဖြစ်မိသည်။ မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်ပြီး မြန်မာ့အသည်းနှလုံးမြို့တော်ကို ကောင်းကောင်းလေ့လာ လည်ပတ်ခွင့်မရခြင်းအပေါ် စိတ်မကောင်းဖြစ်မိသည်။

သွားလာလည်ပတ်နေစဉ် တစ်ရက်တာအတွင်း ပုဂံသူ၊ ပုဂံသားတို့၏အသံများကိုလည်း စနည်းနာကြည့်မိသည်။ သူတို့ဒေသကို သူတို့ချစ်သည်၊ တန်ဖိုးထားသည်၊ ကံတရား၏ ဖေးဖမှုကြောင့် ဘုရားကျွေးသောထမင်းကို စားနေရသည်ဟု ဆိုသည်။ (စကားချပ်။ ဘုရားကျွေး သောထမင်းဆိုသည်မှာ ဘုရားစေတီများစွာရှိသည့်အတွက် ဘုရားဖူးများလာသောအခါတွင် ထိုဘုရားဖူးများကို ဝန်ဆောင်မှုပေး၍ ဝင်ငွေရခြင်းကို ဆိုလိုပါသည်။)

မြို့ဟောင်းကို ယဉ်ကျေးမှုနယ်မြေနှင့်မလွတ်၍ ဖယ်ခိုင်းတော့လည်း ကြည်ဖြူစွာဖယ်ပေးခဲ့ကြသည်။ သက်ဆိုင်ရာက သတ်မှတ်ပြဋ္ဌာန်းထားသည့် ရှေးဟောင်းနယ်မြေနှင့်ပတ်သက်သည့် ဥပဒေအမိန့်များကိုလည်း တစ်သဝေမတိမ်းလိုက်နာကြသည်။ မြေမတူးရဆိုလျှင် အိမ်သာတွင်းတောင် ခွင့်ပြုချက်ရမှတူးသည်ဟုဆိုသည်။

သို့သော် သူတို့စိတ်ထဲမှာ အလိုမကျတာ တစ်ခုရှိသည်။ **ထိုအရာကတော့ ၄င်းတို့တန်ဖိုးထားသည့် ဘုရားစေတီအချို့ကို ဟိုတယ်စီမံကိန်းများထဲတွင် ထည့်သွင်း သိမ်းဆည်းလိုက်ကြခြင်းပင်ဖြစ်သည်။** ဟုတ်သည်။ စာရေးသူတို့ကိုယ်၌ပင် ဟိုတယ်စီမံကိန်း မြေဧရိယာထဲတွင် ရောက်ရှိသွားသော ဘုရားစေတီများကို တွေ့မြင်ခဲ့ရပြီး ထိုဘုရားစေတီများကိုလည်း ဝင်ရောက်ဖူးမြော် လေ့လာခွင့်မရခဲ့ပေ။ ပုဂံသူ၊ ပုဂံသားတို့ဆန္ဒက သူတို့ဇာတိမြေတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်လာသည်ကို လက်သင့်ခံသော်လည်း ထိုဒေသသို့ စီးပွားရေးလာလုပ်သည့် လုပ်ငန်းရှင်များက ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ဘုရားစေတီများကို လက်ဝါးကြီးအုပ်သည့်ပုံစံဆန်သည့် လုပ်ဆောင်မှုမျိုးကိုမူ မနှစ်သက်ကြပေ။

တစ်နေ့တာကုန်ဆုံးတော့ တည်းခိုသည့်နေရာသို့ ပြန်ခဲ့ကြသည်။ ကြားဖူးနားဝရှိခဲ့သည့် မွန်းတည့် ၁၂ နာရီမထိုးမီ အရောက်ဖူးလျှင် ဆုတောင်းပြည့်သည် ဆိုသည့် ရွှေစည်းခုံ၊ တုရင်တောင်၊ လောကနန္ဒာနှင့် တန့်ကြည့်တောင် ဘုရားများကိုလည်း စေ့ငုစွာ မဖူးနိုင်ခဲ့ပေ။

အခြားအဓိဋ္ဌာန်ပြည့်သည်ဆိုသည့် ပြည့်ငါးပြည့် ဘုရားများလည်းဖူးခွင့်မရခဲ့ပေ။ နံနက်စာ ထမင်းမေ့ပြီး အချိန်လုပြေးလွှားဖူးခဲ့သည့်တိုင်အောင် ကြီးမြတ်သော သမိုင်းဝင်မြေမြတ်မဟာပေါ်တွင် မနှံ့စပ်နိုင်ခဲ့သလို ၎င်းရွှေမြေရဲ့ ခံ့ထည်မှုအလှကို မြစ်ဧရာထဲမှ ကြည့်ရှုခံစားမှု မပြုလုပ်နိုင်ခဲ့ပါ ။

သို့သော် ကျွန်တော်ပြန်သွားပါဦးမည်။ မြန်မာ့သည်းပွတ်နေရာဖြစ်သည့် ပုဂံကို နောက်ထပ် ကြိမ်ဖန်များစွာ ကျွန်တော်သွားပါဦးမည်။ မရောက်လိုက်ခဲ့သည့်နေရာ၊ မဖူးလိုက်ရသည့် ဘုရား၊ မစားလိုက်ရသည့် အစားအစာ၊ စကားစမြည်မပြောလိုက်ရသေးသည့် ဒေသခံများ၊ သို့လောသို့လော ကျန်ရှိသေးသည့် အကြောင်းအရာများအတွက် တစ်နေ့နေ့တွင် ကျွန်တော် ပုဂံကို ပြန်သွားပါဦးမည်။

ထိုအချိန်တွင်တော့ ဟိုတယ်ဝင်းများထဲတွင် ရောက်ရှိနေသည့် စေတီပုထိုးများကို လွတ်လပ်စွာ ဖူးမြော်လေ့လာခွင့်ရရှိရန် ဆုတောင်းမိနေရင်း. . . တစ်နေ့နေ့ ကျွန်တော် ပုဂံကို ပြန်သွားပါဦးမည်။ ။

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ရောင်းချခဲ့သော လှိုင်မြို့နယ် "မြနန်းသိင်္ဂီ" ရုပ်ရှင်ရုံအား ဝယ်ယူခဲ့စဉ်က စာချုပ်စည်းကမ်းများနှင့်အညီ ရုပ်ရှင်ပြသရေးလုပ်ငန်းဆောင်ရွက်ခြင်းမရှိသဖြင့် လွှဲပြောင်းဝယ်ယူသူ ဦးငွေဝင်း(မှတ်ပုံတင်အမှတ်၊ ISN-၅၄၇၂၇၆)အား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)ပိုင် ရုပ်ရှင်ရုံများမှ လှိုင်မြို့နယ် "မြနန်းသိင်္ဂီ" ရုပ်ရှင်ရုံကို ဦးငွေဝင်း(အမျိုးသားမှတ်ပုံတင်အမှတ်၊ ISN-၅၄၇၂၇၆) ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏(၂၇-၁၀-၁၉၉၈)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၇/၉၈)ဖြင့် အောက်ပါစည်းကမ်းချက်များနှင့်အညီ ရောင်းချခဲ့ပါသည်-

(က) လက်ရှိလုပ်ငန်းကိုဆက်လက်လုပ်ကိုင်ရမည်။ မူလလုပ်ငန်းနှင့် ဆက်နွှယ်သော အခြားလုပ်ငန်းများကိုလည်းကောင်း၊ မူလလုပ်ငန်းတိုးတက်စေရန် အခြားစီးပွားရေးလုပ်ငန်းများကို လည်းကောင်း အများပြည်သူအကျိုးငှာ လုပ်ကိုင်ခွင့်ရှိသည်။

( ခ ) သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူခြင်းခံရမည်ဖြစ်သည်။

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့်ဝယ်ယူထားသော ရုပ်ရှင်ရုံများမှ လွှဲပြောင်းဝယ်ယူထားသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ(၁၄-၇-၂၀၁၅)ရက်စွဲပါ၊ ၁၉-(အပြီးရောင်းရုပ်ရှင်ရုံ)/၂၀၁၅(၁၂၃၄)စာအမှတ်ဖြင့် ရှေ့လုပ်ငန်းစဉ် Proposal အား (၁)လအတွင်း တင်ပြရန်၊ (၁-၁-၂၀၁၆)ရက်နေ့တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မူလစာချုပ်ပါစည်းကမ်းအတိုင်း လိုက်နာရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ တရားလွှတ်တော်ရှေ့နေဦးလှချို့မှ ဦးစီးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၉-၁၀ -၂၀၁၅)ရက်စွဲပါ နို့တစ်စာဖြင့် အကြောင်းကြားအသိပေးပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်"မြနန်းသိင်္ဂီ"ရုပ်ရှင်ရုံအား ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းရောင်းချပြီးချိန်(၅-၃-၁၉၉၉)ရက်နေ့မှစ၍ ယနေ့အထိ ရုပ်ရှင်ပြသခြင်းလုပ်ငန်းလုပ်ကိုင်မှုမရှိခြင်း၊ ရုပ်ရှင်ရုံဝယ်ယူသူ၏ တင်ပြချက်အရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ(၂၄-၁၂-၂၀၁၂)ရက်နေ့တွင် ရုပ်ရှင်လုပ်ငန်းနှင့်ဟိုတယ်လုပ်ငန်းတွဲဖက်လုပ်ကိုင်စေရန် လုပ်ငန်းပြောင်းဆောင်ရွက်ခွင့်ပြုခဲ့သော်လည်း ယနေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

# စာရင်းအင်းများကိုအသုံးပြုပြီး ကောင်းမွန်သောမူဝါဒများကို ချမှတ်နိုင်မည်ဖြစ်




**နေပြည်တော် အောက်တိုဘာ ၂၀**

ကမ္ဘာ့စာရင်းအင်းနေ့ အခမ်းအနားနှင့် စာရင်းအင်းဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC – 2 )၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကမ္ဘာ့စာရင်းအင်းနေ့၏ ဆောင်ပုဒ်သည် “စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်လေ၊ လူမှုဘဝ ပိုကောင်းလေ” “Better Data, Better Lives” ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများကို ထုတ်ပြန်နိုင်ခြင်းသည် ပြည်သူတို့၏ အမှန်တကယ်လိုအပ်ချက်များကို သိရှိနိုင်ပြီး ပိုမိုကောင်းမွန်သော လူမှုဘဝကို ရရှိနိုင်ရန် စာရင်းအင်းများကို အသုံးပြုကာ ကောင်းမွန်သောမူဝါဒများကို ချမှတ်နိုင်မည်ဖြစ်ပါကြောင်း။

အခြေခံမူဝါဒများ ချမှတ်ရာတွင် စာရင်းအင်းကဏ္ဍ၏ အရေးပါမှုကို မကြာခင်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDGs) များတွင် အသိအမှတ်ပြု ဖော်ပြထားပါကြောင်း၊ ၂၀၁၅ ခုနှစ်သည် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ အပြီးသတ်ဆောင်ရွက်မှုနှင့်အတူ စာရင်းအင်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ၂၀၁၅ ခုနှစ် အလွန်ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့လူဦးရေနှင့် အိမ်ထောင်စုစာရင်းကောက်ယူမှုအတွက် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အရည်အသွေးပိုမိုပြည့်ဝသည့် စာရင်းအင်းများ ရရှိနိုင်ရေးအတွက် စာရင်းအင်းဥပဒေ အသစ်ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စာရင်းအင်းမူဝါဒအနှစ်ချုပ်နှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကိုလည်း ယခုအခါ အပြီးသတ် ဆောင်ရွက်လျက်ရှိသည့်အတွက် တရားဝင်စာရင်းအင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်တော့မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက်အလက်များကို အင်တာနက်ရရှိနိုင်သည့် မည်သည့်နေရာဒေသမဆို အလွယ်တကူသိရှိနိုင်ရန် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ-(KOICA) အကူအညီနှင့် မြန်မာစာရင်းအင်းဆိုင်ရာ အချက်အလက်ဝန်ဆောင်မှုစနစ် (Myanmar Statistical Information Service-MMSIS) Website (www.mmsis.gov.mm) အသစ်ကိုလည်း ဤအခမ်းအနားတွင် ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း၊ မြန်မာပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးမည့် အစိုးရအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူ့အဖွဲ့အစည်းနှင့် မီဒီယာကိုယ်စားလှယ်များနှင့်အတူ စာရင်းအင်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားပြီး တိုးတက်မှုများ ဆက်လက်တည်တံ့စေရန် အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးသူငယ်များအရေးပေါ်ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel က ကမ္ဘာ့စာရင်းအင်းနေ့အတွက် ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်က ပေးပို့လာသည့်သဝဏ်လွှာကို ဖတ်ကြားပြီး ကမ္ဘာ့ကုလသမဂ္ဂစာရင်းအင်းဌာနမှ ဒါရိုက်တာ Mr. Stefan Schweinfest ၏ Video Message ကို ပြသသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက မြန်မာနိုင်ငံ၏ မကြာခင်က ဖြစ်ပေါ်တိုးတက်ခဲ့သော စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် မြန်မာစာရင်းအင်းဆိုင်ရာ အချက်အလက်ဝန်ဆောင်မှုစနစ် (Myanmar Statistical Information Service–MMSIS ) Website ကို မိတ်ဆက်တင်ပြသည်။

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Baek Soon က စာရင်းအင်းစီမံခန့်ခွဲဆောင်ရွက်သည့်စနစ် MMSIS Website ကို အောင်မြင်ပြီးမြောက်သည့်အတွက် ကျေးဇူးတင်ဂုဏ်ယူပါကြောင်းပြောကြားပြီး ကိုရီးယားစာရင်းအင်းဆိုင်ရာ တိုးတက်မြှင့်တင်ရေး တက္ကသိုလ်မှ ဥက္ကဋ္ဌ Mr. Gyung Tae Kim က ဆက်လက်၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် MMSIS Website စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်းတို့ကို ဗီဒီယိုပြကွက်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် စာရင်းအင်းဆိုင်ရာ ထုတ်ဝေမှုစာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏အရေးပါမှုအခန်းကဏ္ဍကို Video Clip ဖြင့်ပြသပြီး စာရင်းအင်းဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဦးမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး “ပိုမိုကောင်းမွန်သော စာရင်းအင်း၊ ပိုမိုကောင်းမွန်သော လူမှုဘဝ” ခေါင်းစဉ်ဖြင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ကုလသမဂ္ဂ ကလေးသူငယ်များ အရေးပေါ်ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ကိုယ်စားလှယ်များကလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မေခရိုစီးပွားရေးစာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများလုပ်ငန်း၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်လုပ်ငန်းတို့နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ လူမှုစီးပွားအကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းအင်းဖွံ့ဖြိုးမှုခေါင်းစဉ်ဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဥရောပသမဂ္ဂ (EU)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ကိုယ်စားလှယ်များက ဦးဆောင်ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများကလည်း ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး လူမှုရေးနှင့် မွေးဖွားမှု၊ သေဆုံးမှု စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခေါင်းစဉ်ဖြင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လူဦးရေသန်းခေါင်စာရင်းရလဒ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့ဘဏ်၊ ပညာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂကလေးသူငယ်များ အရေးပေါ်ရန်ပုံငွေအဖွဲ့၊ Bloomberg Health Initiative နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များက ပညာရေး၊ လူမှုရေးနှင့် မွေးဖွားမှု၊ သေဆုံးမှု စာရင်းအင်းလုပ်ငန်းနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသူများကလည်း ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှု အစီအစဉ်များပြီးနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

မဲရုံပေါင်းလေးသောင်းကျော်ကို လွှမ်းခြုံနိုင်အောင် နိုင်ငံတစ်ဝန်းလုံးကို ဖြန့်ကြက်ချပေးထားမှာဖြစ်ပါတယ်” ဟု မစ္စတာ အလက်ဇန္ဒား ဂရက်ဖ်လမ်းဘ်စဒေါ့ဖ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် စက်တင်ဘာ ၂၅ ရက်က ဥရောပသမဂ္ဂ ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ဆန်းစစ်လေ့လာရေးအဖွဲ့ ကိုးဦးပါဝင်သည့် အဖွဲ့ရောက်ရှိလာပြီး လာမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဥပဒေမူဘောင်နှင့် ၎င်းတို့ကို အကောင်အထည်ဖော်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုနှင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းများ၊ အခြေခံလွတ်လပ်ခွင့်များ၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို လေးစားခြင်းများအပါအဝင် ရွေးကောက်ပွဲတစ်ခုလုံး၏ ဖြစ်စဉ်အနေအထား၊ မီဒီယာများ၏ လုပ်ကိုင်ဆောင်ရွက်ချက်များ၊ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ စည်းရုံးမှုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ပါဝင်မှုအခန်းကဏ္ဍ၊ ရွေးကောက်ပွဲနေ့မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲစာရင်းသွင်းခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား ဖြေရှင်းဆုံးဖြတ်မှုများ စသည်တို့ကို ရှုထောင့်အမျိုးမျိုးမှ လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့အဖွဲ့အနေနဲ့ ရွေးကောက်ပွဲပြီး ဒီဇင်ဘာလကုန်အထိ ရှိသွားမယ်။ ရွေးကောက်ပွဲမှာ ဘယ်သူနိုင်တာ၊ မနိုင်တာ စိတ်ဝင်စားမှာမဟုတ်ဘူး။ ကျွန်တော်တို့က ဒီရွေးကောက်ပွဲမှာ စစ်မှန်မှု၊ ယုံကြည်ကိုးစားနိုင်မှုနဲ့ ပွင့်လင်းမြင်သာမှုဆိုတဲ့အချက်တွေနဲ့ပဲ တိုင်းတာမှာဖြစ်တယ်။ ရွေးကောက်ပွဲဆိုင်ရာနဲ့ ပတ်သက်ပြီး ဘယ်လိုပုံစံမျိုးနဲ့မှ ရွေးကောက်ပွဲမှာ ဝင်ရောက်စွက်ဖက်ခြင်းပြုလုပ်မှာမဟုတ်ဘူး။ မြန်မာနိုင်ငံသားတွေအတွက် ပြုလုပ်ပေးတဲ့ ရွေးကောက်ပွဲဖြစ်တယ်။ ကျွန်တော်တို့ဟာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ဖြစ်တာကြောင့် လေ့လာမှုကိုပဲ အဓိကထားလုပ်ဆောင်သွားမှာဖြစ်တယ်။ လေ့လာတဲ့အခါမှာလည်း နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာစံနှုန်းတွေနဲ့မကိုက်ညီတဲ့ အပြုအမူတစ်စုံတစ်ရာကို တွေ့ရှိခဲ့ရင်တောင် ဝင်ရောက်စွက်ဖက်မှာ မဟုတ်ဘူး။ စောင့်ကြည့်ရုံသက်သက် လုပ်ငန်းကိုပဲ လုပ်ဆောင်သွားမှာဖြစ်ပါတယ်” ဟု မစ္စတာ အလက်ဇန္ဒား ဂရက်ဖ်လမ်းဘ်စဒေါ့ဖ်က မီဒီယာများအား ထပ်မံရှင်းပြခဲ့သည်။

မြန်မာနိုင်ငံ၌ နိုဝင်ဘာ ၈ ရက်တွင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည် ဥရောပသမဂ္ဂ ၂၈ နိုင်ငံနှင့် နော်ဝေ၊ ဆွစ်ဇာလန်နိုင်ငံတို့မှ လေ့လာသူ ၁၅၀ တို့က မဲရေတွက်မှုများ၊ ရလဒ်ထုတ်ပြန်မှုများနှင့် အငြင်းပွားမှုများဆိုင်ရာ ဖြေရှင်းမှုများကို ဒီဇင်ဘာလကုန်အထိ စောင့်ကြည့်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲအပြီး နှစ်ရက်အကြာတွင် ကနဦးရလဒ်ကို ထုတ်ပြန်ပေးမည်ဖြစ်သည်။ ကနဦးရလဒ်တွေ့ရှိချက်များ ထုတ်ပြန်ပြီးသုံး၊ လေးလအတွင်း အပြီးသတ်ထုတ်ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ကာ အဆိုပါထုတ်ပြန်မှုတွင် နောင်ရွေးကောက်ပွဲများပြုလုပ်ရာ၌ အကြံပြုချက်များပါ ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့က ပြုလုပ်သည့် မြန်မာနိုင်ငံအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အကြိုလေ့လာသုံးသပ်မှု လုပ်ဆောင်ချက်များ မီဒီယာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပမှ စာနယ်ဇင်း မီဒီယာသမားများ တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲဆိုင်ရာ အကြိုကာလနှင့် ရွေးကောက်ပွဲကာလတွင်း လုပ်ဆောင်မည့် စီစဉ်ထားရှိမှု သိလိုသည်များကို မေးမြန်းခဲ့ကြသည်။




ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့အကြီးအကဲ မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေါ့ဖ် မီဒီယာများအား ရှင်းပြနေစဉ်။

## မိုးလေဝသ အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၀

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

**မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။**

**ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။**

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။** (မိုး/ဇလ)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် သည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဟားခါးမြို့ ပြန်လည် ထူထောင်ရေးအတွက် ဧက ၅၂၀ ကျယ်ဝန်းသောနေရာတွင် မြို့ကွက် သစ်ဖော်ထုတ်၍ ပြန်လည်နေရာချ ထားမည့် အကွက်ချပုံစံများ၊ နေအိမ် ပုံစံများ၊ လမ်းများ ဆောင်ရွက်ထားရှိမှု၊ အိမ်ခြေ ၇၃၂ အိမ်အနက် ပထမပိုင်း အနေဖြင့် အကွက် ၃၈၀ ဖော်ထုတ် ပြီး ကျန်ရှိသည့် ၃၂၅ ကွက်အတွက် မြေတိုင်းတာခြင်း၊ ပုံစံရေးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု တို့ကို စစ်ဆေးပြီး အိမ်ရာကွက်များ ဖော်ထုတ်ထားရှိမှု၊ လမ်းများဖောက် လုပ်မှု၊ နေအိမ်များနှင့် မဟာခေတ် အားလိုင်း သတ်မှတ်ချက်နှင့် လွတ် ကင်းနိုင်မှုအခြေအနေတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကလေး-ဖလမ်း-ဟားခါးလမ်း (ဟားခါး-ဖလမ်း) လမ်း အပိုင်းအားတောင်ပြိုမှုအများဆုံး ဖြစ် ကာလမ်းကြောင်းပြတ် တောက်သွား သည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုမ္ပဏီမှ တာဝန်ရှိသူ များက JICA ၏ ချေးငွေဖြင့် ဆောင် ရွက်သော သိုင်းငင်း-တီးတိန်လမ်း မိုင်တိုင် (၅/၆မှ ၂၂/၂) အတွင်း ၁၆ မိုင် ၄ ဖာလုံကို KHAM WO နှင့် SHWE MANN (MAGWAY) ကုမ္ပဏီတို့မှ တာဝန် ယူဆောင်ရွက်နေမှု၊ ကလေး-ဖလမ်း-ဟားခါးလမ်း (သိုင်းငင်း-ကလေး အပိုင်း) ၇ မိုင် ၁ ဖာလုံကို Zwe Mann Htate Co., Ltd. နှင့် Golden Icon Co.,Ltd. တို့မှ တာဝန်ယူ ဆောင်ရွက်နေမှုတို့ကို လုပ်ငန်းတိုးတက်မှုရှိစေရေး အလေး ထား ဆောင်ရွက်ရန်တို့ကို မှာကြားပြီး မိုင်တိုင်အမှတ် (၁၁/၄ )နှင့် (၁၀/၆) တို့တွင် စက်ယန္တရားများဖြင့် လမ်းချဲ့ ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလေး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် (၇၈/၆ နှင့် ၇၈/၇) ကြားရှိ ဇင်းကလင်းတံတားအမှတ် (၃) အရှည် ပေ ၃၀ ယာယီသစ်သား တံတား၏ ကလေးဘက်ခြမ်း ချဉ်းကပ် လမ်းပေ ၅၀ ခန့် ရေတိုက်စားသဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက် စေရေး အရှည် ပေ ၇၀ ဘေလီတံတား ထိုးပြီးမှုနှင့် အမြဲတမ်းတံတားတည် ဆောက်ရန် ရေလမ်းကြောင်းနှင့် တံတားလမ်းအူကြောင်း အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယအကြိမ် ရေထဲ မျောပါပျက်စီးသွားသည့် မိုင်တိုင်အမှတ် (၅၇/၆ နှင့် ၅၇/၇) ကြား၊ တံတားအမှတ် (၃/၅၈)၊ အရှည် ပေ ၃၉၀ ကနန်တံတား ပြန်လည်ပြင်ဆင်နေမှု၊ မိုင်တိုင် အမှတ် (၆၀/၁ နှင့် ၆၀/၂)ကြား တံတားအမှတ် (၁/၆၁)ကမ္ဘူကြီး တံတားပြင်ဆင်နေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

အလားတူ ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ် (၇၀/၃ နှင့် ၇၁/၄)ကြား တံတားအမှတ် (၃/၇၂)တီဗန်တံတား၊ မိုင်တိုင်အမှတ် (၇၃/၅ နှင့် ၇၃/၆)ကြား တံတား အမှတ် (၁/၇၄) တီးတိန်ယံတံတား နှင့် မိုင်တိုင်အမှတ် (၇၉/၀ နှင့် ၇၉/၁)ကြား တံတားအမှတ် (၁/၈၀) ရန်လင်းဖိုင် တံတားများပျက်စီးမှုတို့ ကို ခရိုင်အဖွဲ့၊ တံတားအထူးအဖွဲ့ များဖြင့် တစ်ပြိုင်တည်း အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်လျက်ရှိသည်။

အောက်တိုဘာ ၁၈ ရက် နံနက် ပိုင်းတွင် ရေဦး-ကလေးဝ လမ်းပေါ် တွင် တံတားဦးစီးဌာန တံတားအထူး အဖွဲ့(၂)က တည်ဆောက်သော ချင်းတွင်းတံတား (ကလေးဝ) ကိုင်း ဘက်ကမ်းသို့ရောက်ရှိပြီး တံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေဦး-ကလေးဝ လမ်းအား ခရိုင်အဖွဲ့၊ အထူးအဖွဲ့များ၊ ကုမ္ပဏီများနှင့် အပိုင်းလိုက်ခွဲ၍ လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင် ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပျဉ်ကိုင်းလမ်းစခန်း သို့ ရောက်ရှိပြီး ရေဦး-ကလေးဝ လမ်း ၁၀၅ မိုင် ၄ ဖာလုံကို အပိုင်းလိုက်ခွဲ၍ မိုင်အလိုက် လမ်းချဲ့ခြင်း၊ လမ်းတာပေါင်တင်ခြင်း၊ ကျောက်ခင်းခြင်းနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များကို အသီးသီးရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ချင်းတွင်း တံတား (ကလေးဝ)ပြီးသည်နှင့် ရေဦး-ကလေးဝလမ်း အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ပြီးစီးရန်လိုကြောင်း၊ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း များ အဆင့်ဆင့်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ရေဦး-ကလေးဝ လမ်းပေါ်ရှိ ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ရေဝင်နုန်းမြေများ၌ ဆောင်းသီးနှံစိုက်ပျိုးရန် ထွန်ရေးပြင်

**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက် ရှိ ရေဝင်နုန်းမြေများ၊ ယခုနှစ် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုး နိုင်ရေးအတွက် ထယ်ရေးများ စတင် ဝင်နေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း ချင်းတွင်းမြစ်ရေ သည် နှစ်(၅၀)အတွင်း ထူးကဲစွာ မြင့်တက်ခဲ့ပြီးနောက် ပြန်လည် ကျဆင်းသွားပြီး နောက်ပိုင်းတွင် ဆောင်းသီးနှံများ၊ အချိန်မီစိုက်ပျိုး နိုင်ရေးအတွက် တောင်သူများက ထယ်ရေးပြင်ချိန်ဖြစ်သည်။



"ချင်းတွင်းမြစ်ရေက နှစ်ကြိမ် တောင်ပြန်ပြီးတက်ခဲ့တယ်။ တက်တဲ့ အခါမှာလည်း ရွှံ့နှစ်တွေပါတဲ့ အတွက် ချင်းတွင်းမြစ်ကမ်းဘေး တစ်လျှောက်မှာရှိတဲ့ စိုက်ပျိုးမြေတွေ အတွက် အတော်ကိုကောင်းသွား တယ်။ ရေကြီးတာက တချို့အပိုင်း တွေကို ဆိုးကျိုးတွေပေးပေမယ့် စိုက်ပျိုးရေးနဲ့ ပတ်သက်လာရင်တော့ အတော်ကို အကျိုးပြုတာကို တွေ့ရ တယ်။ အခုနှစ် ရေကြီးပြီးနောက် စိုက်ပျိုးမြေတွေမှာ မြေပြောင်းလဲ သွားတာကို တွေ့ရတယ်။ ထွန်ယက် တဲ့နေရာမှာလည်း မြေညီသွားတဲ့ အတွက် အတော်ကိုကောင်းပါတယ်။ အခု ကျွန်တော်စိုက်မယ့်မြေဆို ထယ်ရေးငါးကြိမ်ရှိပြီ။ နောက်နှစ်ရက် လောက်ဆို ထွန်ပြီးရင် စိုက်လို့ရပြီ၊ ပြီးတဲ့နှစ်တွေဆို စိုက်ပြီးနှစ်လခွဲ လောက်ဆို မြေခြောက်ပြီး သီးနှံ အထွက်နှုန်းကို ထိခိုက်တယ်။ အခု နှစ်တော့ အဲဒီအခက်အခဲကို စိုးရိမ် စရာမလိုတော့ဘူး။ ဆောင်းမြေပဲ အတွက် ရိတ်သိမ်းချိန်ပြီးရင်တောင် မြေက မခြောက်နိုင်သေးဘူး။ ဒီနှစ် မျိုးမြေပဲတစ်တင်းကို ငွေကျပ် ၄၄၀၀၀ ဈေးပေါက်တယ်။ နောက်ပိုင်းဆို ဈေးနှုန်းက အတက် အကျရှိနိုင်တယ်။ ကျွန်တော့်မြေက မနှစ်က ဆောင်းမြေပဲတစ်ဧကကို မြေပဲတောင့် တင်း ၈၀ လောက် ထွက်တယ်။ ယခုအခြေအနေအတိုင်း ဆို စိုက်ပြီးနောက်ပိုင်းမှာ ပိုးမွှား အန္တရာယ်မရှိရင်တော့ တင်း ၈၀ အထက် ထွက်နိုင်မယ်လို့ မျှော်မှန်း ထားတယ်"ဟု မုံရွာမြို့ အိုးဘိုတောင် ရပ်ကွက်ရှိ ချင်းတွင်းမြစ်ကမ်းဘေး ရေဝင်စိုက်ပျိုးမြေတွင် စိုက်ပျိုး လျက်ရှိသော တောင်သူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ကမ်းဘေးရှိ စိုက် ပျိုးမြေများတွင် ဆောင်းသီးနှံများ အဖြစ် မြေပဲ၊ ပဲကြား၊ ကုလားပဲ ၉၂၉၊ ဗွီ-၂၊ ကန်စွန်းဥနှင့် ပဲစိမ်းစားဥစသော သီးနှံများကို နှစ်စဉ်စိုက်ပျိုးကြ ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့ သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေ နှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ဦးမောင်မောင်သန်းနှင့် မောင်နှမ တစ်စုက အလှူငွေကျပ် ခြောက်သောင်းကို နေပြည်တော်(ရုံးချုပ်)သို့ ယနေ့လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူပြီး ကျေးဇူးတင် စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးအေးမြင့်-ဒေါ်လှအေး မိသားစုက ငွေကျပ်တစ်သိန်းကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၀၉၈၇၅၈၉၆၃ ကျပ် ၆၁ ပြား)၊ အမေရိကန်ဒေါ်လာ ၃၃၆၉၄၄၈ ဒသမ ၇၃နှင့် ယူရို ၃၀၀ ဖြစ်သည်။ အဆိုပါ လက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများ သို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိပါကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# မော်ချီးဒေသတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၂၀**

ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် သဘာဝဘေးကြောင့် ဖြစ်ပွားခဲ့သည့် နေရာဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးတော့ရယ်၊ ဘဏ္ဍာရေးဝန်ကြီး ဦးသန်းကျော်စိုးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက်တွင် မော်ချီးဒေသသို့ ရောက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း မော်ချီးတွင်ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းအားလည်းကောင်း၊ လိုခါးလိုကျေးရွာ နှစ်ခြင်း ဘုရားရှိခိုးကျောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းအား လည်းကောင်း၊ မော်ချီးဒေသ ဆေးရုံဟောင်းနေရာတွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများအား သွားရောက်ကြပြီး ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေကြသည့် သဘာဝဘေးသင့်ပြည်သူများ၊ အိမ်ထောင်စုဝင်မိသားစုများကို နေထိုင်စားသောက်မှုအခြေအနေနှင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် မှတ်ပုံတင်များကိုစစ်ဆေးပြီး ဒေသခံနှင့် ဒေသခံမဟုတ်သည့် လုပ်သားများကို ခွဲခြားခြင်းဆောင်ရွက်ရာ ရပ်ဝေးမှလာရောက်လုပ်ကြသူများက ပို၍များနေကြောင်း စိစစ်တွေ့ရှိရသည်။

ဆက်လက်ပြီး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် သန္တေတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့က ဆေးရုံဟောင်းနေရာ ကယ်ဆယ်ရေးစခန်းတွင် ယာယီတဲနှင့် အိမ်သာများ ဆောက်လုပ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြသည်။ ထို့နောက် တိုက်လေးလုံး အောက်ဘက်ရှိ သဘာဝဘေးသင့် အိမ်ထောင်စုဝင်များ နေထိုင်နိုင်ရန်အတွက် မြေနေရာသစ်များအား စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုပြီး လိုခါးလိုကျေးရွာ နှစ်ခြင်းဘုရားရှိခိုးကျောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းမှ သဘာဝဘေးသင့်မိသားစုဝင်များအား ဆေးရုံဟောင်းနေရာသို့ ပြောင်းရွှေ့နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။



ဆက်လက်၍ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် လွိုင်ကော် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အေးလွင် ဦးဆောင်သော တပ်ရင်းတပ်ဖွဲ့များက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအားလည်းကောင်း၊ ထောက်ပံ့ပစ္စည်းသယ်ယူပေးခြင်းကို လည်းကောင်း၊ သဘာဝဘေးသင့်ပြည်သူများ မိမိတို့နေရပ်ပြန်နိုင်ရေးအတွက် မော်ချီးဒေသမှ လွိုင်ကော်ကယ်ဆယ်ရေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မော်ချီးဒေသ တားမြစ်ဇရိယာအဖြစ် ၁၃ ကုန်း တောင်ပေါ်၊ အောင်ချမ်းသာ၊ ဇီးပင်ကွေ့ရတနာအောင်မြေစသည့်နေရာများကို အန္တရာယ်ရှိသည့်နေရာများအဖြစ် သတ်မှတ်ထားပြီး တောင်ပေါ်ရှိ လုပ်သားအိမ်ထောင်စုဝင်များကို ပြောင်းရွှေ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

---

❒ *ကျော်ဖုံးမှ*

၁၀ လခန့်ဖြင့် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အားကစားတက္ကသိုလ်ကို တာဝန်ယူတည်ဆောက်ပေးနေသည့် ရွှေဘုံစံဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ စီမံကိန်းအင်ဂျင်နီယာ ဦးငွေးအောင်က ပြောသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်း အချောသပ်လုပ်ငန်းများအားလုံးကို ၂၀၁၆ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်သွားရန် မျှော်မှန်းထားကြောင်းဖြင့် လည်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

အဆိုပါ အားကစားတက္ကသိုလ်ကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဇေယျာအောင်မြေလမ်း နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းအနီး မြေဧက ၈၉ ဒသမ ၇ ဧကပေါ်တွင် တည်ဆောက်လျက်ရှိရာ ငွေကျပ်သန်းပေါင်း ၄၇၀၀ အထိ အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားတက္ကသိုလ်ကြီးကို လာမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ကာ ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပြီး ယခုအခါ ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်နှင့် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်ကြီးများတွင် B.Sc(sport) ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အားကစား နည်းတိုင်းသည် အခြေခံကျကျ ကျွမ်းကျင်စွာ တတ်မြောက်ရန်လိုအပ်ပြီး ယင်းကဲ့သို့ အာကစားတက္ကသိုလ်ကြီး ပေါ်ထွန်းလာမှုနှင့်အတူ အားကစားသမားကောင်းများ ပေါ်ထွက်စေရန် မျှော်လင့်ချက်ဖြင့် အားကစားတက္ကသိုလ်ကြီးကို တည်ဆာက်ပေးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

---

● *ကျော်ဖုံးမှ*

ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန် ရည်ရွယ်ပြီး ဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ထိုင်းနိုင်ငံမှ ပုဂ္ဂလိကခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည် ၁၈၀ သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ တာချီလိတ်မြို့သို့ ရောက်ရှိလာပြီး အောက်တိုဘာ ၁၅ ရက်မှ ၁၈ရက်အထိ တာချီလိတ်-ကျိုင်းတုံ-မိုင်းလားခရီးစဉ်ဒေသများသို့ ပြည်တွင်း မော်တော်ယာဉ် ၁၂ စီးဖြင့် သွားရောက်လည်ပတ်ခဲ့ကြသည်။

အဆိုပါ ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များသည် ဒေသခံဧည့်လမ်းညွှန်များ၊ ဧည့်လမ်းပြများ စနစ်တကျလိုက်ပါလျက် ကျိုင်းတုံမြို့နှင့် မိုင်းလားမြို့များရှိ အထင်ကရခရီးစဉ်နေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ အလှူအတန်းနှင့် မင်္ဂလာဆောင်အခမ်းအနားများတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခြင်းများ ပြုလုပ်ဆောင်ရွက်ရန် လာရောက် လည်ပတ်ကြခြင်းဖြစ်သည်။

ယခုနှစ် ပွင့်လင်းရာသီ အကူးအပြောင်းကာလတွင်လည်း မြန်မာနိုင်ငံရှိ ထင်ရှားသောခရီးစဉ်ဒေသများကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှ ပိုမိုသိရှိအာရုံစိုက်လာခြင်း၊ ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသဖြင့် ခရီးသွားဧည့်သည်များက ယခင်ကထက် ပိုမိုစိတ်ဝင်စားမှုရှိလာခြင်းများကြောင့် အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားဧည့်သည်များ၊ တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှာ မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ပေါက်အသီးသီးမှ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့များဖြင့် သော်လည်းကောင်း အဆက်မပြတ် တိုးတက်ဝင်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ရထားလမ်း ရေထွက်ပေါက် တံတားချဉ်းကပ်လမ်း တာပေါင်ပျက်စီးမှု ပြုပြင်ပြီးစီး

**ကံမ အောက်တိုဘာ ၂၀**

သရက်ခရိုင် ကံမမြို့နယ် ကံမဘူတာနှင့် သရက်တောဘူတာအကြား မိုင်တိုင်အမှတ် (၂၄၈/၉-၁၀) ကြားရှိ ရေထွက်ပေါက်တံတားငယ်၏ ကံမဘက်ခြမ်း ချဉ်းကပ်လမ်း တာပေါင် ပေ ၄၀ ခန့်မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျိုးပဲ့ပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သဖြင့် ကံမ-သရက် ပြေးဆွဲနေသော RBE 199 ခရီးသည်တင် မီးရထားသည် အောက်တိုဘာ ၁၉ ရက်မှစတင်၍ ပုံမှန်ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

---

## ဖားဆောင်းမြို့နယ် မော်ချီးဒေသမှ နေရပ်ပြန်သူများ ကူညီဆောင်ရွက်ပေးလျက်ရှိ

**လွိုင်ကော် အောက်တိုဘာ ၂၀**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ ခဲတွင်းများတွင် လာရောက်လုပ်ကိုင်နေသော လုပ်သားများနှင့် မိသားစုဝင်များ နေရပ်ပြန်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်ဆွမ်းစားဆောင်၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းသို့ အောက်တိုဘာ ၁၈ ရက်က နေရပ်ပြန်လူဦးရေ စုစုပေါင်း ၇၃ ဦး ထပ်မံရောက်ရှိလာပြီး အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့၊ မိတ္ထီလာမြို့များသို့ နေရပ်ပြန်ပြည်သူ ၅၆ ဦးကို နိုင်ငံတော်သမ္မတ၏ ခရီးစရိတ်ထောက်ပံ့ငွေကျပ် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှင့် ကန္ဒရဝတီအသင်း(ရန်ကုန်)က တစ်ဦးလျှင် ငွေကျပ် ငါးထောင်နှုန်းစီဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတ၏ နေရပ်ပြန်ပြည်သူများအတွက် ခရီးစရိတ်ထောက်ပံ့မှုမှာ ယနေ့ နံနက်ပိုင်းအထိ ၂၇၁ ဦးအတွက် ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်သူများအား လွိုင်ကော်မြို့မှ အလှူရှင်များက အစားအသောက်များ လှူဒါန်းပေးလျက်ရှိကြောင်း၊ လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်ဆွမ်းစားဆောင်တွင် ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်း၌ အောက်တိုဘာ ၁၄ ရက်မှ ၁၉ ရက်အထိ နေရပ်ပြန်သူလူဦးရေ စုစုပေါင်း ၁၃၀၅ ဦးကို ကယားပြည်နယ် အစိုးရအဖွဲ့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကယားပြည်နယ် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်/ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ပူးပေါင်း၍ အလှူငွေကျပ် ငါးသိန်းနှင့် ဖားဆောင်းမြို့နယ် မော်ချီးဒေသမှ နေရပ်ပြန်သူများကို ခေါက်ဆွဲခြောက် အဖာ ၃၀၊ ရေသန့် ၁၀ ကတ်၊ အချိုရည် ၁၀ ဖာ၊ မုန့်မျိုးစုံ ၂၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးရဲသင်တန်းဖွင့်

**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်စွာလှိုင်က အမှာစကားပြောကြားပြီး ပုသိမ်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုစေ့စပ်ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဦးတင်စိုးက ရွေးကောက်ပွဲဆိုင်ရာ



အသိပညာပေး ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက မီဒီယာများနှင့်တွေ့ဆုံ၍ အထူးရဲခန့်ထားမှုနှင့်ပတ်သက်ပြီး မီဒီယာများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌပြောသည့် ပြည်ပနိုင်ငံများ၌ ကြိုတင်မဲပေးရာတွင် ကြုံတွေ့သည့် အခက်အခဲများ

မေး၊ ရေး- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ၁၈ ရက်သာလိုတော့သည့်အချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံမှုများအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။**



**ဦးတင်အေး (ဥက္ကဋ္ဌ)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**မေး ။** ပြည်ပနိုင်ငံတွေမှာ ကြိုတင်မဲပေးရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုရော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘယ်လိုဖြေရှင်းပေးဖို့ အစီအစဉ်ရှိတယ်ဆိုတာ ပြောပြပေးပါခင်ဗျာ။

ဖြေ ။ တနင်္ဂနွေနေ့က စင်ကာပူကို ကျွန်တော်တိုက်ရိုက်ဖုန်းပြောဖြစ်တယ်။ ကလေးတစ်ယောက်ရဲ့ ပုံစံကို ကျွန်တော်ကြည့်လိုက်တော့ သူဟာလက်ရေးတွေဘာတွေ ရေးထားဖြည့်ထားတာမှန်တယ်။ ဒါပေမယ့် ကျွန်တော်တို့က ဘယ်တိုင်းပြည်ကို ပို့ရမှန်းမသိဘူး။ ဒီတော့ သူ့ရဲ့ terminology တွေကိုကြည့်ပြီး ဒါက ကိုရီးယားထင်တယ်လို့ ယူဆရင် ဒီမဲဟာ ကိုရီးယားကို ပို့လိုက်မိတယ်။ ဒီလိုလူမျိုးတွေအတွက် ကျွန်တော်တို့က ညှိနှိုင်းနေတယ်။ သူ့ကို မဲပေးနိုင်အောင် ထပ်ပို့ပေးဖို့ လုပ်နေတယ်။ ဒါကိုတော့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ညှိနှိုင်းနေပါတယ်။

**မေး ။** ပြည်ပနိုင်ငံ(နိုင်ငံခြား)ကနေ ကြိုတင်မဲပေးသူ အချို့လွှတ်တော်သုံးရပ်နဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေအတွက် မဲပေးပိုင်ခွင့်ရှိတဲ့ မဲလက်မှတ်အရေအတွက် အပြည့်မရရှိမှုတွေ ကြုံတွေ့နေရတာမျိုးဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီကိစ္စရပ်တွေအတွက် ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘယ်လိုလုပ်ဆောင်ပေးသွားမယ်ဆိုတာကိုလည်း သိချင်ပါတယ်။

ဖြေ ။ ဒါကတော့ ဘယ်နေရာမှာ လွဲမှားမှုတွေဖြစ်သွားတယ်ဆိုတာ ကျွန်တော်တို့ မသိဘူး။ လူတစ်ယောက်က မန္တလေးအတွက် မဲပေးရမယ့်သူဆိုရင်လည်း သုံးစောင်ထုတ်ပေးလိုက်တာပဲ။ သူ့အတွက် ကျွန်တော်တို့က နိုင်ငံခြားရေးဝန်ကြီးဌာနကို အပ်တာကိုး။ အပ်တဲ့အခါမှာ နိုင်ငံခြားရေးဝန်ကြီးဌာနကို ကျွန်တော့်ဘက်က အထုပ်လိုက်ကြီး ပေးလိုက်တယ်။ ဒါကို သူတို့က တစ်ကမ္ဘာလုံးစာလိုက်ပြီး ခွဲပေးရတယ်။ မြို့နယ် ၃၃၀ ကနေ ရတဲ့ ကြိုတင်မဲစာရင်းတွေကို တစ်ကမ္ဘာလုံးအတွက်ခွဲပေးရတယ်။ ဒီအခါမှာ ပြည်သူ့လွှတ်တော် လွတ်သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ ဒီအလုပ်ဟာ လွယ်ကူတဲ့အလုပ်မဟုတ်ဘူး။ ဒါအတွက် လုပ်ရတဲ့ အလုပ်တွေက အများကြီးပါပဲ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ မဲပေးချင်တဲ့သူတွေ စာရင်းကိုရှာရတယ်။ တစ်နိုင်ငံလုံးက မြို့နယ် ၃၃၀ ကို ပြန်စိစစ်တယ်။ သက်ဆိုင်ရာမြို့နယ်ကနေ မဲစာရင်းတွေကို ကျွန်တော်တို့ရတယ်။ ပြီးရင် တစ်ကမ္ဘာလုံးကို ပြန်ဖြန့်ဝေတယ်။ ဒီလက်မှတ်တွေကို ရွေးကောက်ပွဲမကျင်းပမီ မြန်မာပြည်ကိုပြန်ရောက်အောင် ပို့ပေးရတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ သူတွေရဲ့ ကြိုတင်မဲတွေက မြန်မာပြည်ကို ပြန်ရောက်လာမယ်။

**ကျန်ခဲ့တဲ့ မဲလက်မှတ်တွေအတွက် တတ်နိုင်သမျှ ကြိုးစားပြီး သူတို့ရဲ့အခွင့်အရေးမဆုံးရှုံးအောင် လုပ်နေတယ်။**

**မေး ။** ဟုတ်ကဲ့ပါ။ အခု ထုတ်ပြန်ကြေညာခဲ့ပြီးတဲ့ မဲစာရင်းတွေအတွက် ဘယ်လိုစိန်ခေါ်မှုကို တွေ့ကြုံရပါသလဲ။ ဘယ်လို ပြင်ဆင်မှုတွေ ပြုလုပ်ထားတယ်ဆိုတာ သိချင်ပါတယ်။

ဖြေ ။ ကျွန်တော်က ကိုယ်လုပ်ရမယ့် အလုပ်ကိုယ်လုပ်တယ်။ ကိုယ်က ဖြစ်နိုင်သမျှ ကြိုးစားပြီး ဆောင်ရွက်ပေးတယ်။ လူထုကသာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ အောင်မြင်သွားမှာပါ။ ပူးပေါင်းဆောင်ရွက်မှုမရှိဘူးဆိုရင်တော့ ကြုံတွေ့ရမယ့် စိန်ခေါ်ချက်က မဲစာရင်းမှားတယ်။ မဲစာရင်းကြည့်ရခက်တယ်ဆိုတဲ့ စိန်ခေါ်ချက်ကြီးဖြစ်မှာပါပဲ။ ဒါကိုလည်း ကျွန်တော်က မဲဆန္ဒရှင်သက်သေခံလက်မှတ်ဆိုတာနဲ့ ကျော်လွှားဖို့ လုပ်ထားပါတယ်။ မဲစာရင်းမှာပါတယ်။ မဲပေးချင်တယ်။ မဲစာရင်းကို ရှာရခက်တယ်ဆိုတာများဖြစ်နေရင် ရပ်ကွက်နဲ့ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးကို လာလိုက်ပါ။ မဲဆန္ဒရှင်သက်သေခံလက်မှတ်ဆိုတာကို ကျွန်တော်တို့ ပြုစုထားပါတယ်။ ဒီလက်မှတ်လုပ်ပေးထားခြင်းအားဖြင့် အကျိုးကျေးဇူးငါးခုရမယ်။ တစ်က မဲစာရင်းထဲမှာပါပြီး မဲပေးပိုင်ခွင့်ရှိသွားပြီဆိုရင် ဒီလက်မှတ်ရတယ်။ နှစ်က ဘယ်မဲရုံမှာ မဲပေးရမလဲဆိုတာကို အလွယ်တကူသိနိုင်မယ်။ သုံးက မဲရုံက မဲစာရင်းမှာ လက်မှတ်ထိုးဖို့အတွက် အမှတ်စဉ်နံပတ်ကို သိနိုင်မယ်။ ဒီတော့ မဲလက်မှတ်ကို မြန်မြန်ဆန်ဆန်ထုတ်ယူနိုင်မယ်။ လေးကတော့ တခြားသက်သေခံကတ်ပြားတွေပြဖို့ မလိုအပ်တော့ဘူး။ မှတ်ပုံတင်၊ ကားမောင်းလိုင်စင်၊ ကျောင်းသားကတ်တွေ မဲရုံမှာ ပြစရာ မလိုတော့ဘူး။ နောက်ဆုံးကတော့ မှားနေရင် မဲစာရင်းကို ပြင်ပေးလိုက်မယ်။ ဒါဆိုရင် ကော်မရှင်က မဲစာရင်း မမှားတော့ဘူး။ ဒါကြောင့်မို့ မဲစာရင်းအခက်အခဲကို ကျော်လွှားမှာကတော့ မဲဆန္ဒရှင် သက်သေခံလက်မှတ် ထုတ်ပေးတာပါပဲ။ မဲစာရင်းရှိတဲ့လူတိုင်းလည်း မထုတ်ပေးပါဘူး။ ဖောင်းပွသွားမှာစိုးလို့ပါ။ ဒါကြောင့် မဲပေးချင်သလား။ ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးကိုလာခဲ့ပါ။ ပြီးရင်သက်သေခံ လက်မှတ်ထုတ်လိုက်ပါ။ ဒါဆိုရင် လွယ်လွယ်ကူကူ မဲပေးနိုင်သွားပြီ။ သက်သေခံလက်မှတ်မှာက ဘယ်မဲရုံမှာ မဲပေးရမယ်။ မဲပေးဖို့လက်မှတ်ထိုးရမယ့် အမှတ်စဉ်နံပါတ် ဘယ်လောက်ဖြစ်တယ်ဆိုတာ တစ်ခါတည်းသိမယ်။ နောက် သက်သေခံ လက်မှတ်ပါရင် အခြားသက်သေခံအထောက်အထားပြစရာ မလိုတော့ဘူး။ ပြီးရင် မဲစာရင်းကို မှန်ကန်အောင် ပြင်ဆင်သွားနိုင်ပြီ။

**မေး ။** ဒါဆိုရင် မဲဆန္ဒရှင်စာရင်းမှာ အမည်ပါဝင်ပေမယ့် မဲဆန္ဒရှင်သက်သေခံ လက်မှတ်မထုတ်ယူသူတွေဟာ ရွေးကောက်ပွဲနေ့မှာ မဲပေးခွင့်ဆုံးရှုံးမှာလား။ မဲပေးခွင့်ရှိရဲ့လား။ ဒါမှမဟုတ် သက်သေခံမဲပေးခွင့်လက်မှတ်ထုတ်ယူထားပြီး ပျောက်ဆုံးသွားခဲ့ရင်ရော မဲပေးခွင့်ရှိပါဦးမလားဆိုတာ ပြောပြပေးပါခင်ဗျာ။

ဖြေ ။ ပေးခွင့်ရှိတာပေါ့။ သက်သေခံလက်မှတ်က ထုတ်လည်းရတယ်။ မထုတ်လည်း မဲပေးခွင့်မဆုံးရှုံးဘူး။ သက်သေခံလက်မှတ်ထုတ်ယူထားရဲ့နဲ့ ပျောက်ဆုံးသွားရင်လည်း မဲမပေးရဘူးလို့ မထင်ပါနဲ့။ ဒါဆိုရင် မှတ်ပုံတင်နဲ့ပေးတော့ မဲစာရင်းနံပါတ်ဘယ်လောက်လဲဆိုတာ ရှာဖွေရတော့ အချိန်ကြာတာပေါ့။ သက်သေခံလက်မှတ်မထုတ်ထားသူတွေကလည်း မဲစာရင်းမှာနာမည်ပါဝင်ရင် မဲပေးခွင့်ရှိတယ်။ ကိုယ့်ရဲ့ မဲစာရင်းနံပါတ်စဉ်ကို သိထားတဲ့သူတွေဆိုရင်လည်း မထုတ်လည်းရတယ်။ မဲစာရင်းထုတ်ပြန်ခဲ့ရာမှာပါတဲ့ လူတိုင်းကို လိုက်ထုတ်မပေးနေဘူး။ မဲပေးချင်တဲ့သူ လာထုတ်လို့ရတယ်။ သက်သေခံကတ်ပြားထုတ်မှ မဟုတ်ဘူး။ သက်သေခံကတ်ပြားထုတ်ချင်ရင်တော့ ပိုကောင်းတယ်။ မဲပေးဖို့ သေချာသွားပြီ။

**(အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။)**

---

# မြန်မာနိုင်ငံသား ဦးရေများပြီး မဲပေးရက်ရှည်သတ်မှတ်ထားတဲ့နိုင်ငံသုံးနိုင်ငံကိုတော့ မဲလိုအပ်ချက်စာရင်းတောင်းခံထားပြီး မဲပေးရက်မကုန်ဆုံးမီ အချိန်မီ မဲလက်မှတ်များထပ်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တွေ့ဆုံခြင်း

**ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၌ ပြည်ပရောက်မြန်မာနိုင်ငံသား မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးလျက်ရှိသော်လည်း အခက်အခဲများရှိနေခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကူညီဖြေရှင်းပေးနေခြင်းများအပါအဝင် မြန်မာနိုင်ငံသားဦးရေများပြီး မဲပေးရက်ရှည် သတ်မှတ်ထားသည့် (၃)နိုင်ငံ၌ မဲလိုအပ်ချက်စာရင်းတောင်းခံ၍ အချိန်မီမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်ကို တွေ့ဆုံမေးမြန်းဖော်ပြ အပ်ပါသည်။**

**မေး ။** မေးမြန်းခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေ ကြိုတင်မဲပေးရာမှာ အခက်အခဲတွေရှိနေတာနဲ့ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ပေးမှု၊ ကူညီဖြေရှင်းနေမှု အခြေအနေ သိလိုပါတယ်။

ဖြေ ။ ပြည်ပရောက် မြန်မာနိုင်ငံသားစုစုပေါင်း ၃၄၇၄၇ ဦး ကြိုတင်ဆန္ဒမဲပေးဖို့ ဆန္ဒပြုတဲ့ ပုံစံ(၁၅)ဖြည့်ပြီး သံရုံးတွေက ကျွန်တော်တို့ဆီ ပြန်ပို့ပါတယ်။ ဖြည့်ပြီးပုံစံ(၁၅)တွေကို ရွေးကောက်ပွဲကော်မရှင်ကို စိစစ်ဖို့၊ ကြိုတင်မဲပြန်ပို့ပေးဖို့ ဆက်ပို့ပါတယ်။ အချက်အလက်ပြည့်စုံတဲ့ မဲပေးမယ့်သူဦးရေစုစုပေါင်း ၂၉၀၀၀ ကျော် စာရင်းပြန်ရပါတယ်။ မြန်မာသံရုံး ၄၄ ရုံးကို ဆန္ဒမဲလက်မှတ်တွေ အချိန်မီရောက်ဖို့ အထူးသံတမန် အမြန်ချောပို့၊ တချို့သံရုံးတွေဆိုရင် အချိန်မီရောက်ဖို့ နေပြည်တော်က ဝန်ထမ်းတွေ ကိုယ်တိုင်ပဲ သွားပို့ခဲ့ပါတယ်။

ကြိုတင်မဲပေးဖို့ရက်ကို အောက်တိုဘာ ၁၃ ရက်ကနေ ၁၈ ရက်အတွင်း သင့်သလို သံရုံးတွေက သတ်မှတ်ဖို့ ညွှန်ကြားခဲ့ပါတယ်။ အောက်တိုဘာ ၁၉ ရက်အထိ ကြိုတင်မဲပေးပြီးသူ ၁၉၈၂၄ ဦးရှိပါတယ်။

ကြိုတင်မဲပေးရာမှာ မဲစာရင်းမှာ အမည်ပါသော်လည်း မဲလက်မှတ်ပါမလာတာ၊ မဲလက်မှတ်သုံးစောင်ပါလာဖို့ဖြစ်သော်လည်း နှစ်စောင်၊ တစ်စောင်ပဲပါတာတွေ ဖြစ်ခဲ့ပါတယ်။ ပုံစံ(၁၅)ဖြည့်ပြီး သံရုံးကို တင်ခဲ့သူတွေထဲမှာလည်း ကြိုတင်မဲပေးမယ့်စာရင်းထဲမှာ လုံးဝအမည်စာရင်း ပြန်ပါမလာတာလည်းရှိပါတယ်။

အဲဒီလိုဖြစ်ရတာကတော့ မြန်မာနိုင်ငံ လိပ်စာမပြည့်စုံတာရယ်၊ လက်ရှိ ၎င်းတို့နေထိုင်တဲ့ နိုင်ငံရဲ့ လိပ်စာမှာ နိုင်ငံအမည်ကို မထည့်မိလိုက်လို့ ကြိုတင်မဲကို ရွေးကောက်ပွဲကော်မရှင်က ဘယ်နိုင်ငံပြန်ပို့ရမယ်မသိဖြစ်ကုန်တာတွေရှိပါတယ်။ ကြိုတင်မဲပေးသူတွေများတဲ့ စင်ကာပူ၊ တိုကျိုနဲ့ဆိုးလ် မြန်မာသံရုံးတွေမှာ အများဆုံးဖြစ်ခဲ့ပါတယ်။ တချို့ဆို ဥပမာ-တိုကျိုမြန်မာသံရုံးကို ပို့ရမယ့် ကြိုတင်မဲတွေ အီဂျစ်နိုင်ငံ မြန်မာသံရုံးကို ရောက်သွားတာမျိုး ဖြစ်ခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်တို့ သိသိချင်းသံရုံးအချင်းချင်းညှိပြီး အမြန်စာပို့စနစ်နဲ့ ပြင်ဆင်ပေးပို့ကြဖို့ကို ညွှန်ကြားခဲ့ပါတယ်။

ဒါကြောင့် အခုဆို ဥပမာ- စင်ကာပူ၊ တိုကျိုမြန်မာသံရုံးတွေကို သတ်မှတ်မဲပေးရက်ကို ထပ်တိုးပြီး မြန်မာနိုင်ငံသားတွေ မဲပေးနိုင်ဖို့ မဲလက်မှတ်ပါမလာတာကို ပြန်ရှာပြီးပေးနိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ တချို့သံရုံးဆို မဲပေးမယ့်ရက် ထပ်တိုးမယ်ဆို တိုးနိုင်ကြောင်း၊ အဲဒီကြိုတင်မဲတွေ အချိန်မီရွေးကောက်ပွဲကော်မရှင်ကို ပြန်ရောက်ဖို့အတွက် လိုအပ်ရင် သံရုံးဝန်ထမ်းတစ်ဦးကို အထူးတာဝန်ပေးပြီး မြန်မာနိုင်ငံအရောက် ပြန်လာပြီးပို့ပေးနိုင်ဖို့ကိုပါ အစီအစဉ်ပြုလုပ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ အောက်တိုဘာ လကုန်အထိ ရွေးကောက်ပွဲ ကော်မရှင်ဆီ ကြိုတင်မဲတွေ ပြန်ရောက်ဖို့အထိ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။



**မေး ။** ခုရှင်းပြတဲ့အထဲမှာပါတဲ့ မြန်မာသံရုံးသုံးရုံး၊ စင်ကာပူ၊ တိုကျိုနဲ့ဆိုးလ်တို့နဲ့ ပတ်သက်ပြီး ကြိုတင်မဲပေးဖို့ ကျန်နေတဲ့ မြန်မာနိုင်ငံသားတွေကို ဘယ်လိုကူညီပေးနိုင်ပါမလဲ။

ဖြေ ။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နဲ့ မနေ့က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ညှိနှိုင်းခဲ့ကြပါတယ်။ ကြိုတင်ဆန္ဒမဲပေးခွင့်ရရှိသူများစာရင်းထဲမှာပါပြီး ဆန္ဒမဲမပေးရသေးသူများစာရင်းကို သံရုံးနှစ်ရုံးက ပေးပို့လို့ရရှိပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်နဲ့ညှိပြီး အချိန်မီမဲပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ သံရုံးတွေကလည်း ပေးလိုက်တဲ့စာရင်းမှာပါရှိတဲ့ နိုင်ငံသားတွေကို အဆင်သင့်ဖြစ်ရင် ဆက်သွယ်ကြမှာ ဖြစ်ပါတယ်။

**မေး ။** လာမယ့် နိုဝင်ဘာ ၈ ရက်မှာ ရွေးကောက်ပွဲကို နိုင်ငံခြားသံတမန်တွေ လေ့လာခွင့်ပြုမှာပါလား။

**သတင်းအဖွဲ့**

ဖြေ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ကုန်မြို့မှာရှိတဲ့ သံရုံးတွေ မြန်မာနိုင်ငံကို ပူးတွဲခန့်အပ်တဲ့ သံရုံးတွေအားလုံးကို လေ့လာသူအဖြစ် တက်ရောက်ဖို့ ဖိတ်ကြားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရုံးစိုက်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေကိုလည်း ဖိတ်ကြားပြီးဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေ၊ ဩစတြေးလျ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ မွန်ဂိုလီးယား စသောနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်တွေနဲ့ လေ့လာသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖိတ်ကြားမှုကို နိုင်ငံခြားရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။** ရွေးကောက်ပွဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာနက ပါဝင်လုပ်ဆောင်ခဲ့ပုံကို ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ နိုင်ငံခြားရေးဝန်ကြီးဌာန ရွေးကောက်ပွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို အမြဲတမ်းအတွင်းဝန် ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းအဖွဲ့(Task Force)ကို ညွှန်ကြားရေးမှူး ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာသံရုံးတွေက တင်ပြလာချက်တွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ညှိနှိုင်းပြီး ညွှန်ကြားမှုခံယူဆောင်ရွက်ခဲ့ပါတယ်။ မြန်မာသံရုံး ဝန်ထမ်းတွေအနေနဲ့ မဲစပေးတဲ့ ပထမရက်မှာ ကြုံတွေ့တဲ့ အခက်အခဲတွေကိုအခြေခံပြီး ဒုတိယရက်၊ တတိယရက်များမှာတော့ အတတ်နိုင်ဆုံး အဆင်ပြေအောင် ကြိုးစားစီစဉ်ပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံသား

*စာမျက်နှာ ၁၁ ကော်လံ ၅ သို့*



# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၀**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ရှစ်ဖွဲ့မှ တာဝန်ရှိသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယနေ့နံနက် ၈ နာရီတွင် Park Royal ဟိုတယ်၌တွေ့ဆုံသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ၏ဒေသများတွင် ရွေးကောက်ပွဲများကျင်းပပေးနိုင်ရေး၊ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ လွတ်လပ်စွာမဲဆွယ် စည်းရုံးဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေး၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲဆန္ဒရှင်များ မဲပေးနိုင်ရေး ရွေးကောက်ပွဲမကျင်းပနိုင်သည့် နေရာဒေသများ၏ မကျင်းပနိုင်သည့်အကြောင်းအရင်းများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းစာဆရာအသင်းအား တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် တာဝန်ရှိသူများကို မွန်းလွဲ ၂ နာရီတွင် Park Royal ဟိုတယ်၌တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးဝင်းကို၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် သတင်းမီဒီယာအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များရယူနိုင်ရေးအတွက် ရွေးကောက်ပွဲကော်ရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ဆက်သွယ်သတင်းရယူနိုင်သည့် ပုဂ္ဂိုလ်များသတ်မှတ်ပေးရေးနှင့် သတင်းစာဆရာများအသင်းမှ ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်ရာတွင် ဆောင်ရွက်လိုသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၁၀ မှ*

ဦးရေများပြီး မဲပေးရက်ရှည်သတ်မှတ်ထားတဲ့ နိုင်ငံသုံးနိုင်ငံကိုတော့ မဲလိုအပ်ချက်စာရင်းတောင်းခံထားပြီး မဲပေးရက်မကုန်ဆုံးမီ အချိန်မီမဲလက်မှတ်တွေ ထပ်ပို့နိုင်ရေးညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လာမယ့်နိုဝင်ဘာ ၈ ရက်နေ့ မြန်မာနိုင်ငံတစ်ဝန်းမှာ ကျင်းပမယ့် ရွေးကောက်ပွဲတွေကို လေ့လာမယ့် မြန်မာနိုင်ငံအခြေစိုက်သံတမန်များရဲ့ သွားလာမှုနဲ့ လေ့လာရေးဆိုင်ရာကိစ္စတွေ အဆင်ပြေစေဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနေပါတယ်။ အဲ့ဒီလို ပြည်တွင်း လေ့လာရေးခရီးသွားရောက်တဲ့အခါမှာ နိုင်ငံရေးပါတီတွေ၊ မဲဆန္ဒရှင်တွေ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တွေ စတဲ့အလွှာအသီးသီးက လူတွေနဲ့ တွေ့ဆုံမှုတွေရှိမှာဖြစ်ပါတယ်။ အဲ့ဒီလိုတွေ့ဆုံတဲ့အခါမှာ သံတမန်တွေအနေနဲ့ ဗီယင်နာ ကွန်ဗင်းရှင်းကို လိုက်နာထိန်းသိမ်းကြဖို့၊ အိမ်ရှင်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တဲ့ပုံမျိုးမဖြစ်ဖို့ကို သတိပြုဖို့လိုပါတယ်။

# အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ၎င်းတို့ဒေသတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကူညီမည်

**သတင်း-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် အောက်တိုဘာ ၂၀**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့သည် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ တွေ့ဆုံခဲ့ကြသည်။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားနယ်ပယ်များတွင် တည်ငြိမ်အေးချမ်းသည့် ရွေးကောက်ပွဲဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်းပြီး တိုင်းရင်းသားများအား အသိပေးနိုင်ရန်အတွက် ယင်းကဲ့သို့ နှစ်ဖက်တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

ယနေ့တွေ့ဆုံပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် ပဋိပက္ခတချို့ကြောင့် မဲဆန္ဒနယ်မြေအချို့၌ ရွေးကောက်ပွဲ ရွှေ့ဆိုင်းမည်ကို စိုးရိမ်ပူပန်လျက်ရှိနေကြောင်း ၎င်းတို့၏ သဘောထားကိုတင်ပြခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် အာမခံချက်ပေးအပ်ခဲ့ပြီး အေးချမ်းသည့် ရွေးကောက်ပွဲဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

ဖက်ဒရယ်ဒီမိုကရေစီထူထောင်ရာတွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရန် တိုင်းရင်းသားများဘက်က လိုလားလျက်ရှိသည့်အတွက် ရွေးကောက်ပွဲ အောင်မြင်စေရန် ၎င်းတို့ဘက်က တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြန်လည်ပြောကြားခဲ့သည်။

ယနေ့တွေ့ဆုံမှုသို့ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNLA-PC)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)တို့ တက်ရောက်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး (CNF) မှာမူ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်မှု မရှိခဲ့ကြောင်း မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)၏ ဥပဒေအကြံပေးဒေါက်တာ ငွန်ကျုံးလျန်ထံမှ သိရသည်။

ယနေ့တွေ့ဆုံမှုအပြီးတွင် တက်ရောက်ခဲ့ကြသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)မှ ကိုယ်စားလှယ်များအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**စောဆဲလ်ဂေ (ကရင်အမျိုးသားအစည်းအရုံး-KNU)**



ကျွန်တော်တို့ အချိန်အကန့်အသတ်နဲ့ တွေ့ဆုံရတာဖြစ်တဲ့အတွက် ရွေးကောက်ပွဲ ကော်မရှင်ဘက်က စိုးရိမ်မှုရှိနေတဲ့ ကိစ္စတွေအပေါ်မှာပဲ ကျွန်တော်တို့က ဆွေးနွေးခဲ့တယ်။ ကျွန်တော်တို့ ဒေသဟာ နယ်မြေကျယ်ဝန်းတော့ ရွေးကောက်ပွဲကျင်းပတဲ့အခါမှာ လုံခြုံရေးအရ အနှောင့်အယှက်ပေးလာမှာကို UEC ဘက်က စိုးရိမ်တယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်ရင် ကျွန်တော်တို့ရဲ့ KNU မှာ ညွှန်ကြားချက်တွေရှိပါတယ်။ ရွေးကောက်ပွဲကို မနှောင့်ယှက်ဖို့နဲ့ လိုအပ်တာကို ညှိနှိုင်းဖြေရှင်းဖို့ပါ။ ဒီကိစ္စနှစ်ရပ်ကို အဓိကဆွေးနွေးတယ်ပေါ့။ ကျွန်တော်တို့ ဒေသထဲမှာ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဒီနေ့အထိတော့ အခက်အခဲပြဿနာ မရှိသေးဘူး။ ရွေးကောက်ပွဲ အောင်မြင်စေဖို့ လိုအပ်ရင် လိုအပ်သလောက် ကျွန်တော်တို့ KNU ဘက်က လိုက်လျောနိုင်တဲ့အဆင့်အထိတော့ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိတယ်။

**ခွန်းဆိုင် (အကြံပေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ-RCSS)**



ရွေးကောက်ပွဲမှာ ကျွန်တော်တို့ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေက အစိုးရနဲ့အပစ်အခတ်ရပ်စဲရေး လုပ်ထားတယ်ဆိုတော့ ကျွန်တော်တို့ရဲ့ လှုပ်ရှားနေတဲ့နယ်မြေတွေထဲမှာ ရွေးကောက်ပွဲကျင်းပမှုမှာ ကျွန်တော်တို့ ဘယ်လိုကူညီပေးနိုင်မလဲ၊ ရွေးကောက်ပွဲ အောင်မြင်အောင် ကျွန်တော်တို့ ဘယ်လိုအကူအညီပေးနိုင်မလဲ ဆိုတာကို လာပြီးတော့ ဆွေးနွေးတာပါ။ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေကြောင့်ဆိုပြီး ရွေးကောက်ပွဲကြီး မဖြစ်မှာကို မလိုလားဘူး။ ဒီတော့ ရွေးကောက်ပွဲကျင်းပမယ့် နယ်မြေတွေမှာ တည်ငြိမ်ဖို့ ကူညီပေးချင်တယ်။ ပြည်သူတွေသူတို့ရဲ့ ဆန္ဒကို လွတ်လွတ်လပ်လပ်ပြသနိုင်ဖို့ အကူအညီပေးချင်တာပဲ ရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ လာတွေ့တယ်။

ကော်မရှင်ဥက္ကဋ္ဌက လူထုဘက်က ဒါမှမဟုတ် မဲရှုံးသွားတဲ့ အမတ်လောင်းတွေဘက်ကနေပြီး မဲရှုံးရတာဟာ တစ်ဖက်က လက်နက်ကိုင်ခြိမ်းခြောက်မှုတွေကြောင့် ဖြစ်တယ်ဆိုပြီး ကန့်ကွက်လာရင် UEC ဘက်က ပြန်လည်စစ်ဆေးရမှာဖြစ်ပြီး ပါတီဖျက်သိမ်းရတဲ့ အနေအထားအထိ ဖြစ်လာနိုင်တယ်လို့ ကျွန်တော်တို့ကို ပြောပါတယ်။

ကျွန်တော်တို့ ဘက်ကတော့ အဲ့လိုမျိုးတွေ ဖြစ်မလာအောင် ရွေးကောက်ပွဲမကျင်းပနိုင်တဲ့ နယ်မြေဆိုပြီး တစ်ဖက်သတ် ရုတ်တရက် မကြေညာပါနဲ့။ မဲဆန္ဒနယ်ကို ရုပ်သိမ်းပြီး မဲရုံတွေ ဖျက်သိမ်းတာမျိုးကို မလုပ်ပါနဲ့။ ကျွန်တော်တို့ကို အရင်ဆွေးနွေးပါလို့ ရွေးကောက်ပွဲကော်မရှင်ကို ဒီနေ့ဆွေးနွေးပဲမှာ တောင်းဆိုထားပါတယ်။

**ဦးလှမောင်ရွှေ (အထူးအကြံပေး) မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)**

လက်နက်ကိုင် အဖွဲ့အစည်းခုနစ်ဖွဲ့ဘက်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်အောင် သူတို့ ကဏ္ဍကနေ ကူညီပါ့မယ်လို့ အပြန်အလှန်ဆွေးနွေးတယ်။ RCSS နဲ့ KNU က သူတို့ဒေသအတွင်းမှာ ရှိနေတဲ့ မြို့နယ်တွေအတွက် သူတို့ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ကော်မရှင်ဥက္ကဋ္ဌကို ပြောသွားတာကလည်း လာမယ့် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ဘက်ကို ပိုပြီးတော့ ရောက်စေတယ်။

KNU ဘက်က ရှင်းပြတာက သူတို့အနေနဲ့ အောက်ခြေတပ်မဟာတွေကို ရွေးကောက်ပွဲကို လုံးဝ မနှောင့်ယှက်ဖို့ ညွှန်ကြားထားတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်လည်း ကူညီကြဖို့ ပြောထားတယ်။ RCSS ကလည်း အရင်က သူတို့ နယ်ပယ်ထဲက (၁၆) မြို့နယ်မှာ မဲဆွယ်တာတွေကို ဆိုင်းငံ့ထားဖို့ပြောထားပေမယ့် အခုသူတို့ကိုယ်တိုင်ကိုယ်က ရွေးကောက်ပွဲကို ဝိုင်းဝန်းပြီး ဆောင်ရွက်သွားမယ်လို့ ပြောသွားတဲ့အတွက် RCSS နဲ့ KNU ထိန်းချုပ်နယ်မြေတွေနဲ့ ဆက်စပ်မြို့နယ်တွေမှာ ပဋိပက္ခဖြစ်တဲ့ မြို့နယ်တွေအားလုံးမှာ ပိုပြီးကောင်းလာမယ်လို့ ကျွန်တော်ထင်တယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတော့ သူတို့အနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ကို ဖြစ်စေရမယ်လို့ အာမခံချက်ပေးထားတယ်။ တိုင်းရင်းသားတွေကလည်း သူတို့ကိုယ်တိုင်ဟာ နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်လာပြီဖြစ်တဲ့အတွက် တစ်နေ့ကျရင် သူတို့ကိုယ်တိုင်လည်း ဒီလိုရွေးကောက်ပွဲတွေကို ဖြတ်သန်းရမှာပဲ။ လူထုရဲ့ အဆုံးအဖြတ်ကို ခံယူရမှာပဲဆိုတာကို သူတို့လည်း နားလည်တယ်။

# မြစ်ချောင်းအင်းအိုင်တိမ်ကောပျောက်ပျက်မှုမရှိစေရေး တရားမဝင် ရွှေတူးဖော်မှုကို ထိရောက်သောဥပဒေများဖြင့် တားမြစ်သင့်

**ဗန်းမောက် အောက်တိုဘာ ၂၀**



မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝရေကြောင်းပြောင်းလဲမှုမဖြစ်ပေါ်စေရေးနှင့် ရေနေသားငါးတိရစ္ဆာန်မျိုးပွားမှုကို ထိခိုက်မှုမရှိစေရေးတို့အတွက် သဘာဝဂေဟစနစ်များမပျောက်ပျက်ရန် သက်ဆိုင်ရာက တားမြစ်ထားသော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် စီးမှော်ကျေးရွာအနီးမိုင်းတုံချောင်းမှစီးဆင်းသည့် တောင်ချောင်းနှင့် မှန်လုံးချောင်းဆုံရာချောင်းတစ်ဝိုက်တွင် စက်ယန္တရားများဖြင့် ရွှေတူးဖော်ရှာဖွေနေကြောင်း သိရသည်။

အဆိုပါ ရွှေသတ္တုတူးဖော်ရှာဖွေရာတွင် စက်ယန္တရားကြီးများအကူယူကာ အပေါ်မြေစာများပစ်၍ ခြောက်လုံးထိုးမြေစာစုပ်ယူစက်ကြီးများမှနေ၍ ခြောက်လက်မပိုက်ဖြင့်သွယ်တန်းပြီး ရေကျိုသယ်ယူစက်ဖြင့် ရွှေမျောစင်မှ ရေနောက်များ ချောင်းအတွင်းသို့ကျဆင်းစေလျက် နေ့စဉ် နံနက်မှ ညနေအထိ ရွှေတူးဖော်နေကြောင်း၊ ထိုသို့ တူးဖော်နေခြင်းကို တားမြစ်ပေးနိုင်သူမရှိကြောင်း ဒေသခံတစ်ဦးကပြောပြသည်။

“အရင်က ဒီဒေသမှာ ကားလမ်းမရှိသေးတော့ ချောင်းကိုသာ အမှီပြုပြီး ဒေသအထောက်အကူပြုပစ္စည်းတွေကို စက်လှေငယ်တွေအသုံးပြုကာ အဓိကအားထားသွားလာရပါတယ်။ အခုတော့ ချောင်းတွေကောလာပြီး သားရဲတိရစ္ဆာန်နဲ့ ခိုင်းကျွဲ၊ နွားများ၊ ဒေသခံတွေအသုံးပြုနေတဲ့ သောက်သုံးရေမှာ ရေနောက်မှုတွေ အမြဲဖြစ်ပေါ်နေပါတယ်။ ရေထဲနေငါးမျိုးကောင်းများလည်း မျိုးပွားပေးနိုင်မှုမရှိတော့တဲ့အတွက် တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်လာတာတွေ့ရတယ်” ဟု စီးမှော်ကျေးရွာနေသူတစ်ဦးထံမှ သိရသည်။

ထို့ကြောင့် ဗန်းမောက်မြို့နယ်အတွင်း အိမ်ခြေ ၁၃၄ အိမ်၊ အိမ်ထောင်စု ၁၃၄ စု၊ အမျိုးသား ၃၄၆ ဦး၊ အမျိုးသမီး ၃၆၉ ဦး စုစုပေါင်း လူဦးရေ ၇၁၅ ဦး နေထိုင်ရာစီးမှော်ကျေးရွာအနီး၌ ထိုသို့ တရားမဝင်ရွှေတူးဖော်နေမှုကို သက်ဆိုင်ရာက ကွင်းဆင်းကြပ်မတ်စစ်ဆေးပြီး ထိရောက်သောဥပဒေများဖြင့် ထိန်းကျောင်းပေးစေလိုကြောင်း ဒေသခံပြည်သူများအနေဖြင့် လိုလားလျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## အောက်တိုဘာ ၂၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၁၅ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၅၀ မှ ၁၈၅၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၀ မှ ၂၆၂၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၂၅၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ မှ ၉၃၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၂၂၀၀ |
| ၁၃ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀၀၀ မှ ၆၀၀၀ |
| ၁၆ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

## တာမွေ၌ ၁၄၆ လမ်းကတ္တရာလမ်းသစ်ဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့ တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက် ၁၄၆ လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက်က အဆိုပါလမ်းပေါ်၌ ကျင်းပခဲ့သည်။

အဆိုပါ ၁၄၆ လမ်းသည် အရှည်ပေ ၅၆၀၊ ကတ္တရာလမ်းအကျယ် ၁၈ ပေ၊ ဘေးပခုံးသားအကျယ်တစ်ဖက် သုံးပေစီ စုစုပေါင်း လမ်းအကျယ် ၂၄ ပေရှိသည်။

လမ်းအတွက် ကုန်ကျငွေကို နိုင်ငံတော်က ငွေကျပ် သိန်း ၅၀၊ ၁၄၆ လမ်း ပြည်သူများ ထည့်ဝင်ငွေကျပ် သိန်း ၁၂၀ ဖြင့် အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

## ရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းများဖွင့်

**လွိုင်လင်**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်မင်းက ရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်အောင်က ရွေးကောက်ပွဲဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များ၏ ကျင့်ဝတ်၊ လေ့ကျင့်သင်ကြားပေးမည့် အစီအမံများနှင့် ရွေးကောက်ပွဲပြီးဆုံးချိန်ကာလအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

**တောင်ငူ**

တောင်ငူမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲရုံလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရန် အထူးရဲသင်တန်းကို အောက်တိုဘာ ၂၀ ရက်ကတောင်ငူမြို့မရဲစခန်းဝင်းသင်တန်းခန်းမ၌ဖွင့်လှစ်ရာ အထူးရဲသင်တန်းတွင် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေက ရွေးကောက်ပွဲကြီးအောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် အထူးရဲများကို ခန့်ထားခြင်းဖြစ်ကြောင်း၊ တောင်ငူမြို့နယ်၌ မဲရုံပေါင်း ၂၀၀ ရှိသည့်အတွက် မဲရုံတစ်ရုံကို အထူးရဲတစ်ဦးနှုန်းဖြင့် အထူးရဲ ၂၀၀ ခန့်အပ်ထားကြောင်း၊ အထူးရဲများကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ အမြဲတမ်းရဲတပ်ဖွဲ့ဝင်များနည်းတူ လစာနှင့် စရိတ် ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သူရ(တောင်ငူ)**


GOLDEN STAR Travels & Tours
❖ မန္တလေး-ပြင်ဦးလွင်ခရီးစဉ် Oct-23,27
❖ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Oct-23,27
❖ တောင်ကြီး-အင်းလေး(ဖောင်တော်ဦးဘုရားပွဲ) Oct-23,27
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံ စီးလုံးငှားသည်။
Ph;01-703448, 209200, 544383, 09-5081580

**ဖခင်အမည်မှန်**
ဘားအံမြို့၊ အမှတ်(၃)၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ စောရေလှိုင်း၏ ဖခင်အမည်မှန်မှာ ဦးစောမြင့် ဖြစ်ပါကြောင်း။
**ဦးစောမြင့် ၃/ဘအန(နိုင်)၀၈၉၇၂၀**

### ပတ္တမြားရတု မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ခင်နီကျော် [အထပြ (ငြိမ်း)]တို့၏ ၂၁-၁၀-၂၀၁၅ရက်တွင် ကျရောက်သော အနှစ် (၄၀)မြောက် **‘ပတ္တမြားရတုမင်္ဂလာ’** မှသည် နှောင်ရတုအဆက်ဆက်တိုင်အောင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ဖြတ်သန်းသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။
**ချစ်သားများ-ကိုဇာနည်၊ ကိုဖိုးဖြူ၊ ကိုကြည်သာ**

### အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၇) (၂၅)နှစ်မြောက်ငွေရတုနှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၇)၏ (၂၅)နှစ်မြောက် ငွေရတုနှစ်ပတ်လည်အခမ်းအနားနှင့် ၂၀၁၄-၂၀၁၅ပညာသင်နှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော မိသားစုဝင်သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး တက်ရောက်ပေးပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

- **လှုပ်တစ်ပြက်ဂေါက်သီးရိုက်ပြိုင်ပွဲ**
  ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့) နံနက် ၆း၀၀ နာရီ၊ Tee Off ၊ ၀၆း၃၀ နာရီ၊ နေရာ Y.C.D.C (ငွေသော်တာ) ဂေါက်ကလပ်၊ ရန်ကုန်မြို့
- **မိတ်ဆုံညစာစားပွဲ**
  ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့) ညနေ ၁၈း၀၀ နာရီ၊ နေရာ M3 Food Center စားသောက်ဆိုင်၊ ရန်ကုန်မြို့
- **ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆုပေးပွဲအခမ်းအနား**
  ၁-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ
- နေရာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် အရှေ့ဝါယာလက် ၂ လမ်း၊ ကျောက်မျက်ပြတိုက်အရှေ့၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန် (မြစပယ်လမ်း၊ ပါရမီ၊ ရန်ကုန်)

**ဆက်သွယ်ရန်**
**ဇော်ဝင်းနိုင် ဖုန်း-၀၉-၅၀၁၂၅၄၃**
**ကျော်သူရ ဖုန်း-၀၉-၅၅၀၄၁၆၀**
**လှထွဋ်အေး ဖုန်း-၀၉-၄၃၀၀၃၃၀၀**
**ဇော်လွင်မိုး ဖုန်း-၀၉-၅၀၁၆၂၂၈**

**အခမ်းအနားကျင်းပရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၆)၊ ဦးပိုင်အမှတ်(၅၅)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၇ ဧကအနက်မှ အေအမှတ်ပြ ၀ ဒသမ ၀၅၁ ဧကရှိမြေကို နှစ်(၃၀) အငှားဂရန် ခွဲစိတ်အမည်ပြောင်း သက်တမ်းတိုးထုတ်ပေးပါရန် မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ ရွှေဖျိုင်းဖြူဘုရားလမ်း၊ အိမ်အမှတ်(၁၆/စီ)နေ ဒေါ်မြမှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ (၉၉)နှစ် အငှားဂရန်အမှုတွဲအမှတ်၊ ၂၅၂၉ D/၁-၆-၁၉၄၉ အရ မပိုးစီအမည်ဖြင့် (၉၉)နှစ်အငှားဂရန်ရရှိထားသောမြေဖြစ်ပြီး လျှောက်ထားသူဒေါ်မြ၏ခင်ပွန်း ဦးမောင်သန်း၏အဘွားတော်စပ်ပြီး အဖေ၊ အမေ၊ အဘိုး၊ အဘွားများ မောင်နှမများကွယ်လွန်ခဲ့၍ ဦးမောင်သန်းမှ ဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဦးမောင်သန်းကွယ်လွန်ခဲ့၍ လျှောက်ထားသူဇနီးဒေါ်မြမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၇၅/၂၀၀၃ ဖြင့် မှတ်ပုံတင်၍ မိမိအမည်ဖြင့် နှစ် ၃၀ အငှားဂရန် ခွဲစိတ်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမှုတွဲအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

### ဖခင်အမည်မှန်

အထက(၂)၊ တာမွေမြို့နယ်၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်မင်းသူအောင်နှင့် နဝမတန်း(B)မှ မမဋ္ဌူအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးသက်ဝင်းအောင်စိုး ဖြစ်ပါကြောင်း။
**ဦးသက်ဝင်းအောင်စိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(က)မှ စောအောင်ဆန်းထွန်း၏ဖခင် ဦးမြင့်စိန်နှင့် စောအောင်မြင့်စိန် ၃/ဘအန(နိုင်)၁၄၅၀၈၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်စိန်နှင့်စောအောင်မြင့်စိန်**

### အမည်ပြောင်း

မြိုင်မြို့နယ်၊ မြို့သာကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာနေ ဦးသိန်းဇော်မြင့်-ဒေါ်ခင်မြင့်တို့၏သား အမက ပေါက်တော ပထမတန်းမှ မောင်အောင်ခန့်စိုးအား မောင်အောင်ဖြိုးလင်း ဟုပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဖြိုးလင်း**

### မွေးသက္ကရာဇ်အမှန်

မုဒုံမြို့၊ မြို့မ (၁)ရပ်ကွက်၊ စာစင်အရှေ့ပိုင်းရပ်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၅)နေ ဦးသံချောင်း ၁၀/မဒန(နိုင်)၀၃၈၇၀၂ ၏သား မောင်သန်းစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၁၁-၁၉၈၆ ဖြစ်ပါသည်။
**မောင်သန်းစိုး ၁၀/မဒန(နိုင်)၁၉၂၅၃၉**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက (၃) တက္ကသိုလ်ဝင်တန်းမှ မနှင်းသန္တာဦး၏ ဖခင်အမည်မှန်မှာ ဦးစံအောင် ၅/ကလထ(နိုင်)၀၂၀၈၃၀ ဖြစ်ပါကြောင်း။
**ဦးစံအောင်**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၂၀**

လယ်ဝေးမြို့နယ် သာဝတ္ထိပူးပေါင်းစစ်ဆေးရေးဂိတ်တွင် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက်က နေပြည်တော်ဘက်မှ ရေနီဘက်သို့ မောင်တူး(ခ)ခင်အောင်မိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၅၀ သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၁၈ ရက်က တန့်ယန်းဘက်မှ လားရှိုးဘက်သို့ အိုက်ကြိုင်းမောင်းနှင်ပြီး လုံးကော်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်က အေးသာယာမြို့ ရပ်ကွက်(၅) နယ်မြေ(၄) အကွက်ကြီး (၅၀) အမှတ်(၉၃) နေ မအေးနွယ်စိုး(ခ) အေးအေးစိုး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃ ပြားနှင့် မြန်မာငွေ ၂၇၀၀၀ တို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်က ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာအုပ်စု ခါးပြတ်ကျေးရွာနေ ကိုကိုလတ်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မလွင်မာလာ(ခ) မြတ်နိုးအားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် မြန်မာငွေကျပ် ၂၁ ဒသမ ၀၉ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြစ်ကမ်း၌ရပ်ထားသော ငါးဖမ်းသင်္ဘောမှ ပစ္စည်းများလုယက်ခဲ့သူများကို ဖမ်းမိ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မြစ်ကမ်းပါးတစ်လျှောက်၌ ကမ်းကပ်ထားသော လှေများမှပစ္စည်းများ ခိုးယူခံရမှု၊ လုယက်ခံရမှုများမဖြစ်ပွားစေရေးအတွက် နယ်မြေအတွင်း လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက် နံနက် ၄ နာရီက ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ရာဇာသင်္ကြန်လမ်းမ၌ အမျိုးသားနှစ်ဦးအား မသင်္ကာဖွယ် တွေ့ရှိရသဖြင့်စစ်မေးရာ ၎င်းတို့မှာ ဒလမြို့နယ်နေ နေမျိုးသူ(၁၉ နှစ်)နှင့်ကိုလင်း(၂၂ နှစ်)တို့ဖြစ်ကြောင်းသိရပြီး ၎င်းတို့ထံမှ ဓားရှည်တစ်လက်ကို တွေ့ရှိသိမ်းဆည်းရမိသည်။

၎င်းတို့နှစ်ဦးအား စစ်ဆေးချက်အရ မြစ်ကမ်း၌ကပ်ထားသော ငါးဖမ်းသင်္ဘောတစ်စင်းကို ဇော်ဦး၊ ဆန်းအောင်တို့နှင့်အတူ လုယက်ခဲ့ကြကြောင်း၊ လုယက်ရရှိခဲ့သောပစ္စည်းများကို ချုံပုတ်များအတွင်း ဝှက်သိမ်းထားကြောင်း သိရသဖြင့် ရှာဖွေသိမ်းဆည်းခဲ့ရာ ဘက်ထရီအိုး ၁၂ ဗို့နှစ်လုံး၊ ဝရိန်ကြိုးတစ်ခွေ၊ ရေဘားခုနစ်ခု၊ ရေပိုက်ဆက် ၁၂ ခု၊ ပိုက်ဆက်ဖလန်းပြား ရှစ်ခု၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည့်အပြင် လုယက်မှုကျူးလွန်ရာတွင် ၎င်းတို့ကိုင်ဆောင်အသုံးပြုသော ဓားမတစ်ချောင်း၊ ဓားမြှောင်တစ်ချောင်းနှင့် လေးခွတစ်လက်တို့ကိုလည်း သိမ်းဆည်းရမိသည်။

ယင်းသို့ ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ ဒလမြို့နယ်နေသူများဖြစ်သည့် ဇော်ဦး(၃၁ နှစ်)နှင့် ဆန်းအောင်(၂၂ နှစ်)တို့ နှစ်ဦးကို ဆက်လက်ရှာဖွေဖမ်းဆီးခဲ့ပြီး ၎င်းတို့လေးဦးအား ဒလမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**မဘိမ်း အောက်တိုဘာ ၂၀**

မိုးမိတ်ခရိုင် မဘိမ်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဗိုလ်ငွေးနှင့်ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက သတင်းအရ နမ့်ပုံပုံးရပ်ကွက်ရှိ ကျော်အောင်နှင့် မချစ်ချစ်ချောတို့ နေအိမ်ကို ဝင်ရောက်ရှာဖွေကြရာစိတ်ကြွရူးသွပ်ဆေးပြား ၃၁၀၀၊ ဘိန်းဖြူမှုန့် ၅ ဂရမ်ကို ရှာဖွေသိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါးများရောင်းချသူ ကျော်အောင်(၂၈ နှစ်)၊ မချစ်ချစ်ချော (၃၀ နှစ်) တို့နှစ်ဦးအား မဘိမ်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဒိုင်နာယာဉ်နှင့် ထော်လာဂျီမျက်နှာချင်းဆိုင်တိုက်

**နတ်တလင်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မရဲစခန်းမှ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်တိုင်အမှတ် ၁၃၉/၄ နှင့် ၁၃၉/၅ ကြားရဲစခန်းနှင့် တစ်မိုင် သုံးဖာလုံခန့် လပ်ကီးဇုံဆီဆိုင်ရှေ့၌ ဦးဝင်းသိန်း(၄၅ နှစ်) အုပ်ဖိုတစ်ပေါင်းတည်မြို့ နေထိုင်သူမောင်းနှင်လာသည့် YGN/-------- ဒိုင်နာ(လိုင်စင်စိစစ်ဆဲ) နှင့် ရန်ကုန် မှပြည်ဘက်သို့ ဦးသိန်းစိုး(၃၇ နှစ်) တင်ပြင်ခွေရွာ နတ်တလင်းမြို့နယ်နေသူ မောင်းနှင်လာပြီး ဦးသိန်းဆောင် စီးနင်းလိုက်ပါလာသော နံပါတ်မပါ ထော်လာဂျီ (လိုင်စင်စိစစ်ဆဲ)တို့နှင့် မျက်နှာချင်းဆိုင်တိုက်မိ၍ ဒိုင်နာကားပေါ်လိုက်ပါလာသူ သက်ခိုင်ဦးသည် နတ်တလင်းဆေးရုံသို့လည်းကောင်း၊ ထော်လာဂျီယာဉ်ပေါ်မှလိုက်ပါလာသည့် ဦးသိန်းဆောင်သည် စိုးရိမ်ရသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းကုသရန်စီစဉ်၍ ကျန်လူနာများကို နတ်တလင်းဆေးရုံတွင် တက်ရောက်ကုသမှုခံယူခဲ့သည်။

ယာဉ်မဆင်မခြင်မောင်းနှင်လာကြသူ ယာဉ်မောင်းဝင်းသိန်းနှင့် သိန်းစိုးတို့နှစ်ဦးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**






# တရားမဝင် ဗွီစီဒီ၊ စီဒီ၊ ဒီဗွီဒီ ကူးယူသူများကို ဗိုက်ဘာဖြင့် တိုင်ကြားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာတိုင်းရင်းသားပိုင် ထုတ်လုပ်ဖြန့်ချိလျက်ရှိသော တေးသီချင်းများကို တရားမဝင်ကူးယူသူများတွေ့ရှိပါက ဂီတအစည်းအရုံး၏ Viber နံပါတ် ၀၉-၇၈၆၈၂၀၀၂၇ သို့ အောက်တိုဘာ ၂၀ ရက်မှ စတင်တိုင်ကြားနိုင်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် တာမွေမြို့နယ် ဂီတအစည်းအရုံး၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မူပိုင်ခွင့် ချိုးဖောက်မှုကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေက "အရင်က ဥပဒေမှာ ခိုးကူးခွေတွေကို ဖမ်းမယ်ဆိုရင် ဗွီဒီယို အခြေခံပါမှ ဖမ်းလို့ရမယ်၊ အခုထပ်တင်ထားတဲ့ဥပဒေမှာ ဗီဒီယို စိစစ်ကြီးကြပ်ရေးနဲ့ပူးပေါင်းပြီး ဂီတနဲ့ဆိုင်တဲ့ကိစ္စတွေကို ဗီဒီယိုအခြေခံမလိုဘဲ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနဲ့ပဲ ဖမ်းဆီးပြီးတရားစွဲဆိုကာ လိုအပ်သော လျော်ကြေးများတောင်းလို့ရတဲ့ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားဗွီဒီယိုအက်ဥပဒေတစ်ခုတည်းမကဘဲနဲ့ အခြားလိမ်လည်မှု၊ အတုအပပြုလုပ်မှု၊ ပုံနှိပ်ဥပဒေ စတဲ့ တည်ဆဲဥပဒေများနဲ့ချိတ်ဆက်ပြီး အရေးယူလိုရအောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ဆိုသည်။

မူပိုင်ခွင့် ချိုးဖောက်သူများထံမှ မူပိုင်ခွင့်နစ်နာကြေးလျော်ကြေးငွေများကို မူပိုင်ရှင်များ၏ တီထွင်ဖန်တီးမှု အသိဉာဏ်ပစ္စည်းများအပေါ် အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ အသစ်ထွက်ရှိလာမည့် ဂီတလောကသားများအတွက် လွှတ်တော်မှ မူပိုင်ခွင့် ဥပဒေမပြဋ္ဌာန်းမီကာလအတွင်း လက်ရှိအချိန်တွင် အရေးယူဆောင်ရွက်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ မူပိုင်ခွင့် ချိုးဖောက်သူများအတွက် ဒဏ်ကြေးငွေပမာဏကိုလည်း တိုးမြှင့်သတ်မှတ်ထားကြောင်း သိရသည်။

**ဝင်းဝင်းမော်**


**CLAIMS DAY NOTICE**

**M.V SALZGITTER VOY:NO(4)**

Consignees of cargo carried by M.V SALZGITTER V.4 are here by notified that the vessel will arrive on about 22-10-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**CLAIMS DAY NOTICE**

**M.V CSC TAI HAI VOY:NO(036)**

Consignees of cargo carried by M.V CSC TAI HAI VOY: NO. (036) are here by notified that the vessel will arrive on about 22-10-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်





# ပညာရေးဝန်ကြီးဌာန ပညာရှင်ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပညာရေးဝန်ကြီးဌာန၏ ပညာရှင် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

ပူဇော်ကန်တော့ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ပူဇော်ကန်တော့ပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပညာရှင်ဆရာကြီး၊ ဆရာမကြီးများအား ရှိခိုးကန်တော့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ပညာရှင်ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံပညာရှင်များကိုယ်စား နိုင်ငံတော်သမ္မတ၏ ပညာရေး အကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦးနှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်ရီရီမြင့်တို့က ဆုပေးစကား ပြောကြားကြသည်။

ယင်းနောက် အလှူရှင်များက ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်မှု လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့က ရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့သည့် ၂၀၁၄ ခုနှစ် ထူးချွန် ဆရာ ဆရာမ ကိုးဦးအား ထပ်ဆင့်ဂုဏ်ပြုဆုများပေးအပ်ခဲ့ပြီး ပညာရှင် ဆရာကြီး ဆရာမကြီးများအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**




# Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေပင်လယ်ပြင် ရွက်လှေအားကစားလေ့ကျင့်ရေးစခန်း၌ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/ အဖွဲ့အစည်း ရှစ်ခု၏ ပံ့ပိုးကူညီမှု ပါဝင်မှု (Sponsor) ဖြင့် လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

✳ ရှေ့ဖုံးမှ

အများကြီးကြုံတွေ့ရနိုင်တယ်" ဟု မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဖြေကြားသည်။

ဒေါ်လာဈေးနှုန်းများသည် တိုင်းပြည်၏ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းအပါအဝင် သွင်းကုန်ကဏ္ဍ မြင့်မားလာသည်နှင့်အမျှ မြင့်တက်လာခဲ့ပြီး တင်ပို့ကုန်များမှာမူ သွင်းကုန်ထက် နှိုင်းယှဉ်ပါက ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ပို့ကုန်မှာ အမေရိကန်ဒေါ်လာသန်းပေါင်း၈၈၁၀ ဒသမ ၇၉၇ နှင့် သွင်းကုန်မှာ အမေရိကန် ဒေါ်လာသန်းပေါင်း ၉၈၃၃ ဒသမ ၅၄၉ ရှိကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားရာ ကုန်သွယ်မှုလိုငွေမှာ ကန်ဒေါ်လာသန်း ၁၀၀၀ ဝန်းကျင် ရှိကြောင်း ခန့်မှန်းရသည်။

"ကုန်သွယ်မှုလိုငွေကွာခြားမှုကြောင့် ဒေါ်လာတန်ဖိုးက မြင့်နေရတာပါ။ ဗဟိုဘဏ်က ပြည်တွင်းဒေါ်လာသုံးစွဲမှုကို ကန့်သတ်လိုက်ရင် ဒေါ်လာကိုင်ဆောင်သုံးစွဲသူတွေအတွက် အခက်တွေ့နိုင်ပေမယ့် ရေရှည်မှာ မြန်မာငွေတန်ဖိုး မြင့်လာနိုင်တယ်။ FDI အချို့ကတော့ အလုပ်ရှုပ်တယ်လို့ ပြောကြသလို နိုင်ငံခြားသားတွေနဲ့ တိုက်ရိုက်အလုပ်လုပ်နေတဲ့ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေနဲ့ နိုင်ငံခြားတက္ကသိုလ်တွေ ဝင်ကြေးစတဲ့ လုပ်ငန်းတွေ၊ ဘဏ်လုပ်ငန်းတွေမှာ ငွေကြေးအပေးအယူကိစ္စတွေ အများကြီး ပြဿနာရှိနိုင်တာကိုလည်း သတိထားဖို့တော့ လိုအပ်တယ်" ဟု CB ဘဏ်၏ ဥက္ကဋ္ဌ ဦးကျော်လင်းက ပြောကြားသည်။

နိုင်ငံတကာတွင် နိုင်ငံသုံးငွေကြေးနှင့် အမေရိကန်အပါအဝင် နိုင်ငံခြားငွေများ လဲလှယ်အသုံးပြုနိုင်ရန်အတွက် ငွေလဲကောင်တာများကို နေရာ အနှံ့အပြားတွင်ထားရှိပြီး အချိန်မရွေး အလွယ်တကူ လဲလှယ်အသုံးပြုနိုင်ရန် စီမံထားသော်လည်း မြန်မာနိုင်ငံတွင်မူ ဒေသအလိုက် အချိန်အလိုက် ငွေလဲကောင်တာများ လုံလောက်ခြင်းမရှိခြင်းကြောင့် မြန်မာကျပ်ငွေဖြင့်သာ သုံးစွဲရမည်ဆိုသည့်အချက်ကို ကြိုက်နှစ်သက်မှုမရှိကြောင်း မြန်မာနိုင်ငံတွင် ဗိသုကာဒီဇိုင်းပညာဖြင့် လာရောက်အလုပ်လုပ်ကိုင်သူ ထိုင်းနိုင်ငံသား နပွန်ချိုင်းက မြန်မာ့အလင်း၏ မေးမြန်းချက်ကိုဖြေကြားသည်။ ထိုင်းနိုင်ငံတွင်မူ ဒေါ်လာဖြင့် သုံးစွဲခွင့်ကို ကန့်သတ်ထားပြီး ဘတ်ငွေဖြင့်သာ လဲလှယ်အသုံးပြုကြကြောင်း ဆက်လက်ပြောကြားသည်။

"မြန်မာငွေတန်ဖိုးကို ရသလောက်ဆွဲတင်နေတယ်လို့မြင်ပါတယ်။ သို့သော် အရင်ကလည်း လုပ်ခဲ့ဖူးတယ်လေ။ ဒေါ်လာအစား အက်ဖ်အီးစီဆိုပြီးထုတ်တယ်။ ဈေးတွေက Current မဖြစ်ဘူး။ လုပ်နည်းတွေက အစကတည်းက စနစ်မကျခဲ့တော့ အက်ဖ်အီးစီကလည်း တန်ဖိုးမြင့်မလာ ဘူး။ ဒေါ်လာကို ကိုင်ခွင့်မရှိခင်ကတည်းက ခိုးပြီးကိုင်ကြတယ်။ သုံးစွဲလို့မရပေမယ့် ဈေးကစားတတ်ကြတယ်။ အခုတရားဝင် ကိုင်ဆောင်သုံးစွဲခွင့်ပေးတော့လည်း ဒေါ်လာတန်ဖိုးက ကျမလာဘူး။ အခုလိုပြောင်းတာတော့ဟုတ်တယ်။ သို့သော် အဆင်သင့်မဖြစ်သေးတာက ခက်နေတယ်"ဟု ပို့ကုန်/သွင်းကုန် လုပ်ငန်းလုပ်ကိုင်သူ ဦးစိန်မောင်က သူ့အမြင်ကို ဆွေးနွေးသည်။

ဗဟိုဘဏ်မှ ငွေကြေးဆိုင်ရာ ထိန်းချုပ်ညွှန်ကြားမှုများတွင် ဒေါ်လာဈေးနှုန်းများကို သတ်မှတ်ရည်ညွှန်းဈေးအဖြစ် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပြီး ယင်းဈေးနှုန်းများသည် ပြင်ပဈေးကွက်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်သာကွာခြားပြီး လက်တွေ့ ငွေကြေးဈေးကွက်နှင့် သဟဇာတဖြစ်လာခဲ့ခြင်းသည် မြန်မာ့ငွေကြေးဈေးကွက် ရေရှည်ခိုင်မာရေးအတွက် အထောက်အပံ့ ဖြစ်စေနိုင်သည့်အပြင် ယခုကဲ့သို့ ဒေါ်လာသုံးစွဲမှုကို ကန့်သတ်ရန်ကြိုးပမ်းခြင်းသည် မြန်မာ့ငွေကြေးတန်ဖိုးကျဆင်းကာ ဖောင်းပွမှုနှုန်း ၁၀ရာခိုင်နှုန်းအထိ ရောက်ရှိနေခြင်းကို ကူညီရာရောက်စေမည်ဟု စီးပွားရေးနှင့် ဥပဒေရေးရာ အတိုင်ပင်ခံ ကုမ္ပဏီတစ်ခုဖြစ်သော ယူနွတ်၏ တာဝန်ရှိသူတစ်ဦးက ထောက်ခံပြောကြားသည်။

ဗဟိုဘဏ်ညွှန်ကြားချက်အရ နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့် လိုင်စင်များကို နိုဝင်ဘာ ၃၀ ရက်တွင် နောက်ဆုံးထားပြီး လုပ်ငန်းရှင်များ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်သမ္မတဦးသိန်းစိန် အမှူးပြုသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှခေါင်းဆောင်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများမှ **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်** (NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာပြည်အနာဂတ်အတွက် ဒီမိုကရေစီစနစ်ကို ဦးတည် ဆောင်ရွက်နိုင်ရန် အားလုံးလက်ခံသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အုတ်မြစ်ချနိုင်ခဲ့ခြင်းအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံသားများ၏ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ/တိုင်း(၅)ခုနှင့် ခရိုင်(၁၃)ခရိုင်ရှိ တိုင်းရင်းသားပြည်သူလူထုများမှ အထူးကျေးဇူးတင်ရှိ ပါကြောင်းနှင့် လှိုက်လှဲစွာ မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည် ဆက်လက်ပူးပေါင်း ပါဝင်နိုင်ပါစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ယုံကြည်မျှော်လင့်ကြောင်းဆိုလျက်ရှိပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

# မဲစာရင်းမှာ ပါမှ မဲပေးခွင့်ရှိမယ်

**(ရီရီမြင့်၊ ရီရီသန့်)**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး၌ ရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရန်အတွက် ဆန္ဒမဲပေးကြရမည်။ မဲ ပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ တစ်နိုင်ငံလုံး၌ ၃၃ သန်းခန့်ရှိပြီး ဆန္ဒမဲပေးရမည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် ပါဝင်ရန်လိုအပ်သည်။

မဲစာရင်းတွင် ပါရှိမှု၊ မဲပေးခွင့် မဆုံးရှုံးစေရေးတို့နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးရဲမြင့်အား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ ဘယ်လိုလူမျိုးတွေ မဲပေးခွင့်ရမှာပါလဲ။**

ဖြေ။ ။ မဲစာရင်းမှာပါတဲ့ လူတိုင်းလူတိုင်းကို သက်သေခံလက်မှတ်ပို့ပေးမယ်၊ အဲဒီလက်မှတ်မှာ တစ်ဦးချင်းအမည်၊ မှတ်ပုံတင်၊ အဖအမည်၊ မဲရုံအမှတ်၊ လိပ်စာပါမယ်။ အဲဒါရထားပြီဆိုရင် မဲပေးဖို့ သေချာသွားပြီ။ မဲပေးတဲ့နေ့မှာ သက်သေခံလက်မှတ်ကိုင်ပြီး မဲရုံကိုလာလိုက်၊ မဲရုံမှူးကို အဲဒီလက်မှတ်ပြရင် မဲပေးလို့ရပြီ။

**မေး။ ။ နောက်ဆုံးမဲစာရင်းကို ဘယ်အချိန်မှာ ကပ်မှာပါလဲ။**

ဖြေ။ ။ မဲစာရင်းကို နှစ်ကြိမ်တိုင်တိုင် ထုတ်ပြန်ပြီးဖြစ်ပါတယ်။ အခုနောက်ဆုံး မဲစာရင်းကို ရွေးကောက်ပွဲမတိုင်ခင် နှစ်ရက်အလိုမှာ ရပ်ကွက်/ကျေးရွာကော်မရှင်ခွဲရုံးတွေမှာ ကပ်မှာပါ။ တစ်နိုင်ငံလုံးလုပ်ရတဲ့အတွက် သက်သေခံလက်မှတ်တွေကို အိမ်တွေလိုက်ပေးမှာဆိုတော့ ပါတဲ့လူက အဲဒီလက်မှတ်ရရင် မဲပေးခွင့်ရပါပြီ။

**မေး။ ။ နောက်ဆုံးမဲစာရင်းမှာ မှားနေသေးတယ်ဆိုရင် ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲ။**

ဖြေ။ ။ မဲသက်သေခံလက်မှတ်က ရပြီးပြီ။ ဒါပေမယ့် မှားနေသေးတယ်ဆိုရင် ရပ်ကွက်ကော်မရှင်ရုံးတွေရှိတယ်။ အဲဒီမှာလည်း ပြောလို့ ရတယ်။ ဒါမှမဟုတ်လည်း မဲပေးမယ့်နေ့ မဲရုံကိုလာလိုက်၊ မဲရုံမှာ ရပ်ကွက်ကော်မရှင်ရှိတယ်။ မဲရုံမှူးရှိတယ်။ မှားနေတာကိုတစ်ခါတည်း ပြင်ပေးပြီး မဲပေးခွင့်ပေးမှာပါ။ မှားလည်းကိစ္စမရှိပါဘူး၊ ရွေးကောက်ပွဲ နည်းဥပဒေ ၅၈(ဂ)မှာ ပြဋ္ဌာန်းထားပါတယ်။

**မေး။ ။ မဲပေးခွင့်ရှိသူအတွက် သက်သေခံလက်မှတ်က အရေးကြီးပါသလား။**

ဖြေ။ ။ သက်သေခံလက်မှတ်ရပြီးသူဆိုတာ မဲစာရင်းမှာပါတာ သေချာသွားပြီ။ မဲပေးဖို့လွယ်အောင် လုပ်ပေးထားတာ၊ သက်သေခံလက်မှတ်ရထားတော့ ရှာစရာမလိုတော့ဘူး။ တစ်ခါတည်း ကိုယ်စားလှယ်တွေကို မဲပေးခွင့်ရမှာ မဲလက်မှတ်ရပြီးသူတွေအတွက် မဲပေးဖို့သေချာသွားပြီ။

**မေး။ ။ ကျူးကျော်တွေအတွက် မဲပေးခွင့်မဆုံးရှုံးရအောင် ဘယ်လိုဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ။ ။ ကျူးကျော်တွေအတွက် ပုံစံ(၃-က)နဲ့ လျှောက်ခိုင်းထားတယ်။ ဥပဒေနဲ့ညီရင် မဲစာရင်းမှာထည့်ပေးမယ်။ မူလ သူတို့ပုံစံ ၆၆/၆ ရှိတဲ့ဒေသမှာ မဲစာရင်းပါမယ်။ သူတို့က မူလနေရာ မပြန်ဘဲ မဲပေးခွင့်ရအောင် အခွင့်အရေးတစ်ခုအနေနဲ့ လုပ်ပေးတာပါ။ သူတို့လျှောက်ပါ။ မလျှောက်ရင်တော့ မဲပေးခွင့်မရဘူး။ လက်ရှိ ဒီမှာနေတဲ့သူနဲ့ မတူဘူး။ သူတို့လျှောက်မှ လုပ်ပေးလို့ရမယ်။ ဒါမှမဟုတ်ရင် မူလ ကိုယ်မဲစာရင်းပါတဲ့နေရာမှာ သွားပေးရမယ်။ ဒီမှာနေတဲ့သူတောင် နောက်ပိုင်းမဲစာရင်းမှာ မပါသေးရင် ပုံစံ(၃-က)နဲ့ လျှောက်ရမယ်။

**မေး။ ။ ရက်ပေါင်း ၁၈၀ နေထိုင်ပြီး အကျုံးဝင်တဲ့သူက ဘယ်လိုလူမျိုးကို ခေါ်ပါသလဲ။**

ဖြေ။ ။ ရောက်တဲ့နေရာမှာ ရက်ပေါင်း ၁၈၀ နေထိုင်ပြီးရင် ပုံစံ(၃-က)နဲ့ လျှောက်ထားပြီး မဲပေးခွင့်ရမယ်။ သူက မူလ ပုံစံ ၆၆/၆ ရှိတဲ့နေရာမှာ မဲစာရင်းကရှိပြီးသား၊ ဒါပေမယ့် မူလနေရာကို ပြန်ပြီးမဲမပေးချင်ဘူး။ ဒီမှာပဲ ပေးချင်တယ်ဆိုရင် သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်ရုံးမှာ သွားလျှောက်ပါ ။ လက်ခံမယ်။ မူလနေရာက မဲစာရင်းကိုလည်း ပုံစံ(၃-ခ)ပို့ပြီး လှမ်းဖျက်ခိုင်းမယ်၊ ဒီမှာ မဲစာရင်းသွင်းမယ်။ နှစ်နေရာတော့ ပေးလို့မရဘူး။

**မေး။ ။ မဲပေးရမယ့်နေ့မှာ မဲဆန္ဒရှင်တစ်ဦးရဲ့ ဆောင်ရွက်ရမယ့် လုပ်ဆောင်ချက်လေးတွေကို သိပါရစေ။**

ဖြေ။ ။ အဲဒီနေ့မှာ မှတ်ပုံတင် ဒါမှမဟုတ် သက်သေခံလက်မှတ်ယူလာခဲ့ပါ။ မဲရုံမှူးဆီ သတင်းပို့ပြီးရင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားကိုယ်စားလှယ်တွေပါရင် တိုင်းရင်းသားကိုယ်စားလှယ်စသဖြင့် မဲပေးရမယ်။ မဲပေးတဲ့အခွင့်အရေးမဆုံးရှုံးဖို့ မဲပေးနည်းကိုနားလည်အောင် မဲဆန္ဒရှင်တွေကို ပြောပေးမယ်။ ပယ်မဲမဖြစ်အောင် ဆောင်ရွက်ပေးထားတယ်။ ကိုယ်ပေးချင်တဲ့ ပါတီရဲ့ အမည်၊ လွှတ်တော်ကိုယ်စားလှယ်နာမည်၊ Logo နားမှာရှိတဲ့ အကွက်အလွတ်ပေါ်မှာ တံဆိပ်တုံးရိုက်ရမယ်။

**မေး။ ။ အခု မဲစာရင်းက နောက်ဆုံးအကြိမ်လို့ ပြောသွားတယ်။ အဲဒီအထဲမှာ မဲစာရင်းမကြည့်ရသေးသူတွေနဲ့ မပါသေးတဲ့သူတွေအတွက် ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ မဲစာရင်း နှစ်ကြိမ်ကြေညာပြီးပါပြီ။ မဲစာရင်းမှာ မပါတဲ့သူ၊ အချက်အလက်မှားနေတဲ့သူတွေကို ဖြည့်သွင်း/ပြင်ဆင်ဖို့ အခွင့်အရေးပေးပြီးပါပြီ။ မိမိနေထိုင်ရာဒေသမှာ သက်ဆိုင်ရာ ခရိုင်အဆင့်က အစုလိုက်အဖွဲ့လိုက် ကျန်နေသေးတယ်ဆိုရင်တော့ ရွေးကောက်ပွဲ မတိုင်ခင် ခုနစ်ရက်အထိ ခရိုင်ကော်မရှင်ရဲ့ ခွင့်ပြုချက်နဲ့ နောက်ဆက်တွဲ မဲစာရင်းမှာ ထည့်ပေးမှာပါ။

**မေး။ ။ မဲဆန္ဒရှင်တွေအတွက် မဲပေးတဲ့နေ့မှာ ရှောင်ရန်အချက်လေးတွေ သိပါရစေ။**

ဖြေ။ ။ အဲဒီနေ့မှာ မည်သည့်ပစ္စည်းမှ ယူမလာရပါဘူး၊ မူးယစ်ရမ်းကားနှောင့်ယှက်မှုမျိုး မလုပ်ရပါဘူး။ လုံခြုံရေးအဖွဲ့ရှိပါတယ်။ ရွေးကောက်ပွဲဥပဒေ အခန်း (၁၃)မှာ ပြစ်မှုနှင့် ပြစ်ဒဏ်များဆိုတာပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေ စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ဖို့ ဆောင်ရွက်ပေးထားတယ်။ လုံခြုံရေးက သူ့စည်းမှာပဲ သူနေမှာ။ မဲရုံမှူးက အဲဒီနေ့မှာ အဓိကပဲ။ မဲစာရွက်ကို ပုံးထဲမထည့်ဘဲ ဆွဲဖြဲတာမျိုး၊ မင်လောင်းတာမျိုးကျတော့ လက်ခံလို့မရဘူး။ နိုင်ငံသားတစ်ဦးအနေနဲ့ စည်းကမ်းနဲ့မကိုက်ညီရင် သူ့အရေးယူခံရမှာပဲ။

**မေး။ ။ မဲစာရင်းလည်း ကြည့်မထားဘူး၊ မဲစာရင်းမှာ ပါတာ မပါတာလည်း မသိဘူး၊ အဲလိုလူမျိုးက မဲပေးတဲ့နေ့မှာ မဲလာပေးရင် ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ မဲစာရင်းမှာပါမှ မဲပေးခွင့်ရှိမယ်။ မဲစာရင်းမှာ မပါရင်တော့ မဲပေးရမယ့် အခွင့်အရေး ဆုံးရှုံးမှာပါပဲ။

# ပြင်ဦးလွင်ကန်တော်ကြီး ထူးထူးခြားခြားရေပြည့်လျှံ



**ပြင်ဦးလွင် အောက်တိုဘာ ၂၀**

စက်တင်ဘာ ၃၀ ရက်မှစ၍ ယနေ့အထိ အဆက်မပြတ်ရွာသွန်းလျက်ရှိသောမိုးကြောင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ရေပြင်၌ ရေများ ထူးထူးခြားခြား ပြည့်လျှံလျက်ရှိကြောင်း သိရသည်။

အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ ရေကန်ကြီးငယ်လေးကန်ရှိနေရာ ဥယျာဉ်အတွင်းရှိ သဘာဝရေစိမ့်ထွက်တောမှ လည်းကောင်း၊ အနီးပတ်ဝန်းကျင် ညောင်နီကျေးရွာမှ ရေမြောင်းများဖြင့် လည်းကောင်း ရေကန်များအတွင်းသို့ ဝင်ရောက်လျက်ရှိနေရာ အထူးသဖြင့် ယခုကဲ့သို့ မိုးများရွာသွန်းသောအချိန်၌ ပိုမိုဝင်ရောက်လာကြောင်း သိရသည်။

သို့သော်လည်း ကန်တော်ကြီး ရေပြင်သည် မိုးရာသီအချိန်၌ ရေပြည့်လျှံမှုမရှိဘဲ ဝင်ရောက်လာသမျှရေတို့သည် မြေအောက်ရေအဖြစ်သို့ စိမ့်ဝင်သွားကာ ဆောင်းရာသီရောက်ချိန်မှ ပိုလျှံရေတို့သည် အပေါ်ပြန်တက်လာကြသဖြင့် ကန်ရေပြင်၌ ရေများပြည့်လျှံတက်သည်ဟု ယခင်က ကန်တော်ကြီး၌ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ခဲ့သူ အငြိမ်းစား ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပြောသည်။

၎င်း၏ထပ်မံပြောကြားချက်အရ ကန်တော်ကြီး တာပေါင်ရိုးသည် ၁၉၁၂ ခုနှစ်က တူရကီစစ်သားများ၏ လုပ်အားဖြင့် မြေသားနှင့်သာ တည်ဆောက် တာတမံဖို့ထားရခြင်းကြောင့် ခိုင်ခံ့မှုအားနည်းနိုင်သောကြောင့် ရေပိုရေလွှဲ ချောင်းတစ်ခုကို သစ်သားပြားများနှင့် အထပ်ထပ်ကာရံလုပ်ဆောင်ထားရှိပြီး ကန်ရေပြင် ရေပိုရေလျှံသောအခါ ဖောက်ချပစ်ရကြောင်း သိရသည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၁၉၁၇ ခုနှစ်တွင် အစိုးရ ရုက္ခဗေဒဥယျာဉ်အဖြစ် တည်ထောင်ရန် တရားဝင်အမိန့်ထုတ်ပြန် ကြေညာခဲ့သည့်အတွက် ယခု ၂၀၁၇ ခုနှစ် ဆိုလျှင် နှစ်ပေါင်း ၁၀၀ ပြည့်တော့မည် အချိန်ကာလတွင် ထူးထူးခြားခြားမိုးရာသီကာလအတွင်း ရေပြည့်လျှံလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

သတင်းတိုများ

## ပွင့်ဖြူ၌ တောင်သူပညာပေးဟောပြော

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

ပွင့်ဖြူမြို့နယ်တွင် မြေဩဇာ၊ပိုးသတ်ဆေး၊ မျိုးစေ့ဥပဒေနှင့်နည်းဥပဒေ တောင်သူပညာပေးဟောပြောပွဲကို ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းဦးဆောင်၍ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်မိမိချိုတို့က အောက်တိုဘာ ၁၆ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ အဆိုပါ ဟောပြောပွဲတွင် ကျေးရွာအုပ်စု ၁၂ စုမှ တောင်သူ ၁၆၅ ဦးနှင့် ဝန်ထမ်း ၂၉ ဦးတို့အား ခရိုင်ဦးစီးမှူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးလုပ်ငန်းများ၊ မြို့နယ်ဦးစီးမှူး ဦးမြင့်လှိုင်က သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဟောပြောပြီး တောင်သူများ ဗဟုသုတတိုးပွားစေရန် ပညာပေးရေးလုပ်ငန်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**



## တိရစ္ဆာန်များအတွက်အစာများ ထောက်ပံ့

**တာချီလိတ် အောက်တိုဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် ဝမ်မီးမိုင်ကျေးရွာ၊ ကော်ကော့ကျေးရွာနှင့် နမ့်ကိုင်းကျေးရွာတို့မှ အိမ်ထောင်စု ၅၀ တွင် မွေးမြူထားသော တိရစ္ဆာန်များအတွက်ကျန်းမာရေး အထောက်အကူပြုအစာများကို အောက်တိုဘာ ၁၃ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ပေးအပ်ရာတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးကြပ်၍ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ကျော်စိုး၊ ကျိုင်းလပ်မြို့ဦးစီးမှူး ဒေါက်တာနိုင်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာသုံးရွာမှ အိမ်ထောင်စု ၅၀ ရှိ တိရစ္ဆာန်များအတွက် အစာအိတ် ၁၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်း သင်တန်းဆင်း

**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအထောက်အကူပြု လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက Trust and Gim ကုမ္ပဏီခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရေးမှူး ဦးအေးကျော်တက်ရောက်ပြီး ဆုရသင်တန်းသားများကိုဆုများ ပေးအပ်ချီးမြှင့်ကာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## အထူးရဲများ ခန့်အပ်တာဝန်ပေး

**မန္တလေး အောက်တိုဘာ ၂၀**

အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့်ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် အထူးရဲများခန့်ထားခြင်း လုပ်ငန်းတာဝန်ပေးအပ်မှုနှင့် ပတ်သက်သော ရှင်းလင်းပွဲကို အောက်တိုဘာ ၁၆ ရက်က ပြည်ကြီးတံခွန်မြို့နယ် အဆင့်မြင့်မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆင့်က အထူးရဲများအား ရွေးကောက်ပွဲမကျင်းပမီကာလမှ ကျင်းပပြီးစီးသည့်ကာလအတွင်း လုံခြုံရေးစီမံဆောင်ရွက်သွားရမည့် လုံခြုံရေးစနစ်များအကြောင်း မှာကြားခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကျေးရွာအရောက်ကျန်းမာရေးစစ်ဆေး

**ဒေါ့ဖုန်းယန် အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ ဖာကေကျေးရွာအုပ်စု နမ့်ဝိုင်ကျေးရွာတွင် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျန်းမာရေး စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒေါက်တာမေရီမြင့်နှင့်ဝန်ထမ်းများက စစ်ဆေးပေးခဲ့ရာ ကျေးရွာနေပြည်သူ ၁၂၀ တို့ လာရောက်စစ်ဆေး ကုသမှုခံယူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်ဦးက အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခ်ီရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# မိကျောင်းတံတားလမ်း ၁၄-ခန်းဇရပ်နှင့် အိမ်တော်ရာ

ဆူးငှက်



***ယခင်အပတ်မှအဆက်***

ပူလေလေ ပူသမျှ ပူကြမယ့်အပူ
တုမရ သည်လိုပူမယ်
ကြည်ညိုသူ ပူဆဲ
သံဝေ့ ကမ္ဘာပူလို
ကညာဖြူ ပူလွန်းလို့ပဲ။
ပူကြပေ့ ပူစရာငယ် ပူဗျာပါလောင်စွဲ. . .။

ဟူသော တေးထပ်ကဲ့သို့ပင် ပူတယ်လေ ဆယ်နေကဲ့လှသော မန္တလေးနွေပူပူမှာ ဝမ်းမီးအပူအတွက် မနက်မိုးလင်းကတည်းက စက်ဘီးလေးတစ်စီးဖြင့် တစ်နေရာမှ တစ်နေရာ ပြေးဟယ်လွှားဟယ် လှုပ်ရှားနေရသည်မှာ နေအပူမှာပင် မနားအား။

လမ်းမကြီးပေါ်မှာ နွေလေပွေတွေက ကျင်ပေါက်တမ်း ကစားနေကြ၏။ ဗာဒံရွက်ကြွေတချို့က စကိတ်စီးနေကြသည်။ "ပိုက်ကျုံး ဂေါ်ဝိန်"၊ "ပိုက်ကျုံး ဂေါ်ဝိန်" ဟု အာခေါင်ခြစ် အော်ဟစ်နေသော ဘတ်စ်ကားစပယ်ယာအသံက နွေနေ့လယ်ကို ပုဒ်ဖြတ်ပေးနေ၏။

"ရွှေ့အပြရောက်ရင် ဘယ်ဘက်ချိုးရမယ်" ဟူသော အသိဖြင့် စက်ဘီးကို ၂၆ ဘီလမ်းမကြီး၏ လမ်းလယ်မှာ နေရာယူထားလိုက်သည်။ သို့သော် ကွေ့မရတော့။ ယာဉ်ထိန်းရဲက ကွေ့မည့်ယာဉ်များကို တားထားပြီး အနောက်ဆီမှ တက်လာသည့် ကားတန်းကို လမ်းဖွင့်ပေးထားသည်။ ခြေဖျားထောက် စက်ဘီးရပ် လိုက်ရ၏။ နဖူးပြင်ဆီမှ စီးကျသော ချွေးတွေကြောင့် မှုန်ဝါးလာသည့် မျက်မှန်ကိုချွတ်ပြီး အင်္ကျီလက်နှင့် ပွတ်တိုက်မိသည်။ အား. . . ဟိုအနောက်ဘက် ကားတန်းက ပွဲတစ်ပွဲ လှည့်လာသည့် ကားတန်းပါလား. . .။ ဒါဆို ဘယ်ဘက်လမ်းထဲ တော်တော်နှင့် ကွေ့ဝင်လို့ရမှာ မဟုတ်။ ထို့ကြောင့် လမ်းညာဘက်ရှိ ဗာဒံပင်ရိပ်ဆီ စက်ဘီးကိုတွန်း၍ နေရိပ်ခိုရတော့သည်။ အာခေါင်တွေခြောက်ကာ ရေငတ်လာ၏။ အင်္ကျီအပေါ်ကြယ်သီးကိုဖွင့်၍ ပါးစပ်ဖြင့်ရင်ဘတ်ကို လေမှုတ်ပေးမိသည်။ သက်သာလို သက်သာငြား. . .။

အနောက်ဘက်က ကားတန်းက အလှူလှည့်လာတာလား. . .။ ဒါမှမဟုတ် ဘုန်းကြီးပျံလား. . .။ ရှေ့မှ ဓမ္မစကြာအဖွဲ့၏ ပရိတ်ရွတ်သံက လမ်းကို လွှမ်းခြုံလိုက်သည်။ သေချာကြည့်လိုက်တော့. . . ဘုရားပွဲတစ်ပွဲမှ မြသပိတ်လှည့်လာခြင်းဖြစ်၏။ ဓမ္မစကြာကားနောက်မှ ရပ်ကွက်ထဲမှ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်လေးများက လျှုဖွယ်ဝတ္ထုတွေ ကိုင်ဆောင်လာကြသည်။ ဝတ်ကောင်းစားလှတွေနှင့် မိတ်ကပ်ရဲရဲမျက်နှာမှာ အဆီပျံကာ ချွေးနစ်နေပြီ။ သူတို့နောက်မှာ မြသပိတ်အလှူရှင်စုံတွဲ. . .။ မြသပိတ်ပိုက်ထားသည့် အလှူဒကာ၏ ပိုးတွဲလုံချည်က ခြေလှမ်းလိုက်တိုင်း ဝင်းခနဲ လက်ခနဲ. . .။

အလှူ့ဒါယကာ၊ ဒါယိကာမနောက်မှာ ဝင်းခင်းလာကြ၏။ ရှင်ဘုရင်အဖြစ် ဝတ်စားလာသူ အမျိုးသမီးက အသားညိုညို အရပ်မြင့်မြင့်. . .။ မိဖုရားအဖြစ် သရုပ်ဆောင်အမျိုးသမီးက ဖြူဖြူသွယ်သွယ်။ နှစ်ဦးစလုံးလက်ထဲမှာ တို့ပတ်လက်ကိုင်ပဝါ ကိုယ်စီကိုင်ထားပြီး မျက်နှာကို မကြာခဏတို့နေရသည်။

နောက်မှာက ဝန်ကြီး၊ အမတ်ကြီး၊ စစ်သူကြီး၊ ပုဏ္ဏား၊ ဆင်ဖြူတော်စသည်ဖြင့် စစ်အင်္ဂါအခင်းအကျင်း အပြည့်အစုံနှင့်ဖြစ်၏။ နောက်မှာ ဦးရွှေရိုးအကနှင့် တီးဝိုင်း၊ မင်းသား မင်းသမီးအကနှင့်တီးဝိုင်း၊ နှစ်ကိုယ့်တစ်စိတ်အကနှင့် တီးဝိုင်းများ. . .။

ကြက်ခြေနီလူငယ်များက ရေပုံးတွေကိုယ်စီဆွဲပြီး သောက်ရေတွေ ဝေငှနေ၏။ ခဏနေတော့ သာသနာ့အလံ တလူလူလွှင့်ထူထားသည့် ကားတစ်စီးက အပြေးအလွှားရောက်လာကာ ကားနောက်စည်ပိုင်းကြီး ကန်ကြီးများထဲမှ နီရဲရဲဖျော်ရည်ထုပ်တွေ ဝေကြ၏။ ရှင်ဘုရင်နှင့် မိဖုရားလည်း ရာဇဣန္ဒြေပင် မဆောင်နိုင်ဘဲ ဖျော်ရည်ထုပ်ကိုအလုအယက် လက်ဆွဲပြီး အငမ်းမရ သောက်နေ၏။ စစ်သူကြီးလည်း စစ်သွေးစစ်မာန်တွေ ဘေးဖယ်ကာ ဖျော်ရည်အိုးဆီပြေးသည်။

ဦးရွှေရိုးကလည်း ကလိုက်တာ ကွေးလို့. . .။ တီးဝိုင်းကလည်း လက်ခုပ်မြိုင်မြိုင်နှင့်မိုးလေမမြင်. . .။ မင်းသားနှင့်မင်းသမီးလည်း နေပူပူကျောက်လမ်းပေါ်မှာ "တောအစမှာဖြင့် ဒေါနရယ်နဲ့ ဇီဇဝါ၊ ဇီဇဝါ " ဖြင့် နှစ်ပါးကြည်နေကြသည်။

ဩော်. . . လွတ်လပ်ပျော်ပါးကြပါဘိတောင်း. . .။

ကျွန်တော်သည် မြသပိတ်ပွဲလှည့်လာသော လူတန်းကြီးကို ကြည့်ကာ ဝေဒနာတစ်ခုကို ထွေးပွေ့ခံစားနေရသည်။ ငယ်လွမ်း ဝေဒနာပဲဖြစ်မှာပေါ့။

ဟုတ်သည်။ ငယ်စဉ်ဘဝက သည်လိုရပ်ကွက်မှာ နေကြရတော့ အခုလိုပွဲမျိုးတွေ မကြာမကြာ ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သည်ချည်းဖြစ်၏။ နေအိမ်မြောက်နား ဒက္ခိဏဝန်တိုက်ထဲမှာ အလှူရှိပြီဆိုလျှင် ဘယ်သူဘယ်ဝါ အလှူဖြစ်စေ. . . မဆီမဆိုင် ကိုယ်က တွေးပျော်နေသည်။ ဘယ်နေ့အလှူလှည့်မှာ. . .။ ဘယ်နေ့ အလှူဆိုင်းဝင်မှာ. . .၊ ဘယ်နေ့ အလှူကြီးကျင်းပမှာ ရက်တွက်ရသည်က အမော. . .။ အခုတော့ ထိုအပျော်များ မရှိတော့. . .။

ပျော်ချိန်မရှိ။ ပျော်ဖို့ သတိမရ။ အခုလို ကိုယ့်ငယ်မွေးအရပ်သားတွေ အပူပင်မဲ့ ပျော်ကြတာမြင်ရတော့ ဝမ်းသာသည်။ ငယ်ဘဝကို လွမ်းဆွတ်သည်။

မြသပိတ်လှည့် လူတန်းကြီးဆုံးသွားပြီ။ ၂၆ ဘီလမ်းမပေါ် ကားရှင်းသွားမှ ကျွန်တော်လည်း ဗာဒံရိပ်မှသည် ကျွန်တော်သွားမည့် လမ်းဘက်သို့ ဦးတည်လိုက်တော့၏။ မိကျောင်းတံတားလမ်း. . . ဆီကို. . .။

မိကျောင်းတံတားလမ်းကို ၂၆ ဘီ လမ်းပေါ်ရှိ လမ်းညွှန်ဆိုင်းဘုတ်က ၈၉ လမ်းဟု ညွှန်ပြထားသည်။ ၈၉ လမ်းကို ကျွန်တော်မသိ။

မိကျောင်းတံတားလမ်း၏ မြောက်ဘက်ထိပ်မှာ ငွေချိုတိုက်ရှိသည်။ ငွေချိုတိုက်သည် မန္တလေးအနောက်ပြင်ရှိ ဘုန်းကြီးကျောင်းတိုက်ကြီး များစွာအနက်မှ တိုက်ကြီးတစ်တိုက်ဖြစ်၏။ ဤနားတစ်ဝိုက်တွင် ဒက္ခိဏဝန်တိုက်၊ ငွေချိုတိုက်၊ မိုးကောင်းတိုက်၊ အနောက်ထီးလင်းတိုက်၊ ခင်မကန်တိုက်၊ စကုတိုက်၊ မေဃဝတီ တောင်သမန်တိုက်၊ ပုဂံတိုက်၊ ဆင်တဲတိုက် တို့ရှိသည်။ ငွေချိုတိုက်ထဲမှာ လေဝင်ခါးသီးပင်ကြီးရှိ၏။ ငယ်ငယ်က ငွေချိုတိုက်ကိုဖြတ်၍ ကျောင်းသွားရတိုင်း လေဝင်ခါးသီးပင်ကြီးကိုတုတ်နှင့်ပစ်ကာ အသီးကြွေကျလာလျှင် အလုအယက်ကောက်ပါးစပ်ထဲ သွင်းကြရသည်။ မှတ်မိနေတာတစ်ခုက မြောက်ဘက်ပေါက်အရှေ့ဘက်ရှိ ရှေးဟောင်းအုတ်ကျောင်းကြီးမှာလည်း မျောက်တစ်ကောင်ရှိသည်။ မျောက်က လွယ်အိတ်နှင့် ကလေးတွေမြင်လျှင် သူ့ကိုစမှန်းသိတော့ ဒေါသထွက်နေလေ့ရှိ၏။ ငွေချိုတိုက်၏ အရှေ့ဘက်မျက်နှာချင်းဆိုင် မိကျောင်းတံတားလမ်းပေါ်မှာ ထမင်းဆိုင်တန်းတွေရှိသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ဤနားတွင် အမှတ်(၉) ကားလိုင်း၊ မတ္တရာကားလိုင်း၊ စကျင်ကားလိုင်းတွေ ဂိတ်ထိုးခဲ့ဖူးသည်။ ထို့ပြင် ဈေးချိုနှင့်လည်း မဝေးသောနေရာ၊ ဆိုက်ကား၊မြင်းလှည်း၊ ကုန်တင်ခေါက်တိုယာဉ်၊ လက်တွန်းလှည်းစသည့်ယာဉ်တို့ လမ်းပန်းအဆက်အသွယ်နေရာဖြစ်သောကြောင့် ထမင်းဆိုင်တွေ ရှိလာတာဖြစ်၏။

အခုလည်းထိုဆိုင်များမှာ ဈေးဝယ်လာ ရပ်ဝေးခရီးသည်တွေ၊ မြို့ထဲအလှူခံထွက်သည့်အဖွဲ့တွေ. . .၊ ဈေးသည်တွေ. . .၊ ကားဒရိုင်ဘာ၊ စပယ်ယာတွေ၊ ဘုရားဖူးတွေ. . .၊ အလုပ်သမားတွေဖြင့် စည်ကားမြဲဖြစ်နေ၏။ ကျွန်တော်တို့ကိုယ်၌လည်း လွန်ခဲ့သော ၁၅ နှစ်လောက်ဆီက ဦးအေးကို၏ မြင်းပျံထမင်းဆိုင်မှ ဝက်သားဟင်းနှင့် ထမင်းတစ်ထုပ် သုံးဆယ်ကျပ်ပေးကာ မကြာ ခဏ ဝယ်စားဖူးပါသည်။ နဘဲကြူး၊ အင်းဘဲ၊ ပုလင်းဝင်းမီးလောင်စဉ်ကဆိုလျှင် ကျွန်တော်အလုပ်လုပ်သောအလုပ်ရုံမှာ နေ့စဉ် ညဂျူတီတာဝန်ယူရတော့ ထမင်းထုပ်နှင့်ချည်း ညစာမနက်စာပြီးခဲ့ကြရသည်။ လချီကြာပေါ့။

ငွေချိုတိုက်နှင့် မိုးကောင်းတိုက်ကြားမှာ ထူးဆန်းသောလမ်းကလေးလည်းရှိသည်။ ကျောင်းတိုက်ကြီးနှစ်တိုက်၏ အုတ်တံတိုင်းနှစ်ခုအကြား၌ ခြောက်ပေခန့်ကျယ်သော နေရာလွတ်ကလေးရှိနေ၏။ ထိုနေရာလွတ်ကလေးကို အရှေ့ဘက် မိကျောင်းတံတားလမ်းမှသည် အနောက်ဘက် ကျောက်ဆစ်တန်းလမ်းအထိ ကွန်ကရစ် အပြည့်ခင်းထား၏။ မည်သည့်နှစ်၊ မည်သည့်အချိန်က ခင်းခဲ့သည်မသိ. . .။ကျွန်တော်တို့ငယ်စဉ်ကပင် ထိုလမ်းကလေးဖြောင့်ဖြူးညီညာနေသည်။ ခြောက်ပေသာသာ အကျယ်ရှိ တစ်ပြပေါက်လမ်းကလေးမှာ ဈေးချိုမှသည် ပလိုင်း၊ လက်ရွေး၊ ဖို့ကုန်း၊ ထင်ဝင်း၊ ဒေးဝန်းစသည့် အရပ်များဆီသို့ (သို့မဟုတ်) ထိုအရပ်မှ ဈေးချို၊ ဘဏ်တိုက်၊ ကျုံးထောင့်၊ ဘူတာကြီး၊ ရုံကြီး၊ မစိုးရိမ် ရုပ်ရှင်ရုံ၊ ရွှေနဂါးရုပ်ရှင်ရုံ ၊ မြို့မရုပ်ရှင်ရုံစသည့် အရှေ့အရပ်ရှိ နေရာဌာနများဆီသို့ သွားလာသူများအတွက် အလွန်အဆင်ပြေ လူသွားများလှသော လမ်းကြားလေးဖြစ်သည်။ လမ်းကြားလေးမှာ စက်ဘီးနှစ်စီးရှောင်နိုင်သဖြင့် စက်ဘီးသမားများလည်း အဆင်ပြေသည်။ ဆိုက်ကားကတော့ မျက်နှာချင်းဆိုင်မရှောင်နိုင်. . . ။ သို့သော် မျက်နှာချင်းဆိုင် ဆိုက်ကားမြင်လျှင် လမ်းဦးနှင့်သော ဆိုက်ကားက လမ်းကြားလေးအလယ်တည့်တည့်ရှိ ကျောင်းတိုက်နှစ်တိုက်အကူး တံခါးမကြီးဆီအရောက်သွားကာ လမ်းကြားလေးမှ ဖဲ့ဆင်းပေးတတ်ပါသည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ဆင်ပွဲတော်ကာလအတွင်း အမှတ်တရအဖြစ် ရောင်းချရန် အမှတ်တရ ဆင်ရုပ်ပြုလုပ်သူများထံမှ ဝယ်ယူစုဆောင်းမှုများပြား



**ကျောက်ဆည် အောက်တိုဘာ ၂၀**

ကျောက်ဆည်မြို့ ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဆင်ပွဲတော်ကာလ နီးကပ်လာပြီဖြစ်သဖြင့် အမှတ်တရ ဆင်ရုပ်များ ရောင်းအားကောင်းလာတတ်ခြင်းကြောင့် ဆင်ပွဲတော်နေ့တွင် ရောင်းချရန်အတွက် ဆင်ရုပ်ရောင်းချသော ဆိုင်များက ဆင်ရုပ်ပြုလုပ်သူများထံမှ အများအပြား ဝယ်ယူလျက်ရှိသဖြင့် မှာယူသော အရေအတွက်အတိုင်း ပြုလုပ်ပေးနိုင်ခြင်းမရှိကြောင်း ဆင်ရုပ်ပြုလုပ်သူများထံမှ စုံစမ်းသိရှိရသည်။

"အခု ဆင်ပွဲနီးလာတော့ မှာသလောက် မလုပ်ပေးနိုင်ဘူး။ ငါးရက်ကို ဆင်ခေါင်းချည်း ၆၀ လောက်ပြီးတယ်။ အခုချိန်ကတော့ လုပ်လို့မြန်တဲ့ ဆင်ခေါင်းပဲ လုပ်ရောင်းတော့တယ်။ ကျောက်ဆည်တင်မကဘူး။ မန္တလေးက ဘုရားကြီးက ဆိုင်တွေကလည်း တစ်နှစ်ပတ်လုံး လုပ်ပေးနေရတာ။ နားရက်ကတော့ ကိုယ်မလုပ်ချင်မှပဲ နားလိုက်တာပါပဲ"ဟု ဆင်ရုပ်ပြုလုပ်ရောင်းချသူ ကိုနိုင်ထွန်းက ပြောသည်။

ကျောက်ဆည်မြို့တွင် အမှတ်တရဆင်ရုပ်များကို စတိုးဆိုင်များနှင့် တွဲလျက်ရောင်းချမှုများရှိသကဲ့သို့ သီးသန့် ရောင်းချသော ဆိုင်များလည်းရှိကာ တစ်နှစ်ပတ်လုံး ရောင်းချလျက်ရှိပြီး ဆင်ပွဲတော်ကာလနှင့် ဆင်ပွဲတော်နေ့တွင် ပြည်တွင်းပြည်ပ ဧည့်သည်များ အများအပြားလာရောက်သောကြောင့် ဝယ်ယူစုဆောင်းကာ ရောင်းချကြကြောင်း သိရှိရသည်။

"ဆင်ရုပ်တွေကို ဆင်ပွဲတော်ကာလနဲ့ ဆင်ပွဲနေ့တွေမှာ အဓိကထား ရောင်းရပါတယ်။ ဆင်ရုပ်လုပ်တဲ့သူနည်းတယ်။ ကိုယ့်ဆိုင်အတွက် တစ်နှစ်ပတ်လုံး စာချုပ်သဘောမျိုးနဲ့ ကြိုငွေပေးသင့်တဲ့ အချိန်ပေးထားရတာ"ဟု ဆင်ရုပ်ရောင်းချသူများ၏ ပြောပြချက်အရ သိရှိရသည်။

အမှတ်တရ ဆင်ရုပ်ပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ် စက္ကူနှင့်ဂျပ်စက္ကူသာ အဓိကလိုအပ်ပြီး နေပူလှန်းကာ အခြောက်ခံ ပြုလုပ်ခြင်းနှင့် အစိုပြုလုပ်ကြခြင်းဖြစ်သည်။ အခြောက်ခံပြုလုပ်သူများအနေဖြင့် မိုးရွာပါက လုပ်ငန်းနှောင့်နှေးကြကြောင်းသိရသည်။ ဆင်ရုပ်အကြမ်းထည်ပြုလုပ်ပြီးပါက ဆေးခြယ်သခြင်းနှင့် အလှဆင်ရုပ်များအတွက် ဘော်ကြယ်ထိုးခြင်းများ အဆင့်ဆင့်ဆောင်ရွက် ရကြောင်း သိရှိရသည်။

ဆင်ရုပ်များသည် အသေးဆုံး (ခြောက်)လက်မခန့်မှ အကြီးဆုံး (နှစ်)ပေခန့်အထိရှိကာ ဈေးနှုန်းများအနေဖြင့် ငွေကျပ် ၁၅၀၀ မှ ၂၅၀၀၀ ထိရှိ၍ ဆင်ရုပ်ပြုလုပ်ခြင်း လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက်အဆင်ပြေနေသောကြောင့် လက်မှုပညာဖွံ့ဖြိုးတိုးတက်စေရန် ဆင်ရုပ်ပြုလုပ်ခြင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သော်လည်း ပြုလုပ်ရောင်းချသူ နည်းပါးလျက်ရှိသေးကြောင်း သိရသည်။

**ထွန်းထွန်းနိုင်
(ကျောက်ဆည်)**

## ငွေချည် (၉) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပ

**မြိုင် အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)မှ ကြီးမှူး၍အောက်တိုဘာ ၁၇ ရက်က မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အိုရင်းကျေးရွာ တောင်သူ ဦးသန်းငွေ၊ ဦးဟန်ညွန့်တို့၏ ငွေချည် (၉) ချည်မျှင်ရှည်ဝါစိုက်ခင်းတွင် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပခဲ့သည်။ ထို့နောက် ခရိုင်စိုက်ပျိုး ရေးဦးစီးဌာန (စက်မှုသီးနှံ) ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစိုးက ငွေချည်(၉)ချည်မျှင်ရှည်ဝါ မျိုးထူးခြားချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်ဦးက စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဦးစီးမှူး ဦးကျော်ငွေက ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ချည်မျှင်ရှည်ဝါ တစ်ဧကအထွက်တိုး



ရေးလုပ်ငန်းဆောင်ရွက်ပုံတို့ကို ရှင်းလင်းခဲ့ပြီး ဦးဟန်ညွန့် စိုက်ပျိုးထားသော ငွေချည်(၉)ချည်မျှင်ရှည်ဝါ ငါး ဧက စံပြကွက် ဝါစိုက်ပျိုးထားရှိမှုကို တောင်သူများအား လက်တွေ့ကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။

**(၁၃၅)**

## နယ်သတင်းတိုများ

### အင်းတော်မြို့နယ်အတွင်း ကျန်းမာရေးမြှင့်တင်မှုဆောင်ရွက်

**အင်းတော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျန်တောအုပ်စုရှိ ကျေးရွာများသို့ အောက်တိုဘာ ၁၈ ရက်က BIO - KING 100 % POWER . PRODUCTION အဖွဲ့မှ ကျန်းမာရေးမြှင့်တင်မှုကိုဆောင်ရွက်ခဲ့သည်။

အဆိုပါ အဖွဲ့သည် မြို့တွင်းရပ်ကွက်၊ ကျေးရွာအတွင်းရှိ ဆေးရုံ၊ ကျောင်း၊ ဈေးနှင့်မိသားစုနေအိမ်များတွင် မိလ္လာကန်မှတစ်ဆင့် ကူးစက်ရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး၊ မိသားစုသုံး မိလ္လာကန်ကြွင်းစနစ် ပြည့်စုံကောင်းမွန်စေရေးနှင့် ရေကြောင့်ရောဂါမဖြစ်ပွားစေရေးတို့ကို အသိပညာပေးဟောပြောပြီး ကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများကို ခြောက်လတစ်ကြိမ်ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၇၁)**

### သစ်သားတံတားနှင့် စာသင်ဆောင်သစ်တည်ဆောက်

**မန်စီ အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်တွင်းရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဝေ့ကြီးကျေးရွာ ရွာဦးတံတား အရှည်ပေ ၁၆၀ သစ်သားတံတားနှင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အထက မန်စီ၊ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်သစ် အလျားပေ ၁၄၀၊ အနံ ပေ ၃၀၊ အမကမူလွန်(ကောင်ရာ) အုတ်ညှပ်၊ တစ်ထပ်စာသင်ဆောင် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ စာသင်ဆောင်တို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတားနှင့်စာသင်ဆောင်သစ်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်နောင်ဖြူ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကွမ်ဆန့်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ဒုတိယပတ်တွင် အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ရေကြီးပျက်စီးလယ်မြေများ ကွင်းဆင်းဆောင်ရွက်



**အင်းတော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်၍ ပျက်စီးလယ်မြေများကိုအင်းတော်မြို့စီမံခန့်ခွဲရေးဦးစီးဌာနက အောက်တိုဘာ ၁၈ ရက်က ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

ထိုသို့ ဆောင်ရွက်ရာသို့ အင်းတော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လွင်၏ ညွှန်ကြားမှုဖြင့် တိုက်နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများသည် အင်းတော်မြို့နယ် မော်တိတ်အုပ်စုနှင့် နန့်သာအုပ်စုတို့တွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးမှုများကို ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

### မိုးရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၉၀၄၆၇ ဒသမ ၆ သိန်းထုတ်ချေး

**ဒီပဲယင်း အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၀ရက်ကစတင်၍ ထုတ်ချေးခဲ့သည်။ ဒီပဲယင်းမြို့နယ်၌ ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၆ အုပ်စုရှိ တောင်သူ ၁၆၇၈၀ ကို တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၉၀၄၆၇ ဒသမ ၆ သိန်းကို စက်တင်ဘာလကုန်တွင် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ယခင်နှစ်အတိုင်း ကျေးရွာအုပ်စု ၄၆ အုပ်စုရှိ တောင်သူများကို တစ်ဧကလျှင် နှစ်သောင်းနှုန်းဖြင့် ငွေကျပ်သိန်း သုံးသောင်းခန့် ထုတ်ချေးရန်အတွက် ကျေးရွာအုပ်စုများကို အသိပေးထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဦးကျော်ဆန်းက ပြောကြားခဲ့ကြောင်း သိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**

## ဂျပန်နိုင်ငံရှိ အလုပ်သမားသမဂ္ဂများမှ လယ်ထွန်စက်သစ်တစ်စီး ပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၂၀**

ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သော မြို့ခင်းသာ၊ ရွာသာအေး၊ သံပုရာပင်ကုန်း၊ သရက်ပင်စု၊ လက်ပံပင်ကုန်း၊ ရွှေဘေး၊ ရှားတော၊ ကျွန်းညို၊ ရွာသစ်၊ လယ်ယာအရှေ့စုကျေးရွာများရှိ ရေဘေးသင့်ဒေသများ၌ ဆောင်းသီးနှံများအချိန်နှင့်တစ်ပြေးညီ ပြန်လည်စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ အဆိုပါဒေသများသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ အဖွဲ့ဝင် အဖွဲ့ချုပ်ဖြစ်သော မြန်မာနိုင်ငံတောင်သူလယ်သမားနှင့်စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (AFFM) မှ KUBOTA M6040 SU က လယ်ယာထွန်စက်အသစ် တစ်စီးပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက်က ပခုက္ကူမြို့နယ် လက်ပံပင်ကုန်းကျေးရွာ ဦးရန်အောင်၏ နေအိမ်၌ ကျင်းပခဲ့သည်။ Mr. Nakajinam က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ထွန်စက်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး ယင်းလယ်ထွန်စက်ကြီးကို ကျေးရွာတောင်သူများ အလှည့်ကျ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စက်မှုကုန်ထုတ်နှင့် သုတေသနဆောင်ရွက်ရန် နိုင်ငံတကာ အဆင့်မီ အမျိုးသား ဓာတ်ခွဲခန်းဖွင့်လှစ်

**ခင်မောင်ထွေး**

**ရန်ကုန် အောက်တိုဘာ ၂၀**

စက်မှု ကုန်ထုတ်လုပ်ငန်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် သုတေသနလုပ်ငန်းများ အဆင့်မီ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ အမျိုးသားအဆင့် ဓာတ်ခွဲခန်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနတည်ရှိရာ ရန်ကုန်မြို့ အမှတ်(၆)ကမ္ဘာအေး ဘုရားလမ်းတွင် အောက်တိုဘာ ၆ ရက်က ဖွင့်လှစ်ခဲ့ပြီးနောက် ဌာနခွဲငါး ခုဖြင့် ပြည်သူများအတွက် ဓာတ်ခွဲတိုင်းတာ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။




ဒြပ်ပစ္စည်းဂုဏ်သတ္တိ တိုင်းတာစစ်ဆေးရေးဌာန၌ သဘာဝတွင်းထွက် သယံဇာတများ၊ သတ္တုရိုင်းများ၊ သန့်စင်သတ္တုများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ ကြွေထည်မြေထည်ပစ္စည်းများ၊ ပလတ်စတစ်၊ ပေါ်လီမာပစ္စည်းများစသည့် ဒြပ်ပစ္စည်းများတွင် ပါဝင်သည့် ဒြပ်ပေါင်းအမျိုးအစားခွဲခြားခြင်း၊ နာနိုအမှုန်များကို တိုင်းတာခြင်း၊ ဒြပ်ပစ္စည်းများ၏ ခံနိုင်ရည်ရှိမှု အမျိုးမျိုးကိုတိုင်းတာခြင်းနှင့် ဒြပ်ပစ္စည်းများ၏ ရူပဂုဏ်သတ္တိများကို တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။

ဓာတုဓာတ်ခွဲဌာန၌ စားသောက်ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများတွင် ကြွင်းကျန်ပိုးသတ်ဆေး ပါဝင်မှုများကို တိုင်းတာခြင်း၊ ရေအရင်းအမြစ်အမျိုးမျိုး၊ ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများတွင် ပါဝင်သည့် ဒြပ်ပေါင်းများကို ဓာတ်ခွဲတိုင်းတာပေးခြင်း၊ ရေနံ၊ ဓာတု၊ ချည်မျှင်၊ ပေါ်လီမာ၊ ရော်ဘာများ၏ သန့်စင်မှု၊ အရည်ပျော်မှတ်၊ ပုံဆောင်ခဲပြုမှု၊ ဒဏ်ခံနိုင်မှုတို့ကို တိုင်းတာခြင်း၊ အသင့်ထုပ်ပိုးပစ္စည်းများတွင် အပူကြောင့်ပြိုကွဲပြီး ပြောင်းလဲ ဖြစ်ပေါ်လာသည့် အဆိပ်သင့် အော်ဂဲနစ် ဒြပ်ပေါင်းများကို တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။

ဒြပ်စင်ဓာတ်ခွဲဌာန၌ ဒြပ်ပစ္စည်းအမျိုးမျိုးတွင် ပါဝင်သောဒြပ်စင်များ၏ ပမာဏကို တိုင်းတာပေးခြင်း၊ သံနှင့်သတ္တုစပ်များတွင် ပါဝင်သည့် ဒြပ်စင်များ၏ ပမာဏကို ဓာတ်ခွဲခြင်း၊ သံနှင့်သတ္တုစပ်များတွင် ပါဝင်သည့် ကာဗွန်၊ ဆာလ်ဖာတို့၏ ပမာဏများကို တိုင်းတာခြင်း၊ သံနှင့်သတ္တုစပ်များတွင်ပါဝင်သည့် အောက်စီဂျင်၊ နိုက်ထရိုဂျင်နှင့် ဟိုက်ဒြိုဂျင်တို့၏ ပမာဏများကို တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။

အဏုစိတ်ဓာတ်ခွဲဌာန၌ လျှပ်ကူးပစ္စည်းများ၊ လျှပ်ကာပစ္စည်းများ၊ ဖန်၊ သတ္တု၊ ပေါ်လီမာစသည့် ဒြပ်ပစ္စည်းများ၏ မျက်နှာပြင်သွင်ပြင်လက္ခဏာများကို အဏုစိတ်ပုံဖော်ခြင်း၊ ဒြပ်ပစ္စည်းများပေါ်တွင် အလွှာပါးတင်ခြင်း၊ ဒြပ်ပစ္စည်းများကို Ion Beam (FIB)ဖြင့် ပါးလွှာသော အလွှာဖြတ်တောက်ခြင်း၊ စက်စားမှုများ ပြုလုပ်ခြင်း၊ ဒြပ်ပစ္စည်းများကို သုံးဖက်မြင်ပုံဖော်ခြင်း၊ ဒြပ်ပစ္စည်းများအတွင်းရှိ အမှုန်၏ အရွယ်အစား၊ ပုံသဏ္ဌာန်၊ ဖွဲ့စည်းပုံ၊ အက်တမ် အစီအစဉ်၊ အပြစ်အနာအဆာ၊ အက်တမ် ထောင့်ချိုးများကို ပုံဖော်ခြင်း၊ ဇီဝနမူနာပစ္စည်းများကို သုံးဖက်မြင်ပုံရိပ်အဖြစ် မူရင်းမပျက်နာနိုအရွယ်အစားအထိ တိုင်းတာပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်သည်။

မူရင်းမပျက် ဓာတ်ခွဲဌာန၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ စက်ရုံ အလုပ်ရုံများတွင် အသုံးပြုသော ဘွိုင်လာများနှင့် သင်္ဘောကိုယ်ထည်များရှိ ဂဟေအဆက်များကို စမ်းသပ်စစ်ဆေးပေးခြင်း၊ ကွန်ကရစ်အတွင်း မြှုပ်ထားသော သံချောင်းများ




တည်ရှိမှုနှင့် အရွယ်အစားများကို တိုင်းတာပေးခြင်း၊ လေယာဉ်ပျံများ၊ မီးရထားသံလမ်းများတွင် အသုံးပြုသော Joints များနှင့် သံပေါင်များတွင် အပြစ်၊ အနာ၊ အဆာပါရှိမှုတို့ကို စမ်းသပ်စစ်ဆေးပေးခြင်း၊ ဂဟေဆက်ကြောင်းများပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အပူကြောင့် မူလပစ္စည်းများ၏ အရည်အသွေးစွမ်းအားကျဆင်းသွားမှုရှိ၊ မရှိတို့ကို မူရင်းပုံစံမပျက်တိုင်းတာစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။

အမျိုးသား ဓာတ်ခွဲခန်းသည် ဝန်ကြီးဌာန အသီးသီးရှိ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနများ၊ တက္ကသိုလ်များ၊ အသေးစားနှင့် အလတ်စား စက်မှု ကုန်ထုတ်လုပ်ငန်းရှင်များ၊ ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် လိုအပ်သော ဓာတ်ခွဲစမ်းသပ်ခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်းနှင့် ဓာတ်ခွဲခြင်းဆိုင်ရာ နည်းပညာလိုအပ်ချက်များ တိုင်ပင်ဆွေးနွေးခြင်းစသည့် ဝန်ဆောင်မှု လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်သွားမည်ဟု သိရှိရသည်။

## မန္တလေးတောင် ပန်းချီပြခန်း(၁၄)နှစ်ပြည့်အထိမ်းအမှတ် လက်တွေ့ပန်းချီရေးဆွဲခြင်းနှင့် ပန်းချီပြပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

ပန်းချီအနုပညာရှင်များ၏ပန်းချီကားများအား ပြသရောင်းချပေးနေသော မန္တလေးတောင်ပန်းချီအရောင်းပြခန်းဖွင့်လှစ်ခြင်း(၁၄)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပန်းချီကားများလက်တွေ့ရေးဆွဲခြင်းနှင့်ပန်းချီပြပွဲကို အောက်တိုဘာ ၁၈ ရက်က အဆိုပါပြခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြပွဲ၏ ထူးခြားချက်အနေဖြင့် ပုဂံ၊ ညောင်ဦး၊ ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့များရှိ ပန်းချီဆရာ ၃၈ ဦးရေးဆွဲထားသော လေးပေ×ခြောက်ပေအရွယ်ရှိပန်းချီကားပေါင်း ၄၀ကျော်ကိုသာ သီးသန့်ပြသထားခြင်းဖြစ်ပြီး ပြပွဲရက်အတွင်း မော်ဒယ်ပုံတူ ရေးဆွဲခြင်း၊ ကယ်ရီကေးချားရေးဆွဲခြင်းနှင့် ကဗျာရွတ်ဖတ်ခြင်းများကိုပါ ထည့်သွင်း စီစဉ်ထားကြောင်း ပန်းချီဆရာ ကိုလူမော်က ပြောသည်။

"မန္တလေးမှာ လေးပေ×ခြောက်ပေအရွယ် ပန်းချီကားတွေကို သီးသန့်ပြသ ရောင်းချပေးတာပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ပြခန်းအဝင်လမ်းမှာ 3D ပန်းချီရေးဆွဲပြီး ဖိတ်ခေါ်ထားပါတယ်။ အထူးအစီအစဉ်အနေနဲ့ ပြခန်းကို လာရောက်ကြည့်ရှုသူတွေ ကယ်ရီကေးချားရေးဆွဲချင်ရင်နှုန်းထားလေးတစ်ခုနဲ့ ရေးဆွဲပေးမှာ ဖြစ်ပါတယ်"ဟု ၄င်းကပြောသည်။

အဆိုပါပြပွဲကို အောက်တိုဘာ ၁၈ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီ အတွင်း ဖွင့်လှစ်ပြသ ရောင်းချပေးသွားမည်ဖြစ်ပြီး ပန်းချီကားဈေးနှုန်းများအနေဖြင့် ငွေကျပ် ၇ သိန်း မှ ၂၅ သိန်းအထိ သတ်မှတ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ပဉ္စမအကြိမ်အလှူတော်ငွေပေးအပ်ပွဲကျင်းပ

**ပြည် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး တောင့်တင်းကြံ့ခိုင်နိုင်ရန်ဆောင်ရွက်ခြင်း၊ ရင်ပြင်တော်တိုးချဲ့ခြင်း၊ ဓမ္မာရုံ အသစ်တည်ဆောက်ခြင်းလုပ်ငန်းကြီး သုံး ရပ်အတွက် ပဉ္စမအကြိမ်အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က မြတ်စွယ်တော်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးမောင်မောင်ကြီးက လုပ်ငန်းဆောင်ရွက်မှုနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပရခြင်းအကြောင်းလျှောက်ထားပြီး အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူ၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းဖွင့်

**ကော့သောင်း အောက်တိုဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်လုံးဆိုင်ရာ (၁၁) ကျောင်းမြောက် ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းကျောင်းအဖြစ် ပင်လယ်တံငါရွာဖြစ်သည့် ဟံကချင်းကျေးရွာ ဇေယျာသုခဘုန်းတော်ကြီးကျောင်းတိုက်၌ အောက်တိုဘာ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

ဝေးလံခေါင်ဖျားလမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ပင်လယ်တံငါရွာ၌ ဖွင့်လှစ်ခြင်းဖြစ်ပြီး တက်ရောက်မည့်သင်တန်းသားကျောင်းသား၊ ကျောင်းသူကလေးငယ်များအား အခန်းပေါင်း ၄၀ ကျော်ပါဝင်သည့် သင်ခန်းစာများကို ရက်သတ္တတစ်ပတ်လျှင် သင်ခန်းစာ နှစ်ခန်းသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**လယ်ဝေး အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို လယ်ဝေးမြို့ အထက(၁)၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးက ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကိုလည်းကောင်း၊ တာဝန်ရှိသူများက လမ်းညွှန်အမှတ်အသားသင်္ကေတများ၊ အချက်ပြများ၊ စက်ဘီးစီးသူ၊ လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို ပရိုဂျက်တာဖြင့်ပြသ၍လည်းကောင်း အသိပညာပေးဟော ပြောခဲ့သည်။

ထို့အတူအောက်တိုဘာ ၁၆ ရက်က လယ်ဝေးမြို့ မထသရုံး၌ "က" ယာဉ်မောင်း ဖြေဆိုအောင်မြင်သူများကို အသိပညာပေးဟောပြော၍ မော်တော်ယာဉ် ဥပဒေစာအုပ်များ အခမဲ့ဖြန့်ဝေကာ ယာဉ်မောင်းလိုင်စင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

## မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်နေမှုများ စစ်ဆေး

**သီပေါ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း ကျေးလက်ဒေသများတွင် မြစိမ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်သာထွန်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် သီပေါနှင့် ကျောက်မဲမြို့နယ်ကြား ချောင်းချောက်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကျေးရွာဘဏ္ဍာရေးဆပ်ကော်မတီမှ ငွေကြေးထုတ်ချေးသည့် အခြေအနေများကို ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ နားခေါ်ကျေးရွာနှင့် ဗူးခါးကျေးရွာရှိ ဘဏ္ဍာရေးဆပ်ကော်မတီများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်အရင်းမပျောက် မတည်ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ၂၀၁၅-၂၀၁၇ ခုနှစ်အတွက် အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဘုရင့်နောင်ရှိ အသင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးသိန်းဟန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အသင်း၏ ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြသည်။

အမှုဆောင်များကို အသင်းဝင်များ၏ ဆန္ဒမဲပေးရွေးချယ်မှုဖြင့် တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးမြင့်ကြူ၊ ဒုတိယဥက္ကဋ္ဌ လေးနေရာ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး လေးဦး၊ ဘဏ္ဍာရေးမှူးနှင့် တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ တွဲဖက်စာရင်းစစ်စသည်ဖြင့် အမှုဆောင်များအား ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း- သန်လျင်**

# အသင်းတိုင်း ခြေကုန်ထုတ်ကြမယ့် ယူရိုပါလီဂ်ပွဲစဉ်(၃)




မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်တွေနဲ့အတူ ဖြတ်သန်းစီးမျောနေမှာကတော့ ယူရိုပါလိဂ်အုပ်စုပွဲစဉ်တွေပဲဖြစ်ပါတယ်။ ယူရိုပါလိဂ်အုပ်စုပွဲစဉ်(၃)ကို အောက်တိုဘာ ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ဆက်လက်ကစားမှာဖြစ်လို့ ခြေစွမ်းမာကျောတဲ့ အသင်းကောင်းတွေအတွက် ခက်ခဲဦးမယ့် ရက်သတ္တပတ်ဖြစ်နေပါတယ်။ ပရိသတ်တွေအတွက်ကတော့ ပွဲကောင်းတွေကို အပြည့်အဝကြည့်ရှုခံစားကြရဦးမှာ မလွဲမသွေပါပဲ။

**မိုနာကိုနှင့် ကာရာဘတ်**

အုပ်စု(J)မှာတော့ မိုနာကိုတို့ နှစ်ပွဲကစား၊ သရေနှစ်ပွဲဖြစ်ပြီး နှစ်မှတ်ရရှိထားပါတယ်။ ကာရာဘတ်တို့ကတော့ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ သုံးမှတ်ရကာ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ယူရိုပါလိဂ်မှာ နိုင်ပွဲပျောက်ဆုံးနေတဲ့မိုနာကိုဟာ အခုပွဲကို အနိုင်ရလဒ်ထွက်ပေါ်အောင်ကြိုးစားလာမှာဖြစ်ပါတယ်။ အဇာဘိုင်ဂျန်လိဂ်ကလပ် ကာရာဘတ်တို့က အကောင်းဆုံးခြေစွမ်းရရှိနေချိန်မို့ အိမ်ရှင်တို့ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်နေတဲ့ မိုနာကိုအတွက် မျှော်လင့်ချက်ရှင်သန်နိုင်တဲ့ပွဲပါ။

**လာဇီယိုနှင့် ရိုဆင်ဘော့**

အုပ်စု(G)မှာ လာဇီယိုတို့ နှစ်ပွဲကစားပြီး လေးမှတ်နဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ ရိုဆင်ဘော့တို့ကတော့ နှစ်ပွဲကစား၊ တစ်မှတ်ရရှိထားတာမို့ အခုပွဲမှာ အိမ်ရှင် လာဇီယိုတို့ အမှတ်ရယူရေး စွမ်းဆောင်ပါလိမ့်မယ်။ နော်ဝေကလပ် ရိုဆင်ဘော့တို့ကတော့ အခုတလောခြေစွမ်းမငြိမ်တာမို့ လာဇီယိုတို့ အောင်ပွဲခံဖို့ အခွင့်အရေးများနေတာ အမှန်ပါပဲ။

**အိန်ဒါလက်ချ်နှင့် စပါး**

အုပ်စု(J)မှာ စပါးတို့ နှစ်ပွဲကစား၊ လေးမှတ်ရထားပါတယ်။ ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်တို့ကတော့ နှစ်ပွဲကစားပြီး တစ်မှတ်ရရှိထားတာမို့ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ ခြေစွမ်းဘယ်လောက်အထိ ပြသနိုင်မလဲကြည့်ရမှာပါ။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ တစ်ဂိုးစီသရေဖြစ်ခဲ့တာမို့ အခုပွဲမှာ အဲဒီရလဒ်မျိုးလည်း ထွက်ပေါ်သွားနိုင်ပါတယ်။

**ဘေဆယ်နှင့် ဘီလီနန်စီ**

ဆွစ်ဇာလန်ကလပ် ဘေဆယ်ဟာ ပြည်တွင်းလိဂ်မှာတော့ ထိပ်ဆုံးက ရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။ အုပ်စု(I)မှာတော့ ဘေဆယ်တို့က နှစ်ပွဲကစားပြီး ခြောက်မှတ်ရရှိထားပါတယ်။ ဘီလီနန်စီတို့ကတော့ ပေါ်တူဂီလိဂ်မှာ ခြေစွမ်းကျဆင်းနေသလို အခု အုပ်စု(I)မှာလည်း တစ်မှတ်ပဲရရှိထားပါတယ်။ ဘေဆယ်ရဲ့ လက်ရှိခြေစွမ်းက ပုံမှန်ဖြစ်နေပြီး ရှုံးပွဲမရှိအောင် ကစားနိုင်နေတာမို့ အခုပွဲ အိမ်ကွင်းမှာ အမှတ်ပြည့်ယူဦးမှာဖြစ်ပါတယ်။

**ဖီအိုရင်တီးနားနှင့် ပေါ့ဇ်နန်**

စီးရီးအေမှာ ခြေစွမ်းပြနေတဲ့ ဖီအိုရင်တီးနားဟာ ပိုလန်ကလပ် ပေါ့ဇ်နန်ကို အသာစီးရအောင် ကစားနိုင်စွမ်းရှိပါတယ်။ ဖီအိုရင်တီးနားတို့က အုပ်စု(I)မှာ နှစ်ပွဲကစား၊ သုံးမှတ်ရရှိနေသလို ပေါ့နန်တို့က နှစ်ပွဲကစား တစ်မှတ်ရရှိထားပါတယ်။ အခုတလော နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ ဖီအိုရင်တီးနားဟာ ရှုံးပွဲတွေဆက်နေတဲ့ ပေါ့ဇ်နန်ကို ဖိအားပေးကစားပြီး အနိုင်ဆိုတာကို ပုံဖော်ပါလိမ့်မယ်။

**ရှော်လ်ကေးနှင့် စပါတာပရပ်**

အုပ်စု(K)မှာတော့ ရှော်လ်ကေးတို့က နှစ်ပွဲကစား၊ ခြောက်မှတ်ရထားပြီး ချက်ကလပ်ဖြစ်တဲ့ စပါတာပရပ်တို့ဟာ ချက်လိဂ်မှာ တန်းစီဇယားကို ထိပ်ဆုံးက ဦးဆောင်နေတဲ့ အသင်းဖြစ်လို့ အိမ်ကွင်းဆိုပေမယ့် ရှော်လ်ကေးတို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ဘွန်ဒက်စ်လီဂါမှာ ရလဒ်ကောင်းတွေရရှိနေတဲ့ ရှော်လ်ကေးကလည်း မိမိကွင်း မိမိပရိသတ်ရှေ့မှာ အနိုင်ကလွဲပြီး တခြားရလဒ်ကို အဖြေထုတ်မှာမဟုတ်ပါဘူး။

**ပါတီဇန်နှင့် ဘီလ်ဘာအို**

အုပ်စု(L)မှာ ဆားဘီးယားကလပ် ပါတီဇန်တို့ နှစ်ပွဲကစားပြီး ခြောက်မှတ်ရကာ အုပ်စုကို ဦးဆောင်နေပါတယ်။ ဘီလ်ဘာအိုတို့ကတော့ နှစ်ပွဲကစား၊ သုံးမှတ်ရထားလို့ ဒီပွဲကို အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ပါတီဇန်တို့က အသင်းလိုက်ကစားအားကောင်းပြီး တိုက်စစ်လည်း ထက်မြက်တာမို့ ဘီလ်ဘာအိုတို့ ကံကောင်းမှ တစ်မှတ်ရမယ့်ကိန်းပါပဲ။



## ထောက်ခံအားပေးမှုလိုတယ်ဆိုတဲ့ နည်းပြမက္ကလာရင်

နယူးကာဆယ်အသင်းဟာ ရာသီအစရုန်းကန်ကြိုးစားနေပေမယ့် အသင်းတာဝန်ရှိသူတွေရဲ့ ထောက်ခံမှုမရခဲ့ဘူးလို့ နည်းပြ မက္ကလာရင်က ဆိုပါတယ်။ နယူးကာဆယ်အသင်းဟာ တနင်္ဂနွေနေ့က နော့ဝှစ်ချ်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရလိုက်ပါတယ်။ ဒါဟာ နည်းပြ မက္ကလာရင်လက်ထက် နယူးကာဆယ်ကို ကိုင်တွယ်ရာမှာ ကိုးပွဲကစား ပထမဆုံးအနိုင်ရတဲ့ပွဲ ဖြစ်ပါတယ်။ အသင်းအောင်မြင်မှုရဖို့ အသင်းပိုင်ရှင် မိုက်အက်ရှ်လေရဲ့ အပြည့်အဝထောက်ခံအားပေးမှုရှိဖို့ လိုတယ်လို့ မက္ကလာရင်က ဆိုပါတယ်။ အသင်းပိုင်ရှင်တွေနဲ့ ပရိသတ်တွေရဲ့ အားပေးမှုဟာ အသင်းရဲ့ အောင်မြင်တိုးတက်မှုကို ရနိုင်ကြောင်းဖြင့်လည်း မက္ကလာရင်က ဆိုပါတယ်။ အင်္ဂလန်နည်းပြဟောင်း မက္ကလာရင်ဟာ နယူးကာဆယ်နည်းပြဖြစ်လာပြီးနောက် တစ်ပွဲသာအနိုင်ရသေးတယ်လို့ ဆိုပါတယ်။

## ရီးရဲမက်ဒရစ်က ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဟာဇက်

ချယ်လ်ဆီးတိုက်စစ်မှူး အီဒင်ဟာဇက်ကို လာမယ့်နွေရာသီမှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ ဟာဇက်ရဲ့ တန်ဖိုးမတက်မီ ခေါ်ယူသွားဖို့ ရှိတယ်လို့ ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်စ်က ဆိုပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ လာမယ့် နွေရာသီမှာ ဟာဇက်ကို အရခေါ်ယူသွားဖို့ရှိတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ဟာဇက်ကို နည်းပြ မော်ရင်ဟိုက အက်စ်တွန်ဗီလာကို အနိုင်ရတဲ့ပွဲမှာ လူစားအဖြစ်သာရှိနေတယ်လို့ ဆိုပါတယ်။ သူဟာ အနာဂတ်မှာ ချယ်လ်ဆီးမှ ထွက်ခွာဖွယ်ရှိနေပါတယ်။ ဟာဇက်ဟာ ရီးရဲမက်ဒရစ်ကခေါ်ယူဖို့ အဓိက ပစ်မှတ်ထားနေတဲ့ ကစားသမားဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်က ဟာဇက်ကို စီရော်နယ်ဒိုရဲ့ နေရာမှာ အစားထိုးဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။





## ဖီဖာဥက္ကဋ္ဌအရွေးခံဖွယ်ရှိတဲ့ စပါးနောက်တန်းကစားသမားဟောင်း ရေးမွန်းဗက်ဂါ

စပါးနောက်တန်းကစားသမားဟောင်း ရေးမွန်းဗက်ဂါအနေနဲ့ ဖီဖာဥက္ကဋ္ဌဝင်ရောက်အရွေးခံဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဆပ်ဘလတ္တာနဲ့ ဒုတိယဥက္ကဋ္ဌ ပလာတီနီတို့ကို အကျင့်ပျက်ခြစားစွပ်စွဲမှုတွေနဲ့ ရက်ပေါင်း ၉၀ ရာထူးမှ ဆိုင်းငံ့ထားပါတယ်။ ဆွစ်ဇာလန်နောက်တန်းကစားသမားဟောင်း ဗက်ဂါဟာဆဲလ်တစ်နဲ့ ဝက်ဖို့ဒ်အသင်းတွေမှာလည်း ကစားခဲ့ပြီး ၂၀၀၄ ခုနှစ်က ဘောလုံးကစားခြင်းမှ အနားယူခဲ့ပါတယ်။ စပါးအသင်း ကစားဖော် ဒေးဗစ်ဂျီနိုအာက ဗက်ဂါအနေနဲ့ ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်အရွေးခံဖွယ်ရှိနေတယ်လို့ ဆိုပါတယ်။ ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီနဲ့ အိမ်ရှေ့မင်းသား အယ်လ်ဟူစိန်တို့က ဖီဖာဥက္ကဋ္ဌအဖြစ်အရွေးခံဖို့ စာရင်းတင်သွင်းတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။

# အာခါတိုင်းရင်းသားတို့၏ ရိုးရာဓလေ့နှင့် ကောက်သစ်စားပွဲ

ဆောင်းပါး–မြင့်မိုရ်(တာချီလိတ်)

တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုရွာသည် တာချီလိတ်မြို့မှ ခုနှစ်မိုင်ခန့်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၃၀၀၀ ခန့်ရှိပြီး တာချီလိတ်-မိုင်းဆတ်လမ်းမကြီး၏ ညာဘက်တွင် တည်ရှိသည်။ တောင်စဉ်တောင်တန်းမြင့်မားပြီး ယခင်ကရွှံ့နွံများကြားတွင်တောင်စဉ်များကို ရှုန်းတက်ရသော်လည်း နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုနှင့်အတူ စန်းလုရွာ၏ အတက်လမ်းသည် ကတ္တရာတစ်ဝက်၊ ကျောက်ခင်းတစ်ဝက် ခင်းကျင်းထားသဖြင့် သွားလာရချောမွေ့သွားသည်။ ကျွန်တော်တို့အား စန်းလုကျေးရွာ အာခါတိုင်းရင်းသား ဦးချစ်ထူနေအိမ်၌ အာခါရိုးရာဓလေ့ကျင်းပသော ကောက်သစ်စားပွဲကို ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။တောင်မြင့်ကြီးများဖြင့် ဖွဲ့စည်းထားပြီး မြူနှင့် မိုးနှင်းတွေက လေနှင့်အတူလွင့်မြောနေသဖြင့် ဧည့်သည်များအား ထူးခြားသော မြင်ကွင်းအသစ်များကို ဖန်တီးပေးလျက်ရှိသည်။

အာခါတိုင်းရင်းသားများ၏ ၁၂လရာသီပွဲများတွင် မည်သည့်အတီးအမှုတ်အကမျှမပါဘဲ ထမင်းဝိုင်းအပြည့်ဖြင့်စားရင်း ဧည့်ခံသောပွဲကိုကောက်သစ်စားပွဲအာခါဘာသာဖြင့် “ဝိုတို့အာဖွေ့”(ခေါ်)စပါးနှံပူဇော်ပွဲဟု သိရသည်။

အဆိုပါပွဲကိုကနဦးအာခါတိုင်းရင်းသားများကိုးကွယ်သော “အာခါဇျန်း” ဘာသာ၏ ယုံကြည်ချက်ဓလေ့အရပြောရလျှင် မိသားစုဧည့်ခံခြင်းဟု ဆိုသည်။ ယနေ့ခေတ်ကာလမှာတော့ အခြားသော ကိုးကွယ်ခြင်း၊ ဘာသာကူးပြောင်းခြင်းရှိနေကြသဖြင့် ရွာအလိုက်စုပေါင်း “ကောက်သစ်စားပွဲ”ကျင်းပကြသည်လည်းရှိသည်။ ကောက်သစ်စားပွဲကို အာခါတိုင်းရင်းသားများသည် အောက်တိုဘာလပထမပတ် သို့မဟုတ် ဒုတိယပတ်တွင် မိမိတို့မိသားစု၏ ရက်ကောင်းရက်မြတ်ကိုရွေးချယ်၍ပြုလုပ်ကြသည်။ သို့ဖြစ်ပါ၍ကောက်သစ်စားပွဲသည် တစ်မိသားစုနှင့်တစ်မိသားစု တူညီတာရှိသလို မတူညီတာလည်းရှိသည်။ အကယ်၍တစ်ရွာတည်း လေးအိမ်၊ ငါးအိမ်တူညီခဲ့လျှင် တစ်အိမ်တက်တစ်အိမ်ဆင်း လှည့်လည်၍မင်္ဂလာပေး စားသုံးကြသည်။

အာခါတိုင်းရင်းသားနေထိုင်ရာ ကျေးရွာများတွင် မိသားစုဧည့်ခံပွဲများရှိပါက ဖိတ်စာနှင့်ဖိတ်ကြားလေ့မရှိခဲ့ကြပေ။ ယင်းဓလေ့ကို ယနေ့တိုင်တောင်ပေါ်ရွာများ၌ ကျင့်သုံးကြသည်။ မိမိရွာရှိသက်ကြီးများကို အိမ်တိုင်ရာရောက် ဖိတ်ခေါ်ကြသည်။ ဖိတ်ခေါ်ခြင်းတွင် တစ်ကြိမ်မှသုံးကြိမ်အထိ တစ်အိမ်တက်ဆင်း ရွာလုံးကျွတ်ဖိတ်ကြားကြသည်။အခြားရွာကိုဖိတ်ကြားလိုပါက ရိုးရာအရက်ဖြင့် သက်ဆိုင်ရာရွာမှ ဖိတ်ကြားပေးရန်စီမံပေးကြသည်။

**အာခါတိုင်းရင်းသားတို့၏ ရိုးရာထမင်းဝိုင်း**

အာခါတိုင်းရင်းသားတို့၏ အလှူပွဲများတွင် ဧည့်ခံသည့်စားပွဲဝိုင်း၌ လူစုံရောက်ရှိပါက နေမင်းကိုဦးဆုံးတွေ့ခဲ့သူ သို့မဟုတ် အသက်အကြီးဆုံးသူက ဦးဆောင်၍ မင်္ဂလာပေး စားဦးစားဖျားပြုရသည်။ ထိုသို့ထမင်းစားချိန်တွင် ထွေရာလေးပါး တိုင်းရေးပြည်ရေး၊ ရပ်ရေးရွာရေး၊ သားရေးသမီးရေး၊ သာရေးနာရေး ဆွေးနွေးခြင်းဖြင့် စားသုံးကြသည်။ စားသုံးချိန်တွင် မိမိသဘောဖြင့် ထပြန်သွားလေ့မရှိပါ။ အကယ်၍မလွဲမရှောင်သာရှိပါက ခွင့်ပန်ပြီးမှပြန်သွား



လေ့ရှိကြသည်။ စားသုံးပြီးလျှင် စားဝိုင်းမှပုဂ္ဂိုလ်တစ်ဦးက စိုက်ပျိုးရေးအောင်မြင်ပါစေ၊ မွေးမြူရေးဖြစ်ထွန်းပါစေ၊ ကျန်းမာရေးကောင်းပါစေဟု မင်္ဂလာကောင်းချီးပေးသောအခါ စားပွဲဝိုင်းရှိစားသုံးသူအားလုံးက သဘောတူကြောင်း မင်္ဂလာပေးကြပြီး မိသားစုဝင်တစ်ဦး သို့မဟုတ် စားပွဲထိန်းက စားဝိုင်းကို လက်တင်၍ ပေးတဲ့ဆုပြည့်ပါစေဟု ပြောပြီး စားပွဲကိုသိမ်းရသည်။

**ကောက်သစ်စားပွဲစီမံရပုံ**

ကောက်သစ်စားပွဲကျင်းပသည့်ရက် မိုးမလင်းမီ ထင်းရှူးဆီမီးတုတ်ပြု



လုပ်၍ တံဇဉ်နှင့် ပိတ်စတို့ယူဆောင်၍ ကောက်သစ်ရယူရန်စပါးခင်းသို့သွားရောက်ပြီး ဝင်းမှည့်နေသော စပါးခြောက်ဆုပ်ကို ရိတ်ယူရသည်။ ထိုစပါးခြောက်ဆုပ်မှသုံးဆုပ်ကို ယာခင်းတွင်စုပုံခဲ့ရပြီး ကျန်သုံးဆုပ်ကိုခြွေလှေ့၍ ယူလာသောပိတ်စတွင်ထည့်ကာ စပါးနှံသုံးနှံကိုလည်း ရိတ်၍တစ်ပါတည်းအိမ်သို့ယူဆောင်လာပြီး အိမ်၌ချိတ်ဆွဲထားရသည်။ ကောက်သစ်စားပွဲစီမံရာတွင် ပထမ နံနက်ခင်းနေမထွက်ခင် မင်္ဂလာရေစီမံရသည်။ ဒုတိယ ထမင်းစားရသည်။ တတိယ စပါးနှံကို နှီးလင်ပန်းတွင်ထည့်ပြီး မီးဖိုစင်အပေါ်၌ ထားရသည်။ စတုတ္ထ စပါးနှံကိုလှော်ပြီး ဆုံတွင်ထည့်ထောင်းရသည်။ ထောင်း၍ရလာသော ကောက်သစ်နှင့်ဆန်အနည်းငယ်ရော၍ထမင်းချက်ရသည်။

**ပူဇော်ရန်ပစ္စည်း(အိုးခွက်ပန်းကန်) ပြင်ဆင်ခြင်း**

အာခါတိုင်းရင်းသားတို့သည် အလှူပွဲများတွင်မပါမပြီး “ဂျိုးစီ” ဟူသော ကြက်သားတင်ရန် ဝါးဖျာ၊ နှီးပန်းကန်၊ ကြက်ရိုက်တုတ်၊ နှီးစားပွဲ၊ စဉ်းတီတုံး၊ အသားချိတ်ရန် ဝါးချွန်၊ မောင်း၊ နှီးခုံနှင့်ဓား အသုံးအဆောင်အားလုံးကို နံနက်စောစောခပ်ယူထားသောမင်္ဂလာရေဖြင့် ဆေးကြောသန့်စင်ရသည်။

**ကောက်သစ်စားပွဲမင်္ဂလာကြက်**

ကောက်သစ်စားပွဲမင်္ဂလာကြက်ကိုခြေစုံ၊ တောင်ပံတို့ကိုသုံးကြိမ်စီ မင်္ဂလာရေဖြင့်သန့်စင်ပြီး အမျိုးသမီးနေထိုင်သောအခန်းဘက်၌စီမံရသည်။ ကြက်မွေးအနည်းငယ်ကို မီးလျှံဖြင့်မီးမြှိုက်စေပြီး ရေနွေးဖြင့်အမွေးကိုသန့်စင်ရသည်။ ထို့နောက် ပူဇော်မည့်စားပွဲတွင်လက်ဖက်ခြောက်ရည်၊ အရက်၊ ဆန်၊ ကောက်သစ် အနည်းငယ်စီ၊ ကြက်သား ငါးတုံးတို့ကိုစီမံရပြီး ဟင်းချက်သောအခါ ကြက်သားအားလုံးနှင့် ဆန်၊ ဆား၊ ချင်း ထည့်၍ချက်ပြုတ်ရသည်။

**ကောက်သစ်ပူဇော်ခြင်း**

ချက်ပြုတ်ခြင်းပြီးသောအခါ ပူဇော်ရန်ပြင်ဆင်ထားသော စားပွဲငယ်၌ အသားဟင်းများစားပွဲပေါ်၌ အဆင်သင့်ဖြစ်သောအခါ ဘိုးဘွားတို့အား ပူဇော်သော “အာဖွေပေါ်လော်” ဟုခေါ်သောပိတ်စတွင်ထည့်ကာ ခြွေလှေ့ယူလာသော စပါးသုံးဆုပ်ကိုဖြုတ်ယူပြီးသန့်စင်ချိတ်ဆွဲထားသောစပါးနှံ သုံးနှံတို့ ထည့်၍ပူဇော်စားပွဲတွင် ကောက်သစ်၊ ထမင်း၊ အသားဟင်း၊ လက်ဖက်ခြောက်ရည်၊ အရက်များထည့်၍ ဘိုးဘွားတို့အား ပူဇော်လေ့ရှိကြသည်။ အဆိုပါ ပူဇော်ခြင်း၌သုံးသော အသား၊ ထမင်း၊ ကောက်သစ်များရော၍ ဧည့်ခံပွဲသို့လာရောက်သောဧည့်သည်အားလုံးထုံးစံအရ လက်ဝါးနှစ်ဖက်ဖြန့်လျက် ဘိုးဘွားတို့နှင့်အတူ စားသောက်ခြင်းမည်သော“အာဖွေလောဂျား” ဟုခေါ်သော မင်္ဂလာကောက်သစ်ကို လိုက်လိုက်လှဲလှဲခံယူစားသုံးကြသည်။ နည်းနည်းသာထည့်ပေးသော်လည်း များများစားသည်ဟု အဓိပ္ပာယ်ရသည်။

ပူဇော်ခြင်းပြီးသောအခါ မောင်းကိုသုံးကြိမ်တီး၍အမျှဝေကြသည်။ မင်္ဂလာကောက်သစ်ကိုမိမိတို့၏ မိသားစုဝင်များအား ဦးစွာမျှဝေပေး၍ မိသားစုအိမ်သို့ရောက်ရှိလာသော ဧည့်သည်များအားလုံးကို မျှဝေပေးကြသည်။ပူဇော်ခြင်းအားလုံးပြီးပါက“အာဖွေပေါ်လော်” ကိုလည်း မူလနေရာသို့ပြန်လည်ချိတ်ဆွဲပြီး ပူဇော်ခြင်းပြီးစီးကြောင်း မောင်းသုံးကြိမ်တီး၍ ပူဇော်ခြင်းတွင်သုံးသော ပစ္စည်းအားလုံးကို သိမ်းဆည်းရသည်။ အာခါတိုင်းရင်းသားတို့၏ ကောက်သစ်စားပွဲသည်တစ်ရက်သာကျင်းပပြီး အားလုံးပါဝင်နိုင်စေရန်ညဦးပိုင်းတွင် အထူးစီမံကြသည်။ ထူးခြားဖြစ်စဉ်ရှိပါက နံနက်နှင့်နေ့လယ်များတွင်လည်း အဆင်ပြေသလို စီမံကြသည်။

အာခါတိုင်းရင်းသားတို့၏ ကောက်သစ်စားပွဲကျင်းပရခြင်းသည် လွန်လေပြီးသော ဘိုးဘွားတို့အား ပူဇော်ခြင်း၊ ရွာရှိနေမင်းကိုဦးဆုံးတွေ့သူ သက်ကြီးသူများအား မင်္ဂလာယူခြင်း၊ မိတ်ဆွေသင်္ဂဟများအား ကျွေးမွေးဧည့်ခံခြင်းဖြင့် ဒီနှစ် ထမင်းတစ်ဝိုင်းဟာ နှောင်နှစ် ဆယ်ဝိုင်းကျွေးနိုင်ပါစေ၊ စားဝတ်နေရေး ဒီထက်မက တိုးတက်နိုင်ပါစေ၊ စိုက်ပျိုးရေးအောင်မြင်စေရန်၊ မွေးမြူရေးဖြစ်ထွန်းစေရန်၊ ကျန်းမာရေးကောင်းမွန်စေရန်နှင့်မျိုးဆက်သစ်များ၏ ဘဝအဆင်ပြေနိုင်စေရန် မင်္ဂလာယူသောချစ်စရာဓလေ့ဖြစ်သည်ဟု အာခါတိုင်းရင်းသားများက လက်ခံယုံကြည်ကြသည်။



---

## လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရန် ထရန်စဖော်မာများတပ်ဆင်

**မအူပင် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မြို့ပြနှင့် ကျေးလက်ကွာဟချက်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားလုံလောက်ပြည့်မီစွာ သုံးစွဲနိုင်ရန်အတွက် မြို့အစွန် ရပ်ကွက်နှင့် ကျေးရွာများတွင် 220KV ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်သည့်လုပ်ငန်းကို အောက်တိုဘာလအတွင်း ဆောင်ရွက်လျက်ရှိသည်။

မအူပင်မြို့တွင် မအူပင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ထားပြီး ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား/ ကျောင်းသူများ၊ ဆရာ/ဆရာမများ လုပ်ငန်းခွင် အဆင်ပြေရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ အသုံးပြုနိုင်ရေးကို မြို့နယ်တာဝန်ရှိသူများသည် မြို့နယ်မီးလင်းရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရသေ့တောင်မြို့နယ် ကျေးရွာတိုက်နယ်ဆေးရုံပန္နက်တင်အခမ်းအနား ကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၀**

ရသေ့တောင်မြို့နယ် မူစဲကျေးရွာအုပ်စု ဦးဂါကျေးရွာတိုက်နယ်ဆေးရုံပန္နက်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၆ရက်နံနက် ၈ နာရီခွဲက အဆိုပါတိုက်နယ်ဆေးရုံ ဆောက်လုပ်မည့်နေရာ၌ကျင်းပရာ ခေတ္တပြည်နယ် ဝန်ကြီးချုပ် ဦးမြအောင်က ဦးဂါကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီးဦးမောင်မောင်အုန်းက ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက်တိုက်နယ်ဆေးရုံပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပရာ အလိုတော်ပြည့်ဆရာတော်၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။ ထို့မှတစ်ဆင့် ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်နံနက် ၁၀ နာရီတွင် ကူတောင်ကျေးရွာတိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ် (အငြိမ်းစား) ဦးမောင်မောင်အုန်းက ကူတောင် ကျေးရွာတိုက်နယ်ဆေးရုံပန္နက်တင်မင်္ဂလာအခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ်က တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ယင်းနောက် တိုက်နယ်ဆေးရုံဆောက်လုပ်မည့် ကုမ္ပဏီဒါရိုက်တာက တိုက်နယ်ဆေးရုံဆောက်လုပ်မည့် အစီအမံများအား ရှင်းလင်းပြောကြားသည်။ ထို့နောက်တိုက်နယ်ဆေးရုံ ပန္နက်တင်အခမ်းအနားကျင်းပရာအလိုတော်ပြည့် ဆရာတော်ကြီး၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ခရိုင်အဆင့်ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီး ပြိုင်ပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၂၀**

၂၀၁၅ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲခရိုင်အဆင့်ပြိုင်ပွဲကိုစစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာပညာရေးကောလိပ်ခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မုံရွာပညာရေးကောလိပ်မှ ကထိကဦးခင်မောင်အေးတို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



"မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းခဲ့တဲ့ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များနဲ့ သတင်းအချက်အလက်နည်းပညာ ပွံ့ပိုးမှုကိုအခြေခံတဲ့ အမြင်ဆန်း၊ အကြားဆန်းတဲ့ ခေတ်ပေါ် အနုပညာရှင်များသည် အပြန်အလှန်လွှမ်းဆွဲနေတဲ့အချိန်မှာ မျိုးရိုးစဉ်ဆက်လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းခဲ့တဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ ကွယ်ပျောက်မသွားခင် သည်ခေတ်စနစ်ပေါင်းများစွာ၊ အခြေအနေပေါင်းများစွာကို ကြံ့ကြံ့ခံပြီး ရိုးရာဓလေ့ထုံးစံတွေ၊ အနုသုခုမပညာရပ်တွေကို ဇောင်းပေးထမ်းတင်ပေးခဲ့တဲ့ တာဝန်ရှိသူတွေကို ကြိုးပမ်းအားထုတ်မှု၊ မျိုးဆက်ဟောင်းအနုပညာရှင်တွေ ဆက်ခံသင်ယူပွားတွေခဲ့ကြတဲ့ မျိုးဆက်သစ်အနုပညာရှင်တွေကြောင့်ဖြစ်တာကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ထက်မှာလည်း အခုလို ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကိုဆက်လက်ထိန်းသိမ်းတဲ့အနေနဲ့ နိုင်ငံတော်က ဖော်ထုတ်ကျင်းပနေတဲ့အချိန်မှာ မိမိတို့အနေနဲ့လည်း ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ခရိုင်အဆင့် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ အရာတော်၊ ဘုတလင်နှင့် ချောင်းဦးမြို့နယ်များမှ ပြိုင်ပွဲဝင် အနုပညာရှင် ၈၀ ကျော်တို့ဖြင့် အောက်တိုဘာ ၁၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ခရိုင်အဆင့်မှ ထူးချွန်အနုပညာရှင်များရွေးချယ်ပြီး တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဖိုး**

# ဒေသဖွံ့ဖြိုးရေးအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်

**မန်စီ အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဝွေ့ကြီးကျေးရွာ ရွာဦးတံတားအရှည် ပေ ၁၆၀ သစ်သားတံတားနှင့်ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် အထကမန်စီ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်သစ် အလျား ပေ ၁၄၀၊ အနံ ပေ ၃၀ စာသင်ဆောင်သစ်တို့ကို စံလွန်ဘွမ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောက်လုပ်လျက်ရှိသော သစ်သားတံတားနှင့်စာသင်ဆောင်သစ်များအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်နောင်ဖြူ၊မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကွမ်ဆန့်နှင့်တာဝန်ရှိသူများက အောက်တိုဘာလဒုတိယပတ်တွင် အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး ကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွေးကောက်ပွဲကာလ မီးဘေးအန္တရာယ် မကျရောက်ရေး ကြိုတင်ပြင်ဆင်

**နတ်တလင်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနရွှေပြည်စိုးခန်းမ၌ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်တွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၈၂ အုပ်စုမှအရန်မီးသတ်တပ်ခွဲမှူးများ၊ ဒုတိယတပ်ခွဲမှူးများနှင့်တပ်စုမှူးများသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မီးသတိမူရေး၊ ကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူးဦးမင်းနိုင်က အထွေထွေရွေးကောက်ပွဲမကျင်းပမီကာလ၊ ကျင်းပစဉ်ကာလ၊ ရွေးကောက်ပွဲလွန်ကာလတို့အတွင်း တစ်မြို့နယ်လုံး မီးဘေးကင်းဝေးစေရန် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအုပ်စုများရှိအရန်မီးသတ်တပ်ဖွဲ့ဝင်များက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နတ်တလင်းမြို့နယ်တွင် မဲရုံပေါင်း ၁၄၇ ရုံရှိရာ တစ်ရုံလျှင် အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးစီ တာဝန်ချထားပြီး ကျန်တပ်ဖွဲ့ဝင်များကလည်း မိမိတို့နယ်မြေဒေသအတွင်း မီးလောင်မှုမဖြစ်ပေါ်စေရေးအတွက် မျက်ခြည်မပြတ်စစ်ဆေးဆောင်ရွက်သွားကြရန်၊ နှစ်စဉ်နှစ်တိုင်း မီးဘေးကြိုတင်ကာကွယ်ရေးများကို ဆောင်ရွက်ကြသော်လည်း ယခုနှစ်တွင် ပိုမိုအရေးပေးပြီးလုပ်ဆောင်ကြရန်၊ ဖြစ်ပြီးမှ မီးငြိမ်းသတ်ခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တင်မြင့်(နတ်တလင်း)**

# မုံရွာအထက(ခွဲ)အလက(၄)တွင် ကျောင်းဆောင်ဝရန်တာ နိမ့်ဆင်းပြိုကျမှုဖြစ်

**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိအထက(ခွဲ) အလက(၄)တွင် အောက်တိုဘာ ၁၉ ရက် နံနက်က ကျောင်းရှိ အဆောင်အမှတ် (၇) အလျား ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၄ ပေရှိ နှစ်ထပ်နံကပ်သွပ်မိုး ကျောင်းဆောင်၏ မျက်နှာစာရှိဘယ်ဘက်ခြမ်း ဝရန်တာ နိမ့်ဆင်းပြိုကျမှုဖြစ်ပွားခဲ့သည်။



ကျောင်းဆောင် ဝရန်တာ နိမ့်ဆင်းပြိုကျမှုအခြေအနေနှင့်ပတ်သက်ပြီး မျက်မြင်တွေ့ရှိသူတစ်ဦးက " ဒီကျောင်းဆောင်ကြီးကို ၁၉၉၄-၁၉၉၅ ခုနှစ်လောက်ကစပြီး တည်ဆောက်ခဲ့တာ။ အပြီးသတ်တာကတော့ ၂၀၀၅ခုနှစ်လောက်မှ အပြီးသတ်တယ်လို့သိရတယ်။ အခုဖြစ်တာကအပေါ်ထပ် ဝရန်တာဆင့်ရဲ့ အောက်ခံအုတ်နံရံနဲ့ကပ်လျက်ခါးပန်းကို ထိန်းထားတဲ့ ခြောက်မူးလုံး သံချိတ်ကွေးပြီး ဝရန်တာ ဘယ်ဘက်ခြမ်း နိမ့်ဆင်းသွားတာ၊ ဝရန်တာတစ်ခုလုံး နိမ့်ဆင်းသွားတာမဟုတ်ပါဘူး။ အဲဒီအချိန်မှာကျောင်းဆောင်အပေါ်ထပ်မှာ ကျောင်းသားကျောင်းသူတွေ ပထမနှစ်ဝက် အင်္ဂလိပ်စာဘာသာအစမ်းစာမေးပွဲဖြေဆိုဖို့ ရောက်ရှိနေပါတယ်။ စာမေးပွဲမစခင် မိနစ် ၂၀ခန့် အလိုမှာ အဲဒီဝရန်တာ ပြိုကျသွားတာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာသို့ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့် အရေးပေါ်ကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင်တွေ အချိန်မီလာရောက် ကူညီဆောင်ရွက်ပေးခဲ့ကာ ကျောင်းသား ကျောင်းသူလေးများ အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စာမေးပွဲခန်းများ ပြန်လည်စီစဉ်ရန်အတွက် ကျောင်းသား ကျောင်းသူများအား ကျောင်းဆင်းပေးလိုက်ပြီး အင်္ဂလိပ်စာဖြေဆိုမှုအား နောက်သို့ တစ်ရက်ဆုတ်ထားကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မုံရွာမြို့တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲကျင်းပမည်

**မုံရွာ အောက်တိုဘာ ၂၀**

မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဖလား ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ ရိုးရာခြင်းလုံးအားကစားရုံ၌ အောက်တိုဘာ ၂၄ ရက်မှစတင်ကာ သုံးရက်အကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့မှာ အရင်က ရိုးရာခြင်းလုံးအားကစားကို ပြည်ထောင်စုနေ့လိုရက်ကြီးတွေမှာ ပြိုင်ပွဲအနေနဲ့ အလှပြခတ်ခြင်းကိုသာ ကျင်းပခဲ့တာပါ။ အခုလို မြို့နယ်အဆင့် ကလပ်ပေါင်းစုံပြိုင်ပွဲကိုတော့ ပထမအကြိမ်အနေနဲ့ မြို့ပေါ်မှာရှိတဲ့ ကလပ်အသင်းတွေ ပါဝင်ယှဉ်ပြိုင်ကြမှာပါ"ဟု မြို့နယ်အားကစားမှူး ဦးမျိုးနိုင်က ပြောသည်။

အဆိုပါ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ မုံရွာမြို့နယ်အတွင်းရှိ ရိုးရာခြင်းလုံးကလပ် ရှစ်ခုမှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုချမ်း**



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၁၅ ရက်က ကျေးရွာများသို့ ဆိုလာမီးပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌတို့က ကျေးရွာမီးလင်းရေးကော်မတီများသို့ ဆိုလာမီးလင်းရေးဆက်စပ်ပစ္စည်းများ ပေးအပ်စဉ်။ **(ကျေးလက်ဦးစီး)**

# ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေး ဆွေးနွေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၀**

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေးက "အသိပညာပေး ဟောပြောတယ်ဆိုတာကလည်း ကျွန်တော်တို့ရဲ့ ရည်မှန်းချက် တာဝန်ထဲမှာလည်းပါပါတယ်။ ပြည်သူလူထုကိုယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီး အသိပညာပေးရမယ်။ ကာကွယ်စောင့်ရှောက်ပေးရမယ်ဆိုတာက အဲ့ဒီရည်မှန်းချက်ထဲမှာပါပြီးသားပါ။ အဓိကကတော့ ဒီတာဝန် နှစ်ရပ်ကို ချုံ့လိုက်ရင် ပြည်သူလူထုယာဉ်အန္တရာယ်ကင်းရှင်းရေးတာဝန်နဲ့ စည်းကမ်းထိန်းသိမ်းရေးတာဝန်ပါ။ အခုကသူတို့ မြေပြင်မှာတကယ် ကားမောင်းနေတာဆိုတော့ ထိရောက်အောင် ဆွေးနွေးပေးတာပါ။ ဒီလိုဟောပြောပို့ချလိုက်ခြင်းအားဖြင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေအတွက် လွန်စွာအကျိုးရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ တစ်နေ့ တစ်နေ့ ယာဉ်အန္တရာယ်ကြောင့် လူဦးရေဘယ်လောက်သေဆုံး ထိခိုက်နေလဲ၊ ဆုံးရှုံးမှုတန်ဖိုး ဘယ်လောက်များလည်းဆိုတာကို ပြောပြတယ်။ ထိခိုက်ဒဏ်ရာရသူတွေထဲမှာ လူငယ်တွေလည်း ပါနေတာဆိုတော့ မိသားစုကိုလုပ်ကျွေးနေတဲ့ အိမ်ထောင်ဦးစီးသာပါသွားရင် ပြဿနာတွေ အများကြီး ရှိလာနိုင်ပါတယ်။ ဒီတော့ ဒီလိုနှိုင်းယှဉ်ပြီး သူတို့ကို အသိပညာပေးလိုက်ခြင်းအားဖြင့် အသိပညာရသွားပြီဆိုရင် မူအကျင့်တွေပြောင်းလဲလာကြမှာပါ။ အဲ့ဒါဆို ယာဉ်မတော်တဆမှုတွေလျော့နည်းလာပြီး သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုနဲ့ ဆုံးရှုံးမှုတန်ဖိုးတွေ လျော့နည်းသွားမှာပါ" ဟု ပြောကြားသည်။

အဆိုပါ ရက်ကပြုလုပ်ခဲ့သော ဟောပြောမှုများအတွင်း ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ ရဲမှူးကြီး ကျော်ထွေး၊ အမှတ်(၆)ယာဉ်ထိန်းတပ်ဖွဲ့၊ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးသန်းမြင့်၊ ယာဉ်မှုစစ်နှင့် မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်တို့က ယာဉ်လိုင်းအသီးသီးမှ ဥက္ကဋ္ဌများနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၅၀ တို့အား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြပြီး စက်တင်ဘာ ၇ ရက်က ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၅၅) မော်တော်ယာဉ်ဥပဒေစာအုပ်ကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက်ရောက်လာကြသူများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း**(SP)

# ရှေးနှစ်ပေါင်း ၁၅၀ကျော်က အံ့မခန်းထည်ဝါလှတဲ့ ပခန်းငယ်ကျောင်းတော်ကြီး ယိုယွင်းပျက်စီးလျက်ရှိ

မင်းထက်အောင်(မန်းကိုယ်ပွား)

မကွေးတိုင်းဒေသကြီးရေစကြိုမြို့နယ် ပခန်းငယ် ကျေးရွာအုပ်စုအတွင်းရှိ ချစ်သူ့ရွာတွင် ရှေးနှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ ကုန်းဘောင်ခေတ်လက်ရာ ပခန်းငယ်ကျောင်းတော်ကြီးမှာ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးကာ ကျောင်းလှေကားများနှင့် တိုင်လုံးများသာ ကျန်ရစ်လျက်ရှိနေပေသည်။

အဆိုပါ ကျောင်းတော်ကြီးအား သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မင်းတုန်းမင်း၏ ငယ်ဆရာဘထွေးတော် ပခန်းမင်းကြီး ဦးရန်ဝေးက သူ၏ဦးရီးတော်ပန်းဒူးဆရာတော်ဘုရားကြီး သီတင်းသုံးနေထိုင်ရန်ရည်စူး၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းတော်ကြီး ဆောက်လုပ်ရာတွင် မှူးတော်၊ မတ်တော်စော်ဘွားတို့က ပါဝင်ကူညီရန် မင်းတုန်းမင်းကြီးကိုယ်တိုင် မိန့်တော်မူခဲ့ကြောင်း သိရသည်။

ကျောင်းတော်ကြီးဆောက်လုပ်ရန် နေပြည်တော်မှ လက်သမားအကျော်အမော်အယောက် ၁၀၀ ကို ခေါ်ဆောင်၍ရှစ်ပယ်အကျယ်အဝန်းရှိသော ကျောင်းတော်ကြီးကိုပြာသာဒ်ဆောင်၊ ဘောဂဆောင်၊ ခနဲဆောင်၊ ဆောင်မကြီးတို့ဖြင့်အဆောင်လေးဆောင်ဖွဲ့စည်းကာ သက္ကရာဇ် ၁၂၁၈ ခုနှစ်မှစတင်၍သိမ်၊ ပိဋကတ်တိုက်တော်တို့နှင့်အတူ တစ်ပြိုင်နက်အခါယူ အုတ်မြစ်ချကာ ခုနစ်နှစ်တိုင်ကြာအောင် တည်ဆောက်ခဲ့ရကြောင်း အဆိုပါကျေးရွာမှ ကျောင်းတော်ကြီး သမိုင်းမှတ်တမ်းပြုစုရေးအဖွဲ့ဝင်အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ပြောသည်။

"မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် ဇေတဝန်ကျောင်းတော်ကြီးဟာ တစ်ဆယ့်ခြောက်ပယ်ကျယ်ဝန်းပါတယ်။ ဒီပခန်းကျောင်းတော်ကြီးကိုဇေတဝန်ကျောင်းတော်ကြီးရဲ့ တစ်ဝက်သတ်မှတ်ပြီး တည်ဆောက်ထားတဲ့အတွက် ရှစ်ပယ်ကျယ်ဝန်းပါတယ်။ တစ်ပယ်ကို နှစ်ဧကရှိတယ်ဆိုတော့ ဒီပခန်းကျောင်းတော်ကြီးက ၁၆ ဧကကျယ်ဝန်းပြီး ကျောင်းရေစက်ချပွဲကိုလည်း သံဃာတော်အပါး ၁၀၀၀ ပင့်ဖိတ်ပြီး တစ်လကြာမျှ ကျင်းပခဲ့တဲ့အတွက် သမိုင်းတွင်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကျောင်းတော်ကြီးတစ်ခုလုံးအား ကျွန်းသားများဖြင့်သာ ဆောက်လုပ်ထားကာ တိုင်ပေါင်း ၃၃၂ လုံးပါဝင်၍ တစ်တိုင်လျှင် လုံးပတ်ခြောက်ပေလေးလက်မမှ ခြောက်ပေရှစ်လက်မအထိရှိပြီး တိုင်အရှည်မှာ ပေ ၂၀ မှ ပေ ၆၀ အထိရှိသည်။

ခါးပန်းယက်မတို့မှာထု ၂ ဒသမ ၅ လက်မ၊ ဗျက် ၁၃ လက်မ၊ ဆင့်များမှာ ထု ၄ လက်မ၊ ဗျက် ၄လက်မရှိ၍ကြမ်းပြင်အခင်းများမှာထု ၁ ဒသမ ၅ လက်မ၊ ဗျက် ၁ ပေရှိပြီး လှေကား ရှစ်စင်းတပ်ဆင်ထားသဖြင့် ခံ့ညားထည်ဝါ





လှသည့်အပြင်ကျောင်းတော်ကြီးဆောက်လုပ်ရန် အပြစ်အနာအဆာကင်းသော သစ်များကို မှူး၊ မတ်၊ စော်ဘွားတို့က တာဝန်ယူရှာဖွေ၍ဧရာဝတီမြစ်ကြောင်း အတိုင်းစုန်မျှောကာ ချင်းတွင်းမြစ်ကြောင်းကို တစ်ဖန်ဆန်တက်၍ သယ်ယူ ပေးခဲ့ရကြောင်းသိရသည်။

ထို့အပြင် ကျောင်းတော်ကြီးအား ဘုံသုံးဆင့်၊ မှန်ကင်းခြေဆုတင်ထားသည်။ ကွမ်းစင်မာရဘင်မျက်နှာကြက်များတွင် ပန်းခြူးနွယ်တို့ဖြင့်လှပစွာထုလုပ်ထားရာ ငှက်ကြီး၊ ငှက်ငယ်တို့ နားနေဟန်၊ ကဟန်၊ ချီဟန်၊ လိုက်ဟန်၊ တွန်ကျူးတော့မည့်ဟန်များ လှုပ်ရှားနေဘိသကဲ့သို့ထင်မှတ်ဖွယ်ဖြစ်အောင် ထုဆစ်ထားသည်။ ဒုရင်ပုံတို့မှာလည်း စနစ်တကျလှီးဖြတ်တိုက်စားထားသဖြင့် လက်သမား ကျော်တို့၏ လက်ရာမှာအနုသုခုမလက်ရာမြောက်လှသည်။

ပခန်းကျောင်းကန်၊ ပုဂံဘုရားဆိုစကားအတိုင်း ပခန်းငယ်ကျောင်းတော်ကြီးသည်အလွန်ပင်ကြီးကျယ်ခမ်းနားလှပေသည်။ ပြာသာဒ်ဆောင်တွင် ဟင်္သာသနပလ္လင်ထားရှိ၍ပလ္လင်ပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူပူဇော်ထားသည်။ ခနဲဆောင်တွင်ဆရာတော်ကြီးနှင့်တကွ သံဃာတော်များ ဝတ်တက်၊ ဝတ်ကပ်ခြင်းနှင့်အစည်းအဝေးများကို ပြုလုပ်ကြသည်။ ဆောင်မတွင် ဓမ္မာသနပလ္လင်တော်ထားရှိပြီး ဆရာတော်ကိုယ်တိုင်တရားဓမ္မဟောကြား ဆုံးမဩဝါဒပေးရာနေရာဖြစ်ပါသည်။ ဘောဂဆောင်တွင်လည်း ပရိဘောဂပစ္စည်းများထားရှိခြင်း၊ ဆွမ်းကျွေးခြင်းများပြုလုပ်ခဲ့ကြောင်း မှတ်တမ်းများတွင်ရေးသားထားသည်။

"ကျွန်တော်တို့ငယ်ငယ်တုန်းက ဒီကျောင်းကြီးပေါ်မှာပဲ တက်ဆော့ကြ၊ ပလ္လင်ပေါ်မှာထိုင်ပြီး ဘုရင်လုပ်တမ်းကစားခဲ့ကြတာပေါ့ဗျာ။ အခုတော့ ဒီပလ္လင်ကြီးလည်း မရှိတော့သလို ကျောင်းတော်ကြီးကလည်း ပြုပြင်မှုမရှိတော့ တဖြည်းဖြည်းအိုမင်းရင့်ရော်ပျက်စီးသွားခဲ့တာပါ။ အလွန်နှမြောစရာကောင်းပါတယ်"ဟု ကျောင်းတော်ကြီးအနီးတွင် နေထိုင်ခဲ့သော ချစ်သူ့ရွာသား ဦးစိုးဝင်းမြင့်က ပြောသည်။

ပန်းဒူးဆရာတော်ဘုရားကြီးသည် နေပြည်တော်ဗားကရာတိုက်မှ ပခန်းကျောင်းတော်ကြီးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီး စာသင်သားသံဃာအပါး ၄၀၀ ကျော်တို့အား စာပေပရိယတ္တိများပို့ချကာ ၁၂၃၄ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ပခန်းငယ်ကျေးရွာအုပ်စု ဒေသခံတို့သည် ပခန်းငယ်ကျောင်းတော်ကြီး ဇရာထောင်း၍တစ်စတစ်စယိုယွင်းပျက်စီးနေမှုများအား မိမိတို့မျက်စိအောက်တွင် တွေ့မြင်နေကြသော်လည်း သစ်ပင်ချုံနွယ်များ ရှင်းလင်းပေးနိုင်ရုံမှ အပ ပြုပြင်မွမ်းမံခြင်းအလို့ငှာ မစွမ်းဆောင်နိုင်ခဲ့ဘဲ ရှိနေသည်။

ယခုအချိန်တွင် နိုင်ငံတော်မှယဉ်ကျေးမှုအမွေအနှစ်များ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နေချိန်တွင် မိမိတို့ပခန်းငယ်ကျောင်းတော်ကြီးကို လာရောက်ကြည့်ရှုပြီး ပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်နှင့် နောင်လာနောက်သားတို့ ရှေးခေတ်မြန်မာ့အနုပညာအမွေအနှစ်များကို တွေ့မြင်၍ အမျိုးဂုဏ်၊ ကျေးရွာဂုဏ် ဝင့်ကြွားနိုင်စေရန်ရည်ရွယ်လျက် ကျောင်းတော်ကြီးမှတ်တမ်းကို ရေးသားပြုစုခြင်းဖြစ်ပါသည်။ အဆိုပါမှတ်တမ်းသည် ပခန်းငယ်ကျောင်းတော်ကြီး ပြုပြင်ထိန်းသိမ်းနိုင်ရန်နှင့်အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးတာဝန်ကြီးတစ်ရပ်ကို တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိပါကြောင်း. . . .။

## သတင်းတို

### လယ်ယာကဏ္ဍတိုးတက်စိုက်ပျိုးထုတ်လုပ်ရေးကွင်းဆင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးရာသီတွင် တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားစေရေး စိုက်ပျိုးနည်းပညာများ တောင်သူများသိရှိဆောင်ရွက်ရန်စေရန် ရည်ရွယ်ချက်ဖြင့် သီးကုန်းကျေးရွာ ကွင်းအမှတ်(၈၈၂)ရှိ တောင်သူဦးမိုးညို၏ ပုလဲသွယ် စပ်မျိုးစပါးစိုက်ခင်းသို့ အောက်တိုဘာ ၁၈ ရက်နေ့ နံနက် ၈ နာရီက စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဦးနှင့်အတူ ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ယင်းနောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံးခန်းမ၌ တွေ့ဆုံပြီး မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များအား ဒေသခံတောင်သူများ ရရှိအသုံးချနိုင်ရေးဆောင်ရွက်ပေးကြရန် တိုင်းဒေသကြီးဦးစီးမှူးက ရှင်းလင်းမှာကြားသည်။

ချမ်းသာ(မိတ္ထီလာ)

## ကားနှင့်ဆိုင်ကယ်တိုက်မိ လူနှစ်ဦးသေဆုံး

ဆိတ်ဖြူ အောက်တိုဘာ ၂၀

ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆော-ပေါက်-ပခုက္ကူသွား ကားလမ်းတွင် အောက်တိုဘာ ၁၈ ရက်က အထူးရဲတစ်ဦး မောင်းနှင်လာသော ကားကတစ်ဖက်ယာဉ်ကြောရှိ ဆိုင်ကယ်အား ဝင်ရောက်တိုက်ခိုက်မိခဲ့သောကြောင့် ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးသေဆုံးသွားခဲ့ကြောင်း ပခုက္ကူခရိုင် ရဲတပ်ဖွဲ့ရုံးမှ သိရှိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ဆိပ်ဖြူဘက်မှ ဆောဘက်သို့ မျိုးဝင်း (၂၆နှစ်)၊ ဇီးဖြူကောင်းကျေးရွာ၊ ဆိပ်ဖြူမြို့နယ် နေသူ မောင်းနှင်ပြီး နောက်မှအစ်မဖြစ်သူ မအေးမာ (၄၀နှစ်) စီးနင်း လိုက်ပါလာသည့် နံပါတ်မပါ ဆိုင်ကယ်အား ဆိပ်ဖြူ-ဆော-ပခုက္ကူ သွား ကားလမ်းမိုင်တိုင် (၇/၃)နှင့် (၇/၄) အကြား ဆင်လမ်းချောင်းကျေးရွာမှ ဆိပ်ဖြူဘက်သို့ ရဲမင်းအောင် (အထူးရဲ) (၂၅နှစ်) ဆင်လမ်းချောင်းကျေးရွာ ဆိပ်ဖြူမြို့နယ်နေသူ မောင်းလာသည့် အနီရောင်ယာဉ်က ဝဲဘက်ရွှေ့ဘီး ပေါက်ပြီး တစ်ဖက်ယာဉ်ကြောအတွင်းရှိ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် မျိုးဝင်းနှင့် မအေးမာတို့ နှစ်ဦးတွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းရဲမင်းအောင်အား ဆိပ်ဖြူမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ကျော်ဇေယျ



## ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ပဲ၊ ပြောင်း အထွက်နှုန်းများ ကျဆင်း

ကျွန်းလှ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အရှေ့ခြမ်းနှင့်အနောက်ခြမ်းကျေးရွာများတွင် စပါး၊ ပြောင်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲအမျိုးမျိုး၊ နှမ်းသီးနှံတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ပြီး ယခုနှစ်တွင်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယခင်နှစ်ကမစိုက်ပျိုးရသည့်လယ်မြေများစိုက်ပျိုးရသော်လည်း ယာသီးနှံဖြစ်သည့်ပြောင်း၊ မိုးမြေပဲ၊ ပဲစင်းငုံတို့မှာ အထွက်နှုန်းမကောင်းကြောင်း သိရသည်။

ပြောင်းဖူးများကိုအောက်တိုဘာလဆန်းပိုင်းတွင် ချိုးယူကြပြီး အိမ်သို့သယ်၍အခွံခွာကြကြောင်း၊ ယခင်နှစ်က ပြောင်းတစ်ဧကတင်း ၆၀ မှ ၇၀ ထွက်ရှိသော်လည်း အခုနှစ်မှာပြောင်းခင်းတွေ ရေနင်းသွားပြီးအရည်အသွေးမကောင်း သောပြောင်းဖူးသာချိုးရ၍တစ်ဧကတင်း၂၀မှ၂၅သာထွက်ရှိကြောင်း ထန်းပင်ကုန်းကျေးရွာနေပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်စီပီပြောင်း ၁၀ ဧကစိုက်ထားပါတယ်။ ဒီနှစ်အထွက်နှုန်းမကောင်းတော့ တင်း၂၀၀၊၂၅၀လောက်ပဲရမယ်လို့ ခန့်မှန်းထားပါတယ်။ပြောင်းတစ်ဧကကိုမျိုးဖိုး၊ စက်ခုပ်ခ၊ စိုက်ခ၊ ပေါင်းသင်ခ၊ အလုပ်သမားခ ငွေကျပ် ၉၀၀၀၀ ခန့်ကုန်ကျပါတယ်။ အခုပွဲရုံပေါက်ဈေး ပြောင်းဆန်တစ်တင်း ၆၈၀၀၊ ၇၀၀၀ ရှိပေမယ့် အထွက်နှုန်းမကောင်းတဲ့အတွက် ပြောင်းစိုက်တောင်သူတွေမျိုးဖိုးသာရရှိပါတယ်ဟု" ၎င်းက ထပ်မံပြောပြသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ကျောက်တံတားမြို့နယ်အတွက် မဲရုံပေါင်း ၂၉ ရုံထားရှိမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ကျောက်တံတား မြို့နယ်တွင် ရပ်ကွက် ကိုးရပ်ကွက်ရှိရာ အဆိုပါ ရပ်ကွက်များအတွက် မဲရုံပေါင်း ၂၉ ရုံ ထားရှိသွားမည်ဖြစ်ကြောင်း မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မဲရုံ တစ်ရုံစီ၌ မဲရုံမှူး တစ်ဦး၊ ဒု မဲရုံမှူး တစ်ဦး၊ ရပ်/ကျေးကော်မရှင် အဖွဲ့ဝင်တစ်ဦးနှင့် မဲရုံအဖွဲ့ဝင် ၁၂ ဦးတို့ဖြင့် မဲရုံ ၂၉ ရုံအတွက် စုစုပေါင်း ၄၃၅ ဦးတို့က တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ မြို့နယ် အတွင်း ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်များစာရင်းအရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ရှစ်ဦး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး၊ တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁) ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ ရခိုင်တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်လောင်း သုံးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံကြမည် ဖြစ်သည်။

မြို့နယ်အတွင်း အောက်တိုဘာ ၂၃ ရက်နှင့် ၃၀ ရက်တို့တွင် မဲရုံအဖွဲ့ဝင် သင်တန်းပေးရန် စီစဉ်ထားကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**စိုးဝင်း(SP)**

## ထားဝယ်မြို့နယ် ကျေးရွာပေါင်းစုံ(၂၅)နှစ်အောက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသည့် ထားဝယ်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံအသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ရက် ညနေ ၃ နာရီက တိုင်းအားကစားကွင်း၌ ရှင်မုတ္တီးကျေးရွာ အသင်းနှင့် သပြေချောင်းကျေးရွာအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ရှင်မုတ္တီး ကျေးရွာအသင်းက သပြေချောင်းကျေးရွာ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က ကျေးရွာပေါင်းစုံ ဘောလုံး ပြိုင်ပွဲတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြသည့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး တာဝန်ရှိသူများက အကောင်းဆုံးဘောလုံးသမားဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး(အနောက်တန်း၊ အလယ်တန်း၊ အရှေ့တန်း) အားကစားသမားဆု၊ ဂိုးအများဆုံးသွင်းနိုင်သော အားကစားသမားဆုနှင့်သန့်ရှင်းဆုံးအသင်းဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ဒုတိယဆုရရှိသော သပြေ ချောင်းကျေးရွာ အသင်းနှင့် ပထမဆုရရှိသော ရှင်မုတ္တီးကျေးရွာအသင်းအားတစ်ဦးချင်းဆုနှင့် ငွေသားဆုချီးမြှင့်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ပထမဆုရရှိသော ရှင်မုတ္တီးကျေးရွာ အသင်းတံခွန်စိုက်ဒိုင်းဆု ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူး ဦးစိုးမိုးနိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## သံတောင်ကြီးမြို့ရှိ ဘာသာရေးဆရာတော်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ



**သံတောင်ကြီး အောက်တိုဘာ ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်ရှိ ဘာသာရေးဆရာတော်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်တို့သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် (ZION)နှစ်ခြင်း ခရစ်ယာန်ဘုရာကျောင်း၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက အမှာစကားပြောကြားပြီး လှူဖွယ်ပစ္စည်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဘာသာရေး ဆရာတော်များက လက်ခံရယူကြကြောင်း၊ အခမ်းအနားသို့ တိုင်းမှူး၊ ဘုရင့်နောင်တပ်နယ်မှ တပ်နယ်မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘာသာရေးဆရာတော်များ၊ KNU ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**စောမင်းသား(ပြန်/ဆက်)**



# ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အလုပ်ရုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုတွင် အထောက်အကူဖြစ်စေရန် ဧရာဝတီမြစ်ဝှမ်းစီမံကိန်းရေးဆွဲရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာဒုတိယပတ်က ရန်ကုန်မြို့ မီဂါဆာဟိုတယ် ၌ ကျင်းပခဲ့သည်။

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလွင်ဦးက ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း လုပ်ငန်းခွဲ-၁ ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ရေသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများအတွက် အထောက်အကူပြုသကဲ့သို့ ရေကြီးမှုနှင့် အခြားဆက်နွယ်သည့်ဘေး အန္တရာယ်များကိုလည်းဖြစ်ပေါ်စေနိုင်ပါကြောင်း၊ စီမံကိန်းတွင်လုပ်ငန်းခွဲ သုံးခုရှိပြီး လုပ်ငန်းခွဲ-၁ မှာ ရေအရင်းအမြစ်နှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်၊ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများစသည်တို့နှင့် သက်ဆိုင်ပါကြောင်း၊ လုပ်ငန်းခွဲ -၂ သည် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ လေ့လာမှုနှင့် သတင်းအချက်အလက်စနစ်များအား တိုးတက်ခေတ်မီရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွဲ-၃ သည် ဧရာဝတီမြစ်တွင်ရေကြောင်း သွားလာမှုကောင်းမွန်စေရန်ဆောင်ရွက်မှု၊ ရေအရည်အသွေးထိန်းချုပ်စစ်ဆေးမှု၊ သက်ဆိုင်ရာအဖွဲ့အစည်း၏ဆောင်ရွက်မှုအရည်အသွေးတိုးတက်ကောင်းမွန်မှုနှင့် သက်ဆိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်၏ဌာနေကိုယ်စားလှယ် Dr. Abdoulaye Seck က ဧရာဝတီမြစ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးအသုံးချနိုင်ရန် မြစ်ဝှမ်းဒေသစီမံကိန်း ရေးဆွဲခြင်းနှင့်မြစ်ဝှမ်းဒေသဆိုင်ရာ အစီရင်ခံစာပြုစုခြင်းတို့သည် အလွန်အရေးပါသည့် အခန်းကဏ္ဍများဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်နှင့်မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရန်ပံ့ပိုး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ကျောက်ခဲကြီးကျေးရွာရှိ ပြည်သူတစ်ဦးအား အောက်တိုဘာ ၁၅ ရက်က ကျေးရွာမြေငှားဂရန်ပေးအပ်စဉ်။
မိုးမိုး(လှိုင်)


## မြေကွက်များ ဝယ်လိုပါသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

**ဖုန်း-၀၉-၂၆၀၆၆၄၈၀၊ ၀၉-၂၆၀၆၆၄၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၅၈၈၆၀ YUNDE (YD 110-60), M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇာဇင်ထူး ၉/ခအဇ(နိုင်)၀၃၄၅၁၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**






## သီလဝါစက်မှုဇုန်နှင့်နီးသည့် မြေကွက်များရောင်းမည်

ကျောက်တန်းလမ်းမကြီးပေါ် ဟိုတယ်ဆောက်ရန်သင့်တော်သည့် မြေကွက် ၃ ဧကခန့်၊ ရိပ်သာလုပ်ရန်သင့်တော်သည့် မြေကွက်(၂)ဧကခန့်၊ အရောင်းအဝယ်စင်တာကြီးလုပ်ရန်သင့်တော်သည့် မြေကွက် ၄ ဧကခွဲခန့် ဈေးနှုန်းသက်သာစွာနှင့် ရောင်းမည်။

**ရုံးချိန်အတွင်း ဆက်သွယ်ပါရန် ဖုန်း-၀၉-၇၃၂၄၀၉၄၆**
**(အကျိုးဆောင်များ သည်းခံပါ။)**












## ခြံနှင့် အဆောက်အအုံ ညှိနှိုင်းဈေးဖြင့်ရောင်းမည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကြာကန်စုကျေးရွာ၊ စိုက်ပျိုးမွေးမြူရေးဇုန် ၂ ယူနစ်၊ ၁၀ဧက၊ စိန်တလုံးသရက်ပင် ၁၀၀၀ ကျော်ပါရှိပြီး အသီးစားနိုင်ပါပြီ။ ထောင့်ကွက်၊ လမ်းမကြီးမေးတင်၊ လယ်သမားရှင်းလင်းပြီး၊ တစ်ဧက (၇၅၀)သိန်း။

၂။ လှိုင်သာယာစက်မှုဇုန်မှအထွက် တွံတေးဘက်သို့ ပန်းလှိုင်မြစ်ကူးတံတားကျော်ပြီး တစ်မိနစ်အတွင်း ရန်ကုန်-တွံတေးလမ်းမကြီးဘေး Toll Gate အနီး၊ လမ်းမမေးတင် လေးဧက၊ မျက်နှာစာကျယ်သည်။ တစ်ဧက (၂၅၀၀သိန်း)

၃။ ချောင်းသာကမ်းခြေကျေးရွာ၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာဈေးအနီး ကြံ့ခိုင်ရေးလမ်း၊ (ပေ ၄၀×ပေ၆၀) နှစ်ကွက်တွဲ၊ ထောင့်ကွက်၊ လက်ရှိတည်းခိုခန်း အဆောက်အအုံ နှစ်ခုပါ။ စီးပွားရေးလုပ်ရန် အကွက်အကွင်းကောင်းသောနေရာ၊ သိန်း (၅၀၀၀)။

၄။ ချောင်းသာကမ်းခြေကျေးရွာ၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ကမ်းခြေ ၂ဒသမ၅၈ဧက၊ ဘန်ဂလိုတစ်လုံးပါ။ သိန်း (၄၅၀၀)။

**တစ်ဦးတည်းပိုင်၊ အရှုပ်အရှင်းကင်းသော ပိုင်ဆိုင်မှုများဖြစ်ပါသည်။**
**အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။**
**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၁၂၉၄၊ ၀၉-၅၀၃၃၇၀၄၊ ၀၉-၅၀၁၄၇၂၇**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ (၉)မီတာ ကွန်ကရစ်ကျောက်တိုင် အလုံး(၁၀၀)ကို မိတ္ထီလာဓာတ်အားခွဲစက်ရုံဝင်းအရောက် ဈေးနှုန်း(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## ဖမ်းဆီးရမိသော သစ်/တိုင်/ခွဲသားများရောင်းချရန်
## လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ သစ်/တိုင်/ခွဲသားများကို တိုင်းကျော်သယ်ယူခွင့်မပြုဘဲ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကသာမြို့၌ ၂-၁၁-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီတွင် လက်ရှိ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သစ်မျိုး | အရေအတွက် | တန် |
|---|---|---|---|
| ၁ | ကျွန်းသစ် | ၃၃၂၄ လုံး | ၁၁၁၂.၄၄၃၄ |
| | ကျွန်းတိုင် | ၇၃ လုံး | ၉.၈၈၈ |
| ၂ | ကျွန်းခွဲသား | ၄၁၉၁ ချောင်း | ၆၀.၁၄၇၆ |
| ၃ | တမလန်းသစ် | ၂၈၀ လုံး | ၄၇.၃၃၇၄ |
| | တမလန်းတိုင် | ၁၉၆ လုံး | ၁၃.၂၈၂ |
| ၄ | တမလန်းခွဲသား | ၃၂၅၈ ချောင်း | ၄၁၂.၄၀၁၆ |
| ၅ | အင်ကြင်းသစ် | ၂၉ လုံး | ၇.၄၀၅၈ |
| | | | **၁၆၆၂.၉၀၅၈** |

၂။ လေလံတင်လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ကသာခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၆-၁၀-၂၀၁၅ ရက်မှ ၃၀-၁၀-၂၀၁၅ ရက်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး ကသာခရိုင် သစ်တောဦးစီးဌာန၊ ဖုန်း-၀၇၅-၂၅၀၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁။ | ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးဝင်း၊ စစ်တွေမြို့ | ကာကွယ်ဆေးသိုလှောင်သည့် အအေးခန်း၊ အစည်းအဝေးခန်းမနှင့် ဧည့်ရိပ်သာ(၃)ထပ် အဆောက်အအုံ |

၂။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံ၏ ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များ၊ မှီငြမ်းပြုပုံစံများနှင့်ပတ်သက်၍လည်းကောင်း သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲ(နေပြည်တော်)ဖုန်း-၀၆၇-၄၃၁၁၄၃၊ ၀၆၇-၄၃၁၃၆၂သို့လည်းကောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲ (နေပြည်တော်) ဖုန်း-၀၆၇- ၄၃၁၄၃၆သို့လည်းကောင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့)မှ ၆-၁၁-၂၀၁၅ရက်(သောကြာနေ့)ထိ

**အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက်** - ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့)မှ ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)ထိ ရုံးချိန်အတွင်း နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီထိ

**တင်ဒါပုံစံတန်ဖိုး** - တင်ဒါပုံစံဈေးနှုန်းသည်လုပ်ငန်း တန်ဖိုးအလိုက် သတ်မှတ်ထားသော ဈေးနှုန်းအတိုင်းဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇) နေပြည်တော်။

**အိတ်ဖွင့်တင်ဒါလက်ခံမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
**နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ပင်မဆောင်+တိုးချဲ့ဝင်း)တွင် နေ့/ည လုံခြုံရေးလုပ်ငန်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးတွင် ၁၉-၁၀-၂၀၁၅ ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၁၀-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၈/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ-Octane Analyzer (1 Unit), Low Sulphur Detector1 Set, Tyre (2 Items) & Battery (3 Items)

(ခ) ဓာတုဗေဒပစ္စည်းများ-Caustic Soda 300 MT, Aluminium Trichloride (PAC) 100 MT, Standard Gas (7 cyls)

(ဂ) ကုန်ကြမ်းပစ္စည်းများ-WPP-Bags (400000 Bags),

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ-Spare parts of CO2 Compressor (1 Lot), Spare parts for Syn.gas Compressor (1 Lot), Raw Materials (9 Items), Spare Parts for NG Compressor K-1201 (10 Items), Liquid Ammonia Pump (P-8101) with Motor Complete Set (1 Set), Instrument Air Compressor (K 6001) with Motor (Complete Set)and Process Air Condensate Pump (P 1301) (Without Motor) (2 Items), River Water Pump (Horizontal Centrifugal) without Motor (1 Set), Upgrading Of Existing Demineralization Unit (1 Lot), Naphtha Circulation Pump (PU-602) with Motor (1 No), Metallic Carbon Brush for C3 Ref Compressor Motor (60 PCS)

(ခ) ဓာတုဗေဒပစ္စည်းများ-Resin (2 Items)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၁၁-၂၀၁၅ ရက် (၁၂း၀၀) နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်
## (MAPCO)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) လက်အောက်ရှိ စက်ရုံများမှ အသုံးမလိုတော့သည့် အောက်ဖော်ပြပါပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသောကြောင့် ဝယ်ယူလိုသော လုပ်ငန်းရှင်/ကုမ္ပဏီများမှ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | လျှော်ပင်ခြောက် | (၃၇၇၇၂၇၂) ပိဿာ |
| ၂။ | Rosin (ထင်းရှူးဆီ) | (၀.၄၃) တန် |
| ၃။ | Whitening Agent | (၄.၈၆) တန် |
| ၄။ | Talc Powder | (၆၄.၇၁) တန် |
| ၅။ | Titanium Dioxide ($TiO_2$) | (၅.၁၅၉၅) တန် |
| ၆။ | Alum (ကျောက်ချဉ်) | (၁.၄၄၇) တန် |
| ၇။ | Sodium Thiosulphate | (၂.၄၅၈၃) တန် |
| ၈။ | Sodium Carbonate ($Na_2CO_3$) | (၄.၁၄) တန် |

၂။ **တင်ဒါပေးသွင်းရမည့်ရက်** - ၂၀၁၅ခုနှစ် အောက်တိုဘာ ၃၀ရက်

၃။ **တင်ဒါပေးသွင်းရမည့်နေရာ** - မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၊အမှတ်(၁၀၀)၊ ဝါးတန်းလမ်းနှင့် ကမ်းနားလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဝါးတန်းဆိပ်ကမ်း၊ ဆိပ်ကမ်းနယ်မြေ၊ ရန်ကုန်၊
ဖုန်း- (၀၉-၁)၂၃၀၁၆၅၂-၅၃၊ ၂၃၀၁၈၂၆
Fax: (၉၅-၁)၂၃၀၁၈၂၄

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## နေပြည်တော်ကောင်စီနယ်မြေ

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် လာရောက်ကုသသော လူနာများ၊ ကွင်းဆင်းကုသမှုများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်ကောင်စီပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**နေပြည်တော်ကောင်စီရုံးဝင်း**
**ဇီဇဝါပန်းအဝိုင်းအနီး၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊**
**နေပြည်တော်ကောင်စီနယ်မြေ**
**ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၂၉၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် လမ်းခင်းပစ္စည်းများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

**တင်ဒါအမှတ်(၃)** ၂၀၁၅-၂၀၁၆

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** ၂၁-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** ၄-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၁း၀၀ နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဗန်းမော်မြို့ ဖုန်း-၀၇၄-၅၀၀၁၉ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ မီးလင်းရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း (အောင်သုခမီးပွိုင့်မှ ဘုရားကုန်း-သုံးခွလမ်းဆုံအထိ)လမ်းမီးရရှိရေးအတွက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်လိုသူ စိတ်ဝင်စားသူ လုပ်ငန်းရှင်အသီးသီးတို့ထံမှ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကွန်ကရစ်မီးတိုင်များ စိုက်ထူခြင်း (၃၈)တိုင် ဖြည့်စွက်စိုက်ထူရန်။
(ခ) မီးကြိုးများသွယ်တန်းပေးခြင်း
(ဂ) မီးခလုတ်ပုံး (Switch Box) များတပ်ဆင်ခြင်းနှင့် ဆိုဒီယမ်မီးသီးများ တပ်ဆင်ပေးခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရုံးချိန်အတွင်း သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ မီးလင်းရေးကော်မတီရုံးတွင် ရယူ၍ ၂၆-၁၀-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ မီးလင်းရေးကော်မတီရုံး၊ အမှတ်(၁၁၅)၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အောင်မင်္ဂလာရပ်ကွက် ဖုန်း-၀၅၆-၂၁၅၀၁၊ ၀၅၆-၂၂၆၆၆၊ ၀၉-၄၂၁၇၄၃၆၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သန်လျင်မြို့နယ်ကျိုက်ခေါက်ဘုရားလမ်း**
**မီးလင်းရေးကော်မတီ**

## ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဒေါ်ကြည်ကြည်+၂ (K/RGN-၀၀၉၃၉၄) မှ ဦးအောင်မြင့်လွင် (ဘ) ဦးဉာဏ်စိန် ၁၂/အလန(နိုင်)၀၁၆၀၅၈ အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅-၆-၂၀၁၃ ရက်တွင် လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာအမှတ် (၉၀၁၈/၂၀၁၃)ကို ၁၈-၁၀-၂၀၁၅ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း။

**ဒေါ်ကြည်ကြည်+၂**
**K/RGN-၀၀၉၃၉၄**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၉)၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အကွက်အမှတ်(၁၆)၊ ပဲခူးစုတောင်ကွက်၊ ဦးပိုင်အမှတ်(၁၇၁)၊ ဧရိယာ ၀ဒသမ ၀၅၅ရှိ ကိုကျော်မြင့်-မညွန့်ကြည် အမည်ပေါက် DORP NO. ၈၈ V/၆၅-၆၆၊ ၂၀-၁၁-၁၉၆၅/၁၉-၁၁-၁၉၇၅ အရ ဂရန်ရပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညွန့်ကြည် ၁၂/သလန(နိုင်)၀၀၆၀၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးထွဋ် (စဉ်-၂၉၉၄၃)**
**(LL.B, Diploma in Business Law)**
**အထက်တန်းရှေ့နေ**
**Pioneer Law Firm**
**အမှတ်(၁၅၁) ဒုတိယထပ်၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၄၆၂၁၆၊ ၀၉-၇၉၆၂၈၂၀၄၄**

# ကျေးဇူးတင်ရှိခြင်း

၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားခဲ့သော [ဦးမြင့်ဆွေ(မြန်မာ့သစ်ထုတ်လုပ်ရေးမန်နေဂျာ၊ ငြိမ်း)၊ Royal Bagan Foundation နာယက၊ ညောင်ဦးခရိုင်နဂါးကျစ်ဘိုးဘွားရိပ်သာဥက္ကဋ္ဌ]အား နာမကျန်းဖြစ်စဉ်ကတည်းက မေတ္တာပို့သပေးပါသော ဆရာတော် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)နှင့် ကိုယ်တော်တိုင် ကြွရောက်တရားရေအေးတိုက်ကျွေးပေးပါသောရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကအားလည်းကောင်း၊ ဆရာတော်နှင့်အဆက်အသွယ်ပြုလုပ်ပေးပြီး လိုအပ်သမျှကူညီဆောင်ရွက်ပေးပါသော ဒေါ်ခင်မြဇင်အားလည်းကောင်း၊ ကိုယ်ဖိရင်ဖိကူညီစောင့်ရှောက်ပေးခဲ့ကြသော Bangkok Bumrungrad International Hospital မှ ကျောက်ကပ်အထူးကုဆရာဝန်ကြီး Mr.Sira နှင့် အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့်ဆေးရုံဝန် ထမ်းများအားလုံးအားလည်းကောင်း၊ ဦးလေးသဖွယ်လိုလေသေးမရှိစောင့်ရှောက်ပေးပါသော Mr. Pote Lee နှင့်ဇနီး၊ သုံးနှစ်ဆက်တိုက် မိဘကဲ့သို့လိုက်လံစောင့်ရှောက်ကုသပေးပါသော ဒေါက်တာအောင်မော်နှင့်ဇနီးတို့အား လည်းကောင်း၊ မိသားစုသဖွယ်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဦးစိုးဝင်းထက်အားလည်းကောင်း၊ ဘန်ကောက်တွင် ရှိနေစဉ်အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြပါသောဦးတင်ထွန်းနှင့်ဇနီး၊ Mr.Jeed, Mr. Choke၊ ဦးသန့် (ခေတ္တ-ဘန်ကောက်)၊ မမူမူစိုးနှင့် အဖွဲ့အားလည်းကောင်း၊ရန်ကုန်မှညောင်ဦးသို့ သယ်ယူပို့ဆောင်ရာတွင် အစ်ကိုကြီးတစ်ယောက်ကဲ့သို့ စီစဉ်ပေးပါသော ဥက္ကဋ္ဌဦးတေဇအားလည်းကောင်း၊ ဘန်ကောက်-ရန်ကုန်-ညောင်ဦးခရီးစဉ်အား အဆင်ပြေချောမွေ့စေရန် စီစဉ်ပေးပါသော ဦးမင်းသိန်းနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးအားလည်းကောင်း၊ အစစအဆင်ပြေချောမွေ့စေရန် ကူညီပေးကြပါသော Air Bagan မှ ဦးထူးသက်ထွေးနှင့် AsiaWing Air Line မိသားစု၊ ရန်ကုန်/ညောင်ဦးလေဆိပ်ဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြပါသော ညောင်ဦးမြို့ ပရဟိတအဖွဲ့များ၊ Bagan Myanmar Group,Apex Petroleum,Gold Power Petroleum၊ စိန်လင်းယုန်မိသားစုများနှင့် မြန်မာ့သစ်လုပ်ငန်းမှမိတ်ဆွေသူငယ်ချင်းများ၊ ဝန်ထမ်းများအားလည်းကောင်း၊ သုသာန်နေရာအား စေတနာဖြင့် ရောင်းချပေးပါသော ဦးဟန်တင်နှင့် ဆောင်ရွက်ပေးပါသောဦးဝင်းမော်၊ ဦးသန်းထွန်း၊ဦးပိုင်စိုးထွန်းအား လည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်ပါသော်လည်း ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြပါသော ပြည်တွင်း/ပြည်ပမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

